# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၈၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်၊ သောကြာနေ့။ Friday, 16 September 2022 ၁၀၈၆၀


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


ယနေ့ ဖတ်စရာ

**အနာဂတ်၌ ပိုမိုအရေးပါလာမည့် စားနပ်ရိက္ခာလုံခြုံရေး (Food Security)** ဆောင်းပါး စာမျက်နှာ ၆

**နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ကရင်အမျိုးသားအစည်းအရုံး/ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်-ငြိမ်းချမ်းရေးကောင်စီ (KNU/ KNLA-PC)၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA) ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေး** စာမျက်နှာ ၃

**လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အချိုးကျကိုယ်စားပြုစနစ် (PR) သို့ ပြောင်းလဲကျင့်သုံးမည်ဖြစ်ရာ မဲဆန္ဒရှင်ပြည်သူများ လွယ်ကူစွာ မဲပေးနိုင်ရန် ကျယ်ကျယ်ပြန့်ပြန့် အသိပေးဟောပြောဆောင်ရွက်သွားမည်** စာမျက်နှာ ၄




## ရန်ကုန်-ဂါယာ-ရန်ကုန် ခရီးစဉ်ကို စင်းလုံးငှားလေယာဉ်ဖြင့် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ပျံသန်းပြေးဆွဲပေးသွားမည်

**ရန်ကုန် စက်တင်ဘာ ၁၅**

ပွင့်လင်းရာသီ ရောက်ရှိတော့မည်ဖြစ်သောကြောင့် ဗုဒ္ဓဂါယာဘုရားဖူးခရီးစဉ် သွားရောက်မည့်သူများ အဆင်ပြေစေရန်အတွက် ရန်ကုန်-ဂါယာ-ရန်ကုန် ခရီးစဉ်ကို နိုဝင်ဘာလမှ လာမည့်နှစ် ဧပြီလအထိ မြန်မာအမျိုးသားလေကြောင်းစင်းလုံးငှားလေယာဉ်ဖြင့် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ပျံသန်းပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း စက်တင်ဘာ ၁၄ ရက် မွန်းလွဲပိုင်းက ကန်တော်ကြီးပတ်လမ်း The Round House တွင် Gracious Vacation ကုမ္ပဏီလီမိတက်နှင့် မိတ်ဖက်ကုမ္ပဏီဖြစ်သော အိန္ဒိယနိုင်ငံရှိ Wow India Travel တို့ ကျင်းပသည့် ခရီးစဉ်မိတ်ဆက်ပွဲမှ သိရသည်။

**နိုဝင်ဘာလမှစပြီး ဘုရားဖူးခရီးစဉ်စတင်**

"ကိုဗစ်ကာလမှာတော့ ဂါယာခရီးစဉ် ရပ်ဆိုင်းသွားပြီး လေကြောင်းခရီးစဉ် ပျံသန်းမှုမရှိတော့ဘူး ဆိုပေမယ့် ၂၀၂၂ ခုနှစ် နိုဝင်ဘာလမှစပြီး ဘုရားဖူးခရီးစဉ် စတင်မှာပါ။ ခရီးသွားရာသီက ပုံမှန်အားဖြင့်တော့ ခြောက်လ၊ ခုနစ်လလောက်ကြာတယ်ဆိုပေမယ့် ဒီနှစ်မှာ လူနည်းနည်း နည်းနိုင်တာကြောင့် နိုဝင်ဘာလမှ ခရီးစဉ်စတင်တာလည်း ဖြစ်ပါတယ်။ ပုံမှန်အားဖြင့်ဆိုရင်တော့ ရန်ကုန်-ဂါယာ-ရန်ကုန်ခရီးစဉ်အတွက် ခရီးစဉ်လက်မှတ်ကို ကျွန်တော်တို့အနေနဲ့ သီးသန့်ရောင်းချပေးသလို ခရီးသွားကုမ္ပဏီတွေကလည်း ကျွန်တော်တို့ဆီကနေ တစ်ဆင့် ပြန်ဝယ်ယူကြတာလည်း ရှိပါတယ်။ ဂါယာခရီးစဉ်က

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖**




# ထပ်ဆောင်းကာကွယ်ဆေး မပျက်မကွက်ထိုးနှံ

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ရောဂါ ကူးစက်မှုနှုန်းများလာပြီဖြစ်သည်။ စက်တင်ဘာလ ၁၃ ရက်နေ့ည တစ်ရက်တာစစ်ဆေးတွေ့ရှိမှုအရ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၉၉ ဦးတွေ့ရှိခဲ့ပြီး စက်တင်ဘာလ ၁၄ ရက်နေ့ည တစ်ရက်တာစစ်ဆေးတွေ့ရှိချက်အရ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၈၄ ဦး တွေ့ရှိခဲ့သည်။ ပထမနေ့တွင် ရောဂါပိုးတွေ့ရှိမှုနှုန်း ၂ ဒသမ ၆၇ ရာခိုင်နှုန်းရှိပြီး ဒုတိယနေ့တွင် ရောဂါပိုးတွေ့ရှိမှုနှုန်း ၃ ဒသမ ၁၇ ရာခိုင်နှုန်း ရှိလာသဖြင့် ပိုးတွေ့ရာခိုင်နှုန်းများ တစ်နေ့ထက်တစ်နေ့ မြင့်မားလာသည်။

ကိုဗစ်-၁၉ ရောဂါ အိုမီခရွန်ရောဂါမျိုးကွဲသစ်သည် ကူးစက်မှုနှုန်းလျင်မြန်ပြီး မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများတွင် ကူးစက်ဖြစ်ပွားနေသည်။ ယခုရောဂါမျိုးကွဲသစ်မှာ အသက်ရှူလမ်းကြောင်းနှင့် အဆုတ်ကိုဖျက်ဆီးမှုနည်းသဖြင့် အသက်သေဆုံးမှုနည်းသည်ဆိုသော်လည်း ကမ္ဘာပေါ်ရှိ ပြည်သူအများစုမှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို အများအားဖြင့် အကြိမ်ပြည့်ထပ်ဆောင်းထိုးနှံထားသောကြောင့်သာ ခံနိုင်ရည်ရှိမှု၊ အသက်သေဆုံးမှုများ နည်းနေခြင်းဖြစ်သည်။ ထို့ကြောင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ကျန်းမာရေးဆိုင်ရာစည်းမျဉ်းစည်းကမ်းများကိုလိုက်နာပြီး ကာကွယ်ဆေးများကို သတ်မှတ်ချက်အတိုင်း မပျက်မကွက် ထိုးနှံကြရန်လိုအပ်သည်။

ကိုဗစ်-၁၉ ရောဂါ အိုမီခရွန်မျိုးကွဲသစ်သည် ကူးစက်ခံရသူများကို ရောဂါလက္ခဏာထူးထူးခြားခြားမပြသဖြင့်ပြည်သူများကြားသွားလာလုပ်ကိုင်နေကြသူများထဲတွင် ရောဂါပိုးကူးစက်ခံထားရခြင်း ရှိ၊ မရှိမသိနိုင်ကြချေ။ ထိုအခါ ရောဂါပိုးရှိသူနှင့် နီးနီးကပ်ကပ်ဆက်ဆံမိကြပြီး အစုလိုက်ကူးစက်မှုများ နေ့စဉ်ဖြစ်ပေါ်လာရခြင်းဖြစ်သည်။ ပြည်သူများအနေဖြင့် ယခုကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသောအချိန်တွင် ယခင်တတိယလှိုင်းကဲ့သို့ ရောဂါအသည်းအသန်ဖြစ်နေသူများ၊ သေဆုံးသူများကို ထင်ထင်ရှားရှား မမြင်မတွေ့ကြရ၍ ပေါ့ပေါ့ဆဆ သွားလာနေထိုင်လုပ်ကိုင်ကြရာမှ ကူးစက်မှုများ မြင့်မားလာခြင်းဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါမျိုးကွဲ အိုမီခရွန်အပါအဝင် ကိုဗစ်-၁၉ မျိုးဗီဇပြောင်းရောဂါပိုး အန္တရာယ်ကို သတိပြုမိကြကာ မိမိကစ၍ကာကွယ်ကြရန်လိုပါသည်။ ကိုဗစ်-၁၉ ရောဂါကို ကာကွယ်ကြရာတွင် လူစုလူဝေးများကို သတိပြုရန်လိုပါသည်။ တစ်ဦးနှင့်တစ်ဦး နီးနီးကပ်ကပ်မနေထိုင်ဘဲ ခြောက်ပေအကွာတွင် နေထိုင်လျှင် ပို၍ကောင်းပါသည်။ ပါးစပ်နှင့် နှာခေါင်းစည်းကို တပ်ဆင်ကြရန်၊ ချောင်းဆိုးနှာချေလျှင် တံတောင်ဆစ်ကွေးပြီး အုပ်ဆိုင်း၍ ဆိုးရန်၊ လေဝင်လေထွက်ကောင်းစေရန် နေအိမ်ပြတင်းပေါက်များကို ဖွင့်လှစ်ထားရန်၊ ထိတွေ့ကိုင်တွယ် သွားလာပြီးနောက် လက်ကိုဆပ်ပြာဖြင့် စက္ကန့် ၂၀ ကြာ ဆေးကြောပေးရန်၊ အကြောင်းကိစ္စမရှိဘဲ အိမ်ပြင်မထွက်ရန်နှင့် လူစုလူဝေးများကို ရှောင်ရှားကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ မိမိတွင်သော်လည်းကောင်း၊ မိမိနှင့် ပတ်သက်သောသူများတွင်လည်းကောင်း သံသယဖြစ်ဖွယ် လက္ခဏာများတွေ့ရှိရပါက နီးစပ်ရာဆေးရုံ၊ ဆေးခန်းများသို့ သွားရောက်ပြပါ။ အဓိကမှာ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ကာကွယ်ရေးနည်းလမ်းများကို လိုက်နာခြင်းဖြင့် ရောဂါကာကွယ်ရေးအတွက် အကျိုးကျေးဇူးများ များစွာရရှိနိုင်သည်။ အကျိုးကျေးဇူးများမှာ မိမိကိုယ်ကိုကာကွယ်နိုင်ခြင်း၊ အခြားသူများကိုကာကွယ်နိုင်ခြင်း၊ အိုမီခရွန်အပါအဝင် မျိုးဗီဇပြောင်းရောဂါပိုးသစ်များ ကူးစက်မှုမှ ကာကွယ်နိုင်ခြင်း၊ ရောဂါကူးစက်မှုကွင်းဆက်ကို ဖြတ်တောက်နိုင်ခြင်း၊ ကျန်းမာရေးဝန်ထမ်းများ၏ လုပ်ငန်းတာဝန်ပိမှု လျှော့ချနိုင်ခြင်းတို့ကို ရရှိနိုင်ပါသည်။

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွား၊ သေဆုံးမှုများကို လေ့လာကြည့်မည်ဆိုလျှင် ကာကွယ်ဆေးထိုးနှံထားသူများတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုကိုလျှော့ချနိုင်ကြောင်း တွေ့ရှိထားသည်။ ယခုအခါ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ လူမျိုးမရွေး၊ ဘာသာမရွေး၊ အဆင့်အတန်းမရွေးဘဲ လူ့အသိုက်အဝန်းအားလုံးကို ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ အချို့ခက်ခဲသောဒေသများမှလွဲ၍ ကာကွယ်ဆေးထိုးနှံမှု ရာခိုင်နှုန်းအတော်များများ ဆောင်ရွက်နိုင်ခဲ့သည်။ အဓိကမှာ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းသည် ပိုမိုစိတ်ချရသည့်အနေအထားဖြစ်၍ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံခြင်းကို အလေးထားကာ ဆောင်ရွက်ကြပါရန် အသိပေးအပ်ပါသည်။

သို့ဖြစ်ရာ မိဘပြည်သူများအနေဖြင့် ယနေ့ကာလတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှုန်းများ မြင့်မားနေသည်ကို သတိပြုပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာစည်းမျဉ်းစည်းကမ်းများကို အလေးထားလိုက်နာ ဆောင်ရွက်ကြကာ လက်ကိုဆေးကြောခြင်း၊ ပါးစပ်၊ နှာခေါင်းအကာအကွယ်ကို တပ်ဆင်သွားလာခြင်းနှင့် နီးစပ်ရာကျန်းမာရေးဌာနနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများသို့ ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်း၊ ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းများကို မပျက်မကွက်ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါကြောင်း။ ။




## လွိုင်လင်ခရိုင်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆန်၊ ဆီ၊ ဆား၊ ကုလားပဲများ လှူဒါန်း

လွိုင်လင် စက်တင်ဘာ ၁၅

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့သွားရောက်၍ ဆန်၊ ဆီ၊ ဆား၊ ကုလားပဲများ လှူဒါန်းလျက်ရှိသည်။



ထိုသို့ လှူဒါန်းလျက်ရှိရာ ယမန်နေ့က လွိုင်လင်မြို့နယ် ပင်လုံမြို့ အောင်မင်္ဂလာဝမ်အဲန် ဘုန်းတော်ကြီးကျောင်းနှင့် စွန်းလွန်းဝိပဿနာကမ္မဋ္ဌာန်းကျောင်းတို့သို့ တာဝန်ရှိသူများက သွားရောက်၍ ရဟန်း၊ သာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ကုလားပဲ လှူဒါန်းခဲ့ကြောင်းနှင့် လွိုင်လင်ခရိုင်အတွင်းရှိ အခြား ဘုန်းတော်ကြီးကျောင်းများနှင့် ဘာသာရေး ကျောင်းများသို့လည်း ဆက်လက်ထောက်ပံ့ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၅-၉-၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၉၀၀ | ၈,၉၀၀ | ၁,၂၈၁ | ၁၁,၄၀၂,၉၀၀ |
| MTSH | ၃,၁၅၀ | ၃,၁၅၀ | ၆,၃၈၁ | ၂၀,၆၄၉,၉၅၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၅ | ၃၉,၀၀၀ |
| FPB | ၂၀,၅၀၀ | ၂၀,၅၀၀ | ၀ | ၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၀ | ၀ |
| EFR | ၂,၇၅၀ | ၂,၇၀၀ | ၆ | ၁၆,၂၅၀ |
| AMATA | ၅,၅၀၀ | ၅,၅၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် စက်တင်ဘာ ၁၅

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၀၉၉.၀ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၃၀၀.၈၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၇.၁၂၀ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၆၃.၀၇ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၆.၃၅၂ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၁၅.၉ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၄၉၃.၃ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၄၆၅.၇ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၅၀.၄၂ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

# နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ကရင်အမျိုးသားအစည်းအရုံး/ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် - ငြိမ်းချမ်းရေးကောင်စီ(KNU/KNLA-PC)၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော်(DKBA) ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေး



**နေပြည်တော် စက်တင်ဘာ ၁၅**

နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ကရင်အမျိုးသားအစည်းအရုံး/ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် – ငြိမ်းချမ်းရေးကောင်စီ(KNU/KNLA–PC)၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော်(DKBA)ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်နှင့် ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA)စစ်ဦးစီးချုပ်အဆင့်ရှိ စောစတီး၊ စစ်ရေးချုပ်အဆင့်ရှိ စောစိန်ဝင်း၊ KNU/KNLA ငြိမ်းချမ်းရေးကောင်စီမှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူး၊ အထွေထွေအတွင်းရေးမှူးချုပ် စောကျော်ညွန့်တို့ တက်ရောက်ကြသည်။

**နှုတ်ခွန်းဆက်အမှာစကားပြောကြား**

တွေ့ဆုံဆွေးနွေးပွဲတွင် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် တက်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကိုယ်စား ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA)စစ်ဦးစီးချုပ်အဆင့်ရှိ စောစတီးတို့က နှုတ်ခွန်းဆက်အမှာစကား ပြောကြားကြသည်။ ထို့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ ဇယား ၁ ပြည်ထောင်စုဥပဒေပြုစာရင်းနှင့် ဇယား ၂ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတို့နှင့် ပတ်သက်၍ ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးဝင်းဗိုလ်ရှိန်က ကဏ္ဍအလိုက် ရှင်းလင်းတင်ပြပြီး၂၀၂၀ ပြည့်နှစ်အလွန် အဆင့်လိုက်လုပ်ငန်းစဉ်များနှင့် အဆင့်လိုက်အကောင်အထည်ဖော်မှုများ(ဇယား ၂)ကိုညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်က ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသူများက မိမိတို့၏ သဘောထားများ၊ လိုလားချက်များကို အပြန်အလှန်ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး တွေ့ဆုံဆွေးနွေးပွဲပထမနေ့ကို ရပ်နားခဲ့သည်။ ဒုတိယနေ့ဆွေးနွေးပွဲကို စက်တင်ဘာ ၁၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အကြိမ်(၄၀)မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများအစည်းအဝေးတွင် အာဆီယံစွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စများ ဆွေးနွေး







**နေပြည်တော် စက်တင်ဘာ ၁၅**

အကြိမ်(၄၀)မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ (40th ASEAN Ministers on Energy Meeting (AMEM) and Associated Meetings)ကို စက်တင်ဘာ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ကမ္ဘောဒီးယားနိုင်ငံမှ အလှည့်ကျဥက္ကဋ္ဌအဖြစ် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကြီးမှူးကျင်းပလျက်ရှိရာ အဆိုပါအစည်းအဝေးများသို့ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးမြင့်ဦး တက်ရောက်သည်။

အာဆီယံစွမ်းအင်ဝန်ကြီးများအစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများမှ စွမ်းအင်ဆိုင်ရာဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ အာဆီယံစွမ်းအင်ဗဟိုဌာနနှင့် နိုင်ငံတကာစွမ်းအင်ဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး အာဆီယံစွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် ၂၀၂၁–၂၀၂၅ [ASEAN Plan of Actions for Energy Cooperation – APAEC Phase II (2021–2025)]၏ ပူးပေါင်းဆောင်ရွက်ရေး ဧရိယာများဖြစ်သော အာဆီယံဒေသတွင်း စွမ်းအင်ဖူလုံမှုရှိရေး၊ သဘာဝဓာတ်ငွေ့ပိုက်လိုင်းကွန်ရက် တိုးချဲ့တည်ဆောက်ရေး၊ လျှပ်စစ်ဓာတ်အားကွန်ရက်စနစ် အဆင့်မြှင့်တင်ရေး၊ ကျောက်မီးသွေးနှင့် သန့်စင်သော ကျောက်မီးသွေးသုံးနည်းပညာများ အဆင့်မြှင့်တင်ရေး၊ စွမ်းအင်အကျိုးရှိထိရောက်စွာအသုံးချရေးနှင့် စွမ်းအင်ခြိုးခြံချွေတာရေး၊ ပြန်ပြည့်မြဲစွမ်းအင်အရင်းအမြစ်များ ပိုမိုတိုးမြှင့်သုံးစွဲရေး၊ စွမ်းအင်မူဝါဒနှင့် စီမံရေးကဏ္ဍပိုမိုကောင်းမွန်ရေး၊ မြို့ပြနျူကလီးယားစွမ်းအင်ဆိုင်ရာနည်းပညာနှင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား၊ အာဆီယံနှင့် ဆွေးနွေးဖက် နိုင်ငံ/အဖွဲ့အစည်းများအကြား ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်အစီအမံများနှင့် လုပ်ငန်းစဉ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းကြပြီး အကြိမ်(၄၀)မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများ အစည်းအဝေး၏ ပူးတွဲကြေညာစာတမ်း "The Joint Ministerial Statement (JMS) of $40^{th}$ AMEM" ကို ထုတ်ပြန်သည်။

အကြိမ်(၄၀)မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများ အစည်းအဝေး၏ ဆက်စပ်အစည်းအဝေးများအဖြစ် အာဆီယံနှင့်အမေရိကန်စွမ်းအင်ဆိုင်ရာဝန်ကြီးများ အစည်းအဝေး၊ အာဆီယံနှင့် အပြည်ပြည်ဆိုင်ရာ ပြန်ပြည့်မြဲစွမ်းအင်အေဂျင်စီအစည်းအဝေး၊ အာဆီယံနှင့် အပြည်ပြည်ဆိုင်ရာ စွမ်းအင်အေဂျင်စီ အစည်းအဝေးတို့ကို တစ်ဆက်တည်းကျင်းပပြီး စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးအစီအစမံများ၊ မူဝါဒနှင့် လုပ်ငန်းစဉ်များကို ဆွေးနွေးညှိနှိုင်းကြကာ $7^{th}$ ASEAN ENERGY OUTLOOK နှင့် $2^{nd}$ ASEAN RENEWABLE ENERGY (RE) OUTLOOK မူကြမ်းများကို အတည်ပြုကြသည်။ အရှေ့အာရှနိုင်ငံများ၏ စွမ်းအင်ဝန်ကြီးများအစည်းအဝေးနှင့် အာဆီယံနှင့် ဆွေးနွေးဖက်သုံးနိုင်ငံ (ဂျပန်၊ ကိုရီးယား၊ တရုတ်) အစည်းအဝေးတို့ကို စက်တင်ဘာ ၁၆ ရက်တွင် ဆက်လက်ကျင်းပ၍ စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ညှိနှိုင်းဆွေးနွေးကြမည်ဖြစ်သည်။

အာဆီယံစွမ်းအင်ဝန်ကြီးများ အစည်းအဝေးနှင့်အတူ အာဆီယံစွမ်းအင်လုပ်ငန်းပြပွဲ (ASEAN Energy Business Forum – AEBF)နှင့် အာဆီယံစွမ်းအင်ဆိုင်ရာ ဆုချီးမြှင့်ပွဲတို့ကို တစ်ပေါင်းတည်း ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမျိုးမြင့်ဦးက စွမ်းအင်ကဏ္ဍအလိုက် ဆုတံဆိပ်ရရှိသည့် ကုမ္ပဏီများစာရင်းကို ဖွင့်ဖောက်ကြေညာပေးပြီး ဆုရရှိသည့် ကုမ္ပဏီများအတွက် ဂုဏ်ပြုဝမ်းမြောက်စကား ပြောကြားသည်။

အဆိုပါအစည်းအဝေးများသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်နှင့် တာဝန်ရှိများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ပေးနေမှု ကွင်းဆင်းကြည့်ရှု

**ကျိုက်လတ် စက်တင်ဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်၌ ပန်းခင်းစီမံချက် အဆင့်(၂)ဖြင့် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် ဖျာပုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့တာဝန်ရှိသူများ၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်နိုင်အေးနှင့် တာဝန်ရှိသူများက အဆိုပါလုပ်ငန်းဆောင်ရွက်နေသည့် ကျိုက်လတ်မြို့ အထက(၃) ကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကျိုက်လတ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းဆွေက ယခုစီမံချက်တွင် ၂၀၂၂ ခုနှစ် ဩဂုတ် ၁ ရက်မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃၁ ရက်ထိ အသက် ၁၀ နှစ်ပြည့်ပြီးသူနှင့် အသက် ၁၈ နှစ် ပြည့်မည့်သူများကို သတ်မှတ်ချက်နှင့်အညီ နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးခြင်းဖြစ်ကြောင်း ပြောသည်။

အဆိုပါ ပန်းခင်းအဆင့်(၂) စီမံချက်ဖြင့် ယနေ့တွင် ကျိုက်လတ်မြို့ အထက(၃)ကျောင်းရှိ ကျောင်းသား ကျောင်းသူပေါင်း ၁၅၇ ဦးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ အခမဲ့ပြုလုပ်ပေးပြီး တစ်ဦးချင်းလက်ဝယ်အရောက် နေ့ချင်းပြီးပေးအပ်ခဲ့ကြောင်း သိရသည်။ **၂၀၇**

# လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အချိုးကျကိုယ်စားပြုစနစ် ( PR ) သို့ ပြောင်းလဲကျင့်သုံးမည်ဖြစ်ရာ မဲဆန္ဒရှင်ပြည်သူများ လွယ်ကူစွာမဲပေးနိုင်ရန် ကျယ်ကျယ်ပြန့်ပြန့် အသိပေးဟောပြောဆောင်ရွက်သွားမည်




**နေပြည်တော် စက်တင်ဘာ ၁၅**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို ကျင်းပပြုလုပ်နိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ လာမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်ပြည်သူများ ဥပဒေနှင့်အညီ လွတ်လပ်စွာ မဲပေးနိုင်ရေးအတွက် နေပြည်တော်အတွင်းရှိ မဲဆန္ဒရှင်စာရင်းများစိစစ်ခြင်း၊ မဲရုံနေရာများ သတ်မှတ်ခွဲဝေခြင်း၊ မဲရုံသုံးပစ္စည်းများ ကြိုတင်ဖြည့်ဆည်းခွဲဝေခြင်းစသည့် ရွေးကောက်ပွဲအကြိုကာလ လုပ်ငန်းစဉ်များ စီစဉ်ဆောင်ရွက်သည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

## ရွေးကောက်ပွဲအကြိုကာလလုပ်ငန်းများ

အစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ ( ၂၀၀၈ ခုနှစ် ) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ကျင်းပပြုလုပ်ပေးရမည်ဖြစ်သည့်အတွက် မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်ပြီး ဥပဒေနှင့်အညီ မဲပေးနိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ အခြေခံမဲဆန္ဒရှင်စာရင်းများ မှန်ကန်ရေးအတွက် မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်း လုပ်ငန်းများကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလမှ စတင်၍ ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ လုပ်ငန်းများဆောင်ရွက်ပြီးစီးပြီဖြစ်သည့်အတွက် ရွေးကောက်ပွဲကျင်းပနိုင်ရေး မဲရုံနေရာများ သတ်မှတ်ခွဲဝေခြင်း၊ မဲရုံသုံးပစ္စည်းများ ကြိုတင်ဖြည့်ဆည်းခြင်း စသည့်ရွေးကောက်ပွဲအကြိုကာလ လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ မြို့နယ်များတွင် ဆောင်ရွက်နိုင်ရေး ကြိုတင်ညှိနှိုင်းသည့် အစည်းအဝေးဖြစ်ကြောင်း။


နိုင်ငံသားများအနေဖြင့် ဥပဒေနှင့်အညီ လွတ်လပ်စွာမဲပေးနိုင်ရန်အတွက် မဲပေးရာတွင် ပြည့်စုံရမည့် နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူကတ်တစ်မျိုးမျိုးနှင့် အိမ်ထောင်စုဇယားပုံစံ ( ၆၆/၆ ) များ ရှိကြရမည်ဖြစ်ကြောင်း၊ ပုံစံ ( ၆၆/၆ ) ရှိမှသာ မိမိနေထိုင်ရာဒေသ မဲစာရင်းတွင် ပါဝင်နိုင်မည်ဖြစ်ပြီး မဲစာရင်းတွင်ပါဝင်မှသာ မဲပေးနိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်စွာ မဲပေးနိုင်ရေးအတွက် တာဝန်ရှိသည့်ဌာနများမှ ဥပဒေနှင့်အညီ ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ လာမည့်ရွေးကောက်ပွဲတွင် အချိုးကျကိုယ်စားပြုစနစ် ( PR ) သို့ ပြောင်းလဲကျင့်သုံးမည်ဖြစ်သည့်အတွက် မဲဆန္ဒရှင်ပြည်သူများ လွယ်ကူစွာမဲပေးနိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် အသိပေးဟောပြောဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မဲရုံများ သတ်မှတ်ခွဲဝေရာတွင်လည်း ဝေးလံဒေသများနှင့် ခရီးသွားလာရန်ခက်ခဲသည့်ဒေသများအတွက် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်းတိုင်ပင်၍ သတ်မှတ်ပေးရန်လိုကြောင်းတို့ကို အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။

## ဖြည့်စွက်မှာကြား

ယင်းနောက် ပြည်ထောင်စုနယ်မြေ ဥတ္တရသီရိခရိုင်၊ ဒက္ခိဏသီရိခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ရွေးကောက်ပွဲအရာရှိများက မဲဆန္ဒရှင်စာရင်းများ စိစစ်ခြင်း၊ မဲရုံအရေအတွက်များ လျာထားသတ်မှတ်ခြင်းနှင့် မဲရုံသုံးပစ္စည်းများ လိုအပ်ချက်တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများကလည်း အကြံပြုဆွေးနွေးကြသည်။ ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက တင်ပြချက်များအပေါ် ဖြည့်စွက်မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း စတုတ္ထအကြိမ်မြောက် တရုတ်-အာဆီယံ ကျန်းမာရေး ပူးပေါင်းဆောင်ရွက်မှု ဖိုရမ်တွင် Virtual စနစ်ဖြင့် မိန့်ခွန်းပြောကြား




**နေပြည်တော် စက်တင်ဘာ ၁၅**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ စတုတ္ထအကြိမ်မြောက် တရုတ်-အာဆီယံ ကျန်းမာရေး ပူးပေါင်းဆောင်ရွက်မှုဖိုရမ် (Towards A Health Silk Road) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် Hybrid method ဖြင့် ကျင်းပသည်။

အခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Guangxi Zhuang ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ Vice Governor၊ National Health Commission of China မှ ဒုတိယဝန်ကြီး၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အထွေထွေအတွင်းရေးမှူးချုပ်၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO Regional Office for the Western Pacific) မှ ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က Key Note Speech မိန့်ခွန်းများ ပြောကြားခဲ့ကြသည်။

## ပိုမိုအားကောင်းစေမည်

အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက Video Key Note Speech ဖြင့် မိန့်ခွန်းပြောကြားရာတွင် ယနေ့ဖိုရမ်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်နိုင်ငံတို့မှ ပြည်သူ့ကျန်းမာရေး၊ ကုသရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ ဘာသာရပ်အလိုက် ပူးပေါင်းဆောင်ရွက်မှုများကို တွေ့ရှိရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ ကျန်းမာရေးအခြေခံအဆောက်အအုံများ ခိုင်မာတောင့်တင်းစေရေး ဒေသတွင်းသာမက ကမ္ဘာ့နိုင်ငံများ ပူးပေါင်းဆောင်ရွက်ခြင်းသည် ပြည်သူ့ကျန်းမာရေးဆိုင်ရာ ခြိမ်းခြောက်မှုများ တုံ့ပြန်နိုင်ရေးလုပ်ငန်းများအတွက် ပိုမိုအားကောင်းစေမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ထိန်းချုပ်ကုသခြင်း လုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အိမ်နီးချင်းနိုင်ငံဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများအပါအဝင် ဆေးပစ္စည်းအကူအညီ အထောက်အပံ့များစွာ ရရှိခဲ့ကြောင်း။

တရုတ်နိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကျန်းမာရေးပိုးလမ်း (Health Silk Road) တည်ထောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပါက ကျန်းမာရေးဆိုင်ရာ ဗဟုသုတ၊ သတင်းအချက်အလက်များ၊ အတွေ့အကြုံများကို အချိန်နှင့်တစ်ပြေးညီမျှဝေခြင်း၊ ပြည်သူ့ကျန်းမာရေးစနစ်ကို ပိုမိုခိုင်မာတောင့်တင်းစေခြင်းနှင့် သိပ္ပံနှင့်နည်းပညာပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း၊ အတွေ့အကြုံမျှဝေခြင်းတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုများစွာရှိသည့်အနက် အရေးကြီးသည့် အခွင့်အလမ်းတစ်ခုမှာ မြန်မာကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးစင်တာ တည်ဆောက်ရေးလုပ်ငန်းဖြစ်ပြီး လက်ရှိအချိန်တွင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများသည် တူညီသော ရည်မှန်းချက်များရှိကြပြီး ကောင်းမွန်သောရလဒ် ကြိုးပမ်းဆောင်ရွက်မှုများကို ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ နောင်လာမည့်ကာလများတွင်လည်း ပိုမို၍ ရည်မှန်းချက်ကောင်းမွန်သော အစီအစဉ်များ ပိုမို၍လေးနက်သော ဆက်ဆံရေးများအား တည်ဆောက်နိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ထို့နောက် စတုတ္ထအကြိမ်မြောက် တရုတ်-အာဆီယံ ကျန်းမာရေး ပူးပေါင်းဆောင်ရွက်မှု ဖိုရမ် ပူးတွဲကြေညာစာတမ်းအား အတည်ပြုထုတ်ပြန်ခဲ့ကြသည်။

အဆိုပါဖိုရမ်ကို စက်တင်ဘာ ၁၄ ရက်မှ ၁၆ ရက်အထိ ကူးစက်ရောဂါများ ကာကွယ်၊ ထိန်းချုပ်ရေး၊ မိခင်နှင့်ကလေးကျန်းမာရေး၊ ဆေးရုံစီမံခန့်ခွဲရေး၊ သွားကျန်းမာရေးအစရှိသည့် ဖိုရမ်ခွဲများအား နေ့အလိုက် ကျင်းပသွားမည်ဖြစ်ပြီး ကျန်းမာရေးဝန်ကြီးဌာနမှ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာနတို့မှ သက်ဆိုင်ရာ ဘာသာရပ်အလိုက် တက်ရောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**ကိုဗစ် – ၁၉ ရောဂါကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့**

# ကျောင်းအဆောက်အအုံနှင့် သင်ထောက်ကူများ အရှည်တည်တံ့ရေးနှင့် အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ရေး ဆောင်ရွက်ကြရန် မှာကြား



**နေပြည်တော် စက်တင်ဘာ ၁၅**

စာသင်ကျောင်းများအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးထားသည့် အဆောက်အအုံ၊ သင်ထောက်ကူများ အရှည်တည်တံ့ရေးနှင့် အကျိုးရှိ ထိရောက်စွာ အသုံးပြုနိုင်ရေး ဆောင်ရွက်ကြရန် ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ယနေ့ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ် (၁၀) အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် မှာကြားခဲ့ပြီး လိုအပ်ချက်များရှိပါက အမြန်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ အထက်တန်းကျောင်းသို့ ရောက်ရှိစဉ် စာသင်ခန်းအတွင်း ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုများကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့ပြင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကိုဗစ် -၁၉ ရောဂါ ပြန်လည်ဖြစ်ပွားနေသဖြင့် ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများ ကျန်းမာရေးအထူးဂရုပြုကြရန်နှင့် ပါးစပ်နှင့်နှာခေါင်းစည်းများ တပ်ဆင်ကာ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနည်းလမ်းများကို လိုက်နာ၍ သင်ကြား၊ သင်ယူကြရန် လိုကြောင်း၊ ကျန်းမာပျော်ရွှင်စွာ ပညာသင်နိုင်ရေးအတွက် ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာရေး၊ ကျောင်းဥပမိရုပ် ကောင်းမွန်ရေးကို ဂရုတစိုက်ဆောင်ရွက်ကြရန်၊ ကျောင်းလုံခြုံရေးအတွက် ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။ **သတင်းစဉ်**

# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာ (၅)နှစ် စီမံကိန်း (၂၀၂၂ - ၂၀၂၇) မိတ်ဆက်ဖြန့်ချိ

**နေပြည်တော် စက်တင်ဘာ ၁၅**

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှု စီမံချက် (Myanmar Sustainable Development Plan – MSDP)၊ အာဆီယံ မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၅) (ASEAN Enabling Masterplan: 2025) တို့နှင့်အညီ ရေးဆွဲထားပြီး မြန်မာနိုင်ငံတွင် ပထမဆုံးအနေဖြင့် အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ခြင်းဖြစ်သဖြင့် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းကိုယနေ့ နံနက်ပိုင်းက လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည့် မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာ (၅)နှစ်စီမံကိန်း (၂၀၂၂ – ၂၀၂၇) အား မိတ်ဆက်ဖြန့်ချိခြင်း အခမ်းအနား၌ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထုအတွက် အမှန်တကယ်အကျိုးရှိစေပြီး နိုင်ငံတော်အစိုးရအတွက် ပုံရိပ်ကောင်းများ ထင်ဟပ်စေမည့် ကာလတိုရည်မှန်းချက် (Quick Win) များချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာမှာ မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာ (၅)နှစ်စီမံကိန်း (၂၀၂၂ – ၂၀၂၇) အတည်ပြုပြဋ္ဌာန်းခြင်းနှင့် လုပ်ငန်းစီမံချက်များ ရေးဆွဲဆောင်ရွက်ခြင်းသည် လုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် ပါဝင်ပါကြောင်း၊ မသန်စွမ်းသူများအနေဖြင့် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် အလုပ်အကိုင် စသည့် အခွင့်အလမ်းများမှာ လက်လှမ်းမီရရှိနိုင်မှု နည်းပါးလျက်ရှိပြီး ဖွံ့ဖြိုးတိုးတက်မှုတွင် နောက်ကျကျန်လျက်ရှိနေသဖြင့် မဟာဗျူဟာ (၅) နှစ်စီမံကိန်းကို ရေးဆွဲရခြင်းဖြစ်ကြောင်း။

မသန်စွမ်းသူများ၏ ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုအသိုက်အဝန်းအတွင်း အများနည်းတူ ပါဝင်ဆောင်ရွက်ခွင့်ရရှိရေးနှင့် လူ့ဂုဏ်သိက္ခာရှိစွာနှင့် အမှီအခိုကင်းစွာ ရပ်တည်နေထိုင်နိုင်ရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာ(၅)နှစ်စီမံကိန်းသည် လုပ်ငန်းလမ်းညွှန်အဖြစ် တည်ရှိနေပြီး သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဆပ်ကော်မတီများအလိုက် လုပ်ငန်းစီမံချက်များ ဆက်လက်ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ၏ အောက်တွင် သက်ဆိုင်ရာကဏ္ဍအလိုက် ဆပ်ကော်မတီကိုးခုကို ဖွဲ့စည်းထားရှိပြီး အဆိုပါ ဆပ်ကော်မတီများအနေဖြင့် ဆပ်ကော်မတီအစည်းအဝေးများ အမြန်ဆုံးခေါ်ယူကျင်းပသွားရန်နှင့် လုပ်ငန်းစီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင်ကူညီ ဆောင်ရွက်ပေးကြရန် ပြောကြားသည်။



ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာလုပ်ငန်းကော်မတီဝင်များကို မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာ (၅)နှစ် စီမံကိန်း (၂၀၂၂-၂၀၂၇) စာအုပ်များ ပေးအပ်ပြီး မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ် ယာယီဗဟိုအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဒေါ်ချောစုလှိုင်က ကျေးဇူးတင်စကားပြောကြားသည်။

အခမ်းအနားအစီအစဉ် ဒုတိယပိုင်းအနေဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာ (၅) နှစ်စီမံကိန်း ရေးဆွဲနိုင်ရေး နည်းပညာပံ့ပိုးသူများအဖွဲ့ (Technical Core Group) အစည်းအဝေးကို ပြန်လည်ထူထောင်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ကျင်းပခဲ့ရာ နည်းပညာပံ့ပိုးသူများအဖွဲ့ (TCG) အဖွဲ့ဝင်များ တက်ရောက်ကြပြီး မဟာဗျူဟာ (၅)နှစ် စီမံကိန်းပါလုပ်ငန်းစဉ်များနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၂ ခုနှစ် အာဆီယံ မီဒီယာ မိတ်ဖက်များဖိုရမ်သို့ မြန်မာကိုယ်စားလှယ် အွန်လိုင်းဖြင့် ပါဝင်တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၁၅**

၂၀၂၂ ခုနှစ် အာဆီယံ မီဒီယာမိတ်ဖက်များဖိုရမ် (2022 ASEAN Media Partners Forum) ကို ယနေ့ နံနက်ပိုင်းက တရုတ်နိုင်ငံ နန်နင်းမြို့ Wuxiang Resort တွင် ကျင်းပသည်။

အဆိုပါ ဖိုရမ်ကို "အသိအမြင်တိုးပွားရေး၊ ပူးပေါင်းဆောင်ရွက်ရေး၊ စည်းလုံးညီညွတ်ရေး" (Intelligence, Collaboration, Cohesion) ဆောင်ပုဒ်ဖြင့် တရုတ်နှင့် အာဆီယံနိုင်ငံများရှိ မီဒီယာများ တစ်စိတ်တစ်ဝမ်းတည်းဖြစ်မှုကို နက်ရှိုင်းစေရန်၊ အဖွဲ့ဝင်နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်၊ ပံ့ပိုးကူညီမှုများကို တိုးမြှင့်ရန်နှင့် ပိုမိုနီးကပ်သော တရုတ်- အာဆီယံ အသိုက်အဝန်းကို တည်ဆောက်နိုင်ရန် ရည်ရွယ်ချက်များဖြင့် တရုတ်နိုင်ငံ CPC သတင်းပြန်ကြားရေးကော်မတီနှင့် CMG Guangxi ဌာနချုပ်တို့ ပူးပေါင်းစီစဉ်ပြီး တရုတ်နိုင်ငံ ကွမ်ရှီကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြည်သူ့အစိုးရနှင့် တရုတ်မီဒီယာအဖွဲ့ CMG က အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်း ဖြစ်သည်။

ယင်းဖိုရမ်သို့ တရုတ်နိုင်ငံမှ တာဝန်ရှိသူများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ မီဒီယာဆိုင်ရာအကြီးအကဲများ၊ အာဆီယံ - တရုတ်စင်တာ အထွေထွေ အတွင်းရေးမှူးချုပ်၊ အာဆီယံအတွင်းရေးမှူးချုပ် (လျာထား)၊ အာရှ-ပစိဖိတ် ရုပ်သံထုတ်လွှင့်ရေးအဖွဲ့ (ABU)၊ အထွေထွေအတွင်းရေးမှူးချုပ်တို့အပြင် မီဒီယာအဖွဲ့အစည်းများမှ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံ အာဆီယံပြန်ကြားရေးဆပ်ကော်မတီ (SCI– Myanmar) ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင် သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က အွန်လိုင်းဖြင့် ပါဝင်တက်ရောက်သည်။

ဖိုရမ်တွင် CMG နှင့် အာဆီယံနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေး ကဏ္ဍသစ်စတင်ခြင်း၊ ပြည်ပနှင့် အွန်လိုင်းဆက်သွယ်ရေး မြှင့်တင်ခြင်းအစီအစဉ်၊ CMG နှင့် ကွမ်ရှီကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အစိုးရတို့ မဟာဗျူဟာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် လက်မှတ်ရေးထိုးခြင်း အစီအစဉ်တို့ကို ထည့်သွင်းကျင်းပသည်။




မြန်မာနိုင်ငံအနေဖြင့် အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများတွင် တရုတ်နိုင်ငံနှင့် ညှိနှိုင်းမှုတာဝန်ခံ ဆောင်ရွက်နေသည့် (Country Coordinator)အဖြစ် တာဝန်ယူ ဆောင်ရွက်လျက်ရှိရာ အာဆီယံ- တရုတ်ပူးပေါင်းဆောင်ရွက်သည့် "၂၀၂၂ ခုနှစ် အာဆီယံမီဒီယာမိတ်ဖက်များဖိုရမ်"သို့ ပါဝင်တက်ရောက်ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❖ **ရှေ့ဖုံးမှ**

တစ်ပတ်ကြာသလို ခုနစ်ညအိပ် ရှစ်ရက် ခရီးစဉ်ဆိုရင် အိန္ဒိယနိုင်ငံထဲက နေရာတွေအပြင် နယ်စပ်ကတစ်ဆင့် နီပေါလ် နိုင်ငံထဲသွားရောက်ပြီး ဘုရားဖူးရတဲ့နေရာတွေလည်း ပါဝင်တာပါတယ်။ ၁၄ရက် အိပ်၊ ၁၅ရက် ခရီးစဉ်တွေလည်းရှိတယ်။ ဒါကပုံမှန်ခရီးစဉ်တွေပါ" ဟု Gracious Vacation ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးနောင်းနောင်းဟန်က ပြောသည်။

၂၀၁၃ ခုနှစ်က စတင်ခဲ့သော ဂါယာခရီးစဉ်ကို ကိုဗစ်-၁၉ ရောဂါကြောင့် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလမှစတင်ကာ ဘုရားဖူးခရီးစဉ်ကို ရပ်ဆိုင်းခဲ့ခြင်းဖြစ်ရာ ယခုနှစ် နိုဝင်ဘာလမှစတင်ကာ ဘုရားဖူးခရီးစဉ်ကို စတင်မည်ဖြစ်ကြောင်း၊ စင်းလုံးငှားလေယာဉ်တွင် ခရီးသည် ၁၅၈ ဦး လိုက်ပါစီးနင်းနိုင်မည် ဖြစ်ပြီး ခရီးသည်တစ်ဦးလျှင် လေယာဉ်လက်မှတ်ခန့်မှန်းထား ကန်ဒေါ်လာ ၄၂၀ ကျသင့်မည်ဖြစ်ကာ အုပ်စုအလိုက် ဘုရားဖူး သွားရောက်ကြမည်ဆိုပါက ကန်ဒေါ်လာ ၄၀၀ သာ ကျသင့်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ခရီးစဉ် မိတ်ဆက်ပွဲ၌ ပြည်တွင်းမှ ခရီးသွားကုမ္ပဏီပေါင်း ၁၀၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်း-ပွင့်သစ္စာ**
**ဓာတ်ပုံ-စိုးမြင့်အောင်**

# အနာဂတ်၌ ပိုမိုအရေးပါလာမည့် စားနပ်ရိက္ခာလုံခြုံရေး(Food Security)

ဝဏ္ဏ(TGI)

(၇)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ် (The 7th Eastern Economic Forum-2022)ကျင်းပပြုလုပ်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့ခ်မြို့ Far Eastern Federal University (FEFU)၏ ခန်းမကြီးမှာ ခမ်းနားထည်ဝါလှသည်။ ခန်းမကြီး၏ ခမ်းနားထည်ဝါမှုကို အခမ်းအနားတက်ရောက်လာသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin၊ အာမေးနီးယားနိုင်ငံဝန်ကြီးချုပ် Mr. Nikol Pashinyan၊ မွန်ဂိုလီးယားနိုင်ငံ ဝန်ကြီးချုပ် Mr. Luvsannamsrain Oyun-Erdene၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌ Mr. Li Zhanshu အစရှိသည့် နိုင်ငံ့ခေါင်းဆောင်များအပါအဝင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့ ပါဝင်တက်ရောက်ခြင်းက ပိုမို၍ ထည်ဝါစေခဲ့သည်။ ထိုထိုသော နိုင်ငံ့ခေါင်းဆောင်များသာမက ကမ္ဘာ့နိုင်ငံအသီးသီးရှိ နိုင်ငံပေါင်း ၆၀ ကျော်မှ စီးပွားရေးဆိုင်ရာ တာဝန်ရှိသူများကလည်း ပါဝင်တက်ရောက်သည်ဖြစ်၍ အတိုင်းထက်အလွန် တံခွန်နှင့်ကုက္ကားဟုဆိုရလောက်အောင်ပင် တင့်တယ်လွန်းသည်ဟု ထင်မြင်မိသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၇)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်၏ မျက်နှာစုံညီအစည်းအဝေး Plenary Session ၌ ဆွေးနွေးစဉ်။

အစည်းအဝေးအစတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ သမ္မတက ရုရှားအရှေ့ဖျားဒေသ၏ လက်ရှိကာလ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ ရင်းနှီးမြှုပ်နှံမှုအတွက် ယှဉ်ပြိုင်မှုစွမ်းအားတိုးတက်ကောင်းမွန်လာစေရေး ဆောင်ရွက်ပေးမည့် အခြေအနေများ၊ အထူးစီးပွားရေးဇုန်များတွင် အာရှနှင့်ပစိဖိတ်ဒေသမှ ရင်းနှီးမြှုပ်နှံသူများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ အဆင့်မြှင့်တင်ထားသည့် ဆိပ်ကမ်းကြီး ပေါ်ပေါက်လာရေး ဆောင်ရွက်နေမှုအခြေအနေများ၊ အာရှနှင့်ဥရောပကို ချိတ်ဆက်ပေးမည့် မြောက်ပိုင်းပင်လယ်ရေလမ်းကြောင်း တစ်ခုပေါ်ပေါက်လာရေး ဆောင်ရွက်သွားမည့်အခြေအနေတို့နှင့်ပတ်သက်၍ အကျယ်တဝင့် ဆွေးနွေးသည်။ တိုးတက်ပြီးနိုင်ငံဖြစ်သည့်အတွက် သူ၏ဆွေးနွေးမှုမှာ နိုင်ငံအပေါ်မူတည်၍ ဆောင်ရွက်နိုင်မှုများကို ဝံ့ဝံ့ကြွားကြွားရှိလှသည်။

ကမ္ဘာ့ကုန်သွယ်ရေးလမ်းကြောင်းတွင် ဒေါ်လာအစားထိုးအဖြစ် ရူဘယ်၊ ယွမ်၊ ရူပီးအစရှိသည့် ငွေကြေးများကို အသုံးပြုနိုင်သည်။ ၎င်းအပြင် တိုက်ရိုက်ကုန်စည်ဖလှယ်မှုစနစ်(Barter System)ကိုလည်း အသုံးပြုနိုင်သည်ဟု ဆွေးနွေးသည်။ ရလာမည့် အကျိုးကျေးဇူးအနေဖြင့် နိုင်ငံငယ်များအနေဖြင့် ငွေကြေးအနိုင်ကျင့်ခံရမှုကို ကျော်လွှားနိုင်မည်ဖြစ်ကြောင်း၊ အင်အားကြီးမိတ်ဆွေနိုင်ငံများအနေဖြင့် ဝိုင်းဝန်းကူညီရန် မေတ္တာရပ်ခံကြောင်း ဆွေးနွေးသည်။ တစ်ယောက်အားဖြင့် ယူသော်မရ၊ အများအားဖြင့်ယူသော်ရမည်ဟု ညွှန်းဆိုခြင်းပင်ဖြစ်သည်။ နိုင်ငံကြီးများ၏ ငွေကြေးအရ အနိုင်ကျင့်ခံနေရမှုကို မိမိတို့တစ်နိုင်ငံတည်းသာ လွတ်မြောက်ရန်မဟုတ်။ နိုင်ငံငယ်များအားလုံးအတွက် ကိုယ်စားပြုတိုက်တွန်းချက်၊ မေတ္တာရပ်ခံချက်ဟုလည်း နားလည်မိ

အိမ်ရှင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ဆွေးနွေးမှုအပြီးတွင် မြန်မာနိုင်ငံက ဆွေးနွေးရသည်။ သံတမန်ကျင့်ဝတ်အရ အိမ်ရှင်နိုင်ငံမှ ဆွေးနွေးမှုအပြီးတွင် Protocol အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဆွေးနွေးခွင့်ရသည်ကပင် ရုရှားနိုင်ငံ၏ နိုင်ငံရေးယဉ်ကျေးမှု ရင့်ကျက်ခြင်းကို ပြသည်။

"စားနပ်ရိက္ခာလုံခြုံရေး(Food Security)ကဏ္ဍတွင် မြန်မာနိုင်ငံ၏ အရေးပါမှုနှင့် ရင်းနှီးမြှုပ်နှံမှုအတွက် အခွင့်အလမ်းကောင်းများ"ဟူသော ခေါင်းစဉ်ဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးသည်။ ဆွေးနွေးသည့် ခေါင်းစဉ်တွင် အပိုင်းနှစ်ပိုင်းပါ၍ အမိမြန်မာနိုင်ငံမှ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအပေါ် ထားရှိသည့် စိတ်စေတနာကို ကွက်ကွက်ကွင်းကွင်းမြင်နိုင်သည်။ စတင်ဆွေးနွေးမှုတွင် လူသားများ၏ ရှင်သန်ခွင့်အတွက် စွမ်းအင်(Energy)ကို အစားအသောက်မှ ရရှိခြင်းဖြစ်၍ စားနပ်ရိက္ခာလုံခြုံမှုရှိရေး(Food Security)မှာ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် အခြေခံအကျဆုံးနှင့် အဓိကအကျဆုံးဖြစ်သည်ဟု နိုးဆော်သံဖြင့် စသည်။ သတိမမူ ဂူမမြင် ဟူသော မြန်မာစကားပုံတစ်ခုကို သတိရမိသည်။ အရေးအကြီးဆုံးအရာကို သတိမူလျှင် မြူတောင်မြင်မိစေရန် နိုးဆော်ခြင်းဖြင့် စ သည်ဟု နားလည်မိသည်။ ယခင်ကာလများက စားနပ်ရိက္ခာလုံခြုံရေး(Food Security)ကို အဓိပ္ပာယ်ဖွင့်ဆိုခဲ့မှုနှင့် ခေတ်ကာလအလိုက် ပြောင်းလဲလာမှုကိုလည်း သတိပြုမိရန် ဆိုသည်။ ကမ္ဘာ့နိုင်ငံများအလိုက် ပြည်တွင်းတွင်မထုတ်လုပ်နိုင်သည့် စားသုံးကုန်များကို နိုင်ငံတကာမှ ဝယ်ယူတင်သွင်းမှုများကြောင့် ဘဏ္ဍာရေးလုံခြုံမှု(Financial Security)သည် စားနပ်ရိက္ခာလုံခြုံမှု(Food Security) အပေါ် လွှမ်းမိုးလာသည်ဟု တွေ့ရှိချက်ကိုလည်း ထည့်သွင်းဆွေးနွေးသည်။ လတ်တလော ကမ္ဘာအဝှမ်းရင်ဆိုင်နေရသည့် ကိစ္စကို ဆွေးနွေးသည်ဖြစ်၍ ငြင်းဆိုဖွယ်စကားထွက်လာရန်မရှိသည့် ဆွေးနွေးမှုဟု ထင်မြင်မိသည်။

**ဒေါ်လာကို လက်နက်သဖွယ် အသုံးပြုလာ**

စားနပ်ရိက္ခာလုံခြုံရေး(Food Security)တွင် အဓိကကျသည့် သွင်းအားစုများဟု ခေါ်ဆိုသည့် လောင်စာဆီ၊ ဓာတ်မြေဩဇာအပါအဝင် အထောက်အကူပြုပစ္စည်းများကို ရောင်းဝယ်ရာတွင် ဘဏ္ဍာရေးလုံခြုံမှုနှင့် ယှဉ်တွဲ၍ ဒေါ်လာကို လက်နက်သဖွယ် အသုံးပြုလာမှု၊ အကျိုးဆက်အဖြစ် နိုင်ငံငယ်များက နိုင်ငံရေး၊ စီးပွားရေးနယ်ပယ်များ၌ နိုင်ငံကြီးများ၏ ဩဇာကို လွန်ဆန်နိုင်မှုမရှိဖြစ်လာမှုတို့ကို ထည့်သွင်းဆွေးနွေးသည်။ ယခင်ကာလများတွင် နိုင်ငံတစ်နိုင်ငံအား ကျူးကျော်ရန်အတွက် Missionary (သာသနာပြုများစေလွှတ်ခြင်း)၊ Military(စစ်အင်အားအသုံးပြုခြင်း)၊ Merchant (ကုန်သည်များစေလွှတ်ခြင်း) စသည်တို့ဖြင့် ဆောင်ရွက်သည်။ ယခုခေတ်ကာလဖြစ်စဉ်ဖြစ်ရပ်များအရ Money (ငွေကြေး)က အဓိကနေရာသို့ရောက်လာလေသလားဟု တွေးထင်မိသည်။ ထို့ထက် ပိုမိုသည်က နိုင်ငံကြီးတစ်ခု၏ ငွေကြေးက လုပ်ဆောင်နေခြင်းဖြစ်သည်။ သို့ဆိုလျှင် ဖြေရှင်းရန်နည်းလမ်းမရှိပါပြီလောဟု မေးဖွယ်ရှိသည်။

ထိုမေးဖွယ်အတွက် အဖြေစကားကို အကြီးအကဲ၏ ထပ်ဆင့်ဆွေးနွေးမှုတွင် ပါသည်။ ကမ္ဘာ့ကုန်သွယ်ရေးလမ်းကြောင်းတွင် ဒေါ်လာအစားထိုးအဖြစ် ရူဘယ်၊ ယွမ်၊ ရူပီးအစရှိသည့် ငွေကြေးများကို အသုံးပြုနိုင်သည်။ ၎င်းအပြင် တိုက်ရိုက်ကုန်စည်ဖလှယ်မှုစနစ်(Barter System)ကိုလည်း အသုံးပြုနိုင်သည်ဟု ဆွေးနွေးသည်။ ရလာမည့် အကျိုးကျေးဇူးအနေဖြင့် နိုင်ငံငယ်များအနေဖြင့် ငွေကြေးအနိုင်ကျင့်ခံရမှုကို ကျော်လွှားနိုင်မည်ဖြစ်ကြောင်း၊ အင်အားကြီးမိတ်ဆွေနိုင်ငံများအနေဖြင့် ဝိုင်းဝန်းကူညီရန် မေတ္တာရပ်ခံကြောင်း ဆွေးနွေးသည်။ တစ်ယောက်အားဖြင့် ယူသော်မရ၊ အများအားဖြင့်ယူသော်ရမည်ဟု ညွှန်းဆိုခြင်းပင်ဖြစ်သည်။ နိုင်ငံကြီးများ၏ ငွေကြေးအရ အနိုင်ကျင့်ခံနေရမှုကို မိမိတို့တစ်နိုင်ငံတည်းသာ လွတ်မြောက်ရန်မဟုတ်။ နိုင်ငံငယ်များအားလုံးအတွက် ကိုယ်စားပြုတိုက်တွန်းချက်၊ မေတ္တာရပ်ခံချက်ဟုလည်း နားလည်မိသည်။ အကြီးအကဲ၏ စာနာနားလည်မှု၊ စေတနာတရားကို လှစ်ဟပြသည့် ဆွေးနွေးချက်ဟုလည်း ထင်မြင်မိသည်။

**စေတနာအရင်းခံစိတ်**

နိုင်ငံတစ်နိုင်ငံ၏ စားနပ်ရိက္ခာလုံခြုံရေးအား ပြည့်စုံစွာ အကောင်အထည်ဖော်နိုင်ရန် လိုအပ်ချက်များ၊ ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်များကို သင့်တင့်သောဈေးဖြင့် လွယ်ကူလုံလောက်စွာဝယ်ယူနိုင်ပါက စားနပ်ရိက္ခာပြည့်စုံကုံလုံသောနိုင်ငံအဖြစ် သတ်မှတ်နိုင်မှုများကိုလည်း ဆွေးနွေးသည်။ ယင်းသို့ ပြည့်စုံကုံလုံမှု၏ အခြားတစ်ဖက်တွင် စားနပ်ရိက္ခာလုံခြုံရေးအပေါ် စိန်ခေါ်မှုများဖြစ်သည့် လူဦးရေတိုးတက်လာမှု၊ စားနပ်ရိက္ခာလိုအပ်ချက်(Demand)မြင့်တက်လာမှု၊ ဈေးနှုန်းပြောင်းလဲမှု၊ စိုက်ပျိုးသီးနှံမျိုးစိတ်များရှားပါးလာမှု၊ ပျောက်ကွယ်သွားမှု၊ ရာသီဥတုပြောင်းလဲလာမှု၊ ရေနှင့် စိုက်ပျိုးမြေရှားပါးလာမှု၊ အကြောင်းအမျိုးမျိုးကြောင့် စားနပ်ရိက္ခာပြုန်းတီးမှု၊ ဖြုန်းတီးမှု စသည့်အကြောင်းတရားများကိုလည်း သတိပြုနိုင်ရန် ထောက်ပြဆွေးနွေးသည်။ သတိမူက မြူကိုပင်မြင်နိုင်သဖြင့် အသေးစိတ်သတိမူမိရန် ထောက်ပြခြင်းသည် စေတနာအရင်းခံစိတ်ကြောင့်ဟုပင် ထင်မြင်မိသည်။

ကမ္ဘာ့လူဦးရေတိုးတက်မှုသက်တမ်းတိုးမြင့်လာမှုတို့အရ ၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် ကမ္ဘာ့လူဦးရေသည် ရှစ်ဘီလီယံသို့လည်းကောင်း၊ ၂၀၃၀ ပြည့်နှစ်တွင် ၈ ဒသမ ၅ ဘီလီယံ၊ ၂၀၅၀ ပြည့်နှစ်တွင် ၉ ဒသမ ၇၃ ဘီလီယံ၊ ၂၁၀၀ ပြည့်နှစ်တွင် ၁၀ ဒသမ ၄ ဘီလီယံအထိ တိုးတက်လာမည်ဟု သုတေသီများ၊ ပညာရှင်များက ခန့်မှန်းထားမှု၊ တိုးတက်လာသည့် လူဦးရေနှင့်အညီ စားနပ်ရိက္ခာလိုအပ်မှု(Demand)လည်း တိုးတက်လာမည်ဖြစ်ကြောင်းကိုလည်း ဆွေးနွေးသည်။

**စာမျက်နှာ ၇ သို့** ☆

☆ စာမျက်နှာ ၆ မှ

စားနပ်ရိက္ခာလိုအပ်မှု(Demand) မြင့်တက်လာသည်နှင့်အမျှ အခြေခံစားကုန်များဖြစ်သည့် ဆန်၊ ဂျုံ စသည့်အခြေခံစားကုန်များ၊ ဆီနှင့် ဆီထွက်သီးနှံ၊ အသားနှင့် အသားထွက်ကုန်၊ နို့နှင့် နို့ထွက်ပစ္စည်းများ၊ အသီးအနှံများ စသည်တို့၏ဝယ်လိုအားလည်း သိသာစွာတိုးတက်လာမည်ကို လေးလေးနက်နက်ဆွေးနွေးသည်။ ကုန်စည်ရောင်းဝယ်မှုများတွင် ထုတ်လုပ်မှု(Supply)နှင့် လိုအပ်မှု(Demand) တို့မှာ ပြောင်းပြန်အချိုးကျလေ့ရှိသည်ဟု ဆိုကြသည်။ အခြားကုန်စည်များအတွက် ပြောင်းပြန်အချိုးကျခြင်းမှာ လူသားမျိုးနွယ်စုကို ကြီးမားသောရိုက်ခတ်မှုမရှိနိုင်သော်လည်း စားနပ်ရိက္ခာတွင် ယင်းသို့ ပြောင်းပြန်အချိုးကျခြင်းမှာ ရလဒ်ဆိုးကိုသာ ထွက်ပေါ်နိုင်သည်ကို သတိပြုမိရန်လိုအပ်သည်။ ဤသည်ကို အကြီးအကဲက သတိပြုမိရန် ထောက်ပြဆွေးနွေးမှုက အဖိုးတန်လှသည်။

### ငယ်သာငယ်သည် အစွယ်နှင့်

ဆွေးနွေးမှုအား ခေါင်းစဉ်နှင့်ညီစွာ ဆက်လက်ဆွေးနွေးရာတွင် မြန်မာနိုင်ငံ၏ ပထဝီဖြစ်တည်မှုအရ သမုဒ္ဒရာကြီးနှစ်ခုအား ဆက်သွယ်ပေါင်းကူးရာတွင် အချက်အချာကျပြီး အင်ဒို-ပစိဖိတ်ဒေသတွင် အရေးပါသောနေရာတွင် ပါဝင်နေမှု၊ အရှေ့တောင်အာရှနိုင်ငံများအဖွဲ့(ASEAN) အဖွဲ့ဝင်နိုင်ငံများသည်လည်း ဒေသတွင်း တည်ငြိမ်အေးချမ်းရေးအတွက် များစွာအရေးပါပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အလမ်းရှိသည့် နိုင်ငံများအဖြစ်ရပ်တည်နေမှုတို့ကို ဆွေးနွေးသည်။ အာဆီယံနိုင်ငံများမှ ၂၀၂၀ ပြည့်နှစ်အတွင်း ဆန်စပါး မက်ထရစ်တန် ၁၉၁ သန်းကျော်၊ ပြောင်း မက်ထရစ်တန် ၄၅ သန်းကျော်၊ ကြံမက်ထရစ်တန် ၁၄၄ သန်းကျော်နှင့် ပီလောပီနံ မက်ထရစ်တန် ၇၉ သန်းကျော် စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့မှုကိုလည်း ရှင်းလင်းဆွေးနွေးသည်။ ထိုသို့ ထုတ်လုပ်နိုင်မှုများအရ ကမ္ဘာ့စားနပ်ရိက္ခာလုံခြုံရေးအတွက် အဓိက အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိမှု၊ ၂၀၂၀ ပြည့်နှစ်အတွင်း အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၆ ထရီလီယံအထိရှိခဲ့မှု၊ အာဆီယံဒေသတွင်း ကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာ ၅၅၀ ဘီလီယံသာရှိ၍ အာဆီယံပြင်ပကုန်သွယ်မှုသည် အမေရိကန်ဒေါ်လာ ၂ ထရီလီယံကျော်အထိရှိမှုတို့ကိုလည်း ဆွေးနွေးသည်။ ဆွေးနွေးမှုတွင် အားလုံးက သတိပြုမိရန် လိုအပ်သည့် အဓိကအချက်ကို ကိန်းဂဏန်းများအဖြစ်ဖြင့် ဆွေးနွေးသွားသည်ဟု ထင်သည်။ အာဆီယံဒေသကို ဩဇာဖြန့်ကြက်လိုသော နိုင်ငံများက ငွေကြေးလက်နက်ဖြင့် အသုံးချလုပ်ဆောင်နေမှုကို စားနပ်ရိက္ခာသည် အာဆီယံတွင်ရှိသည်ဟု ဆိုချင်သည်လားမသိ။ စားနပ်ရိက္ခာကိုလက်နက်အဖြစ် အသုံးမပြုသည့်တိုင် ငယ်သာငယ်သည် အစွယ်နှင့်ဟု ဆိုလိုသည်ဟု မှန်းဆမိသည်။

ထိုထက်ပိုသည်ဟု ယူဆဖွယ်ရာ ဆွေးနွေးချက်မှာ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံများ၏ စိုက်ပျိုး




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဆွေးနွေးမှုနှင့်ပတ်သက်၍ အခမ်းအနားမှူးက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးပြောကြားခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြန်လည်ရှင်းလင်းဆွေးနွေးစဉ်။

နိုင်မှု ဧရိယာအနေဖြင့် ၂၃ သန်းကျော်မျှရှိသည်ကို ထည့်သွင်းဆွေးနွေးသည်။ အာဆီယံ ၁၀ နိုင်ငံ၏ စိုက်ပျိုးမြေမှာ စုစုပေါင်း ဟက်တာ ၁၃၉ သန်းဟုဆိုသော်လည်း ညွှန်းခဲ့သည့် သုံးနိုင်ငံမှာ ဆန်စိုက်ပျိုးသည့်ဧရိယာဟု ဆွေးနွေးမှုတွင် ထည့်သွင်းသည်။ တည်ရှိပြီးဖြစ်သည့် စိုက်ပျိုးမြေများတွင် ဆန်စပါးစိုက်ပျိုးမှုကို ရာသီမရွေး ဆောင်ရွက်နိုင်ရန်အတွက်လည်း ဆောင်ရွက်သွားရန်လိုကြောင်း တိုက်တွန်းသည်။

### မြေဩဇာနှင့် ဒီဇယ်ဆီ လိုအပ်

မြန်မာနိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် စိုက်ပျိုးမြေ၊ သဘာဝသစ်တောဧရိယာများ၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်များ၊ ပင်လယ်ကမ်းရိုးတန်းများ စသည့် သဘာဝအရင်းအမြစ်ကောင်းများပိုင်ဆိုင်မှု၊ နိုင်ငံ၏ စိုက်ပျိုးမြေဟက်တာ ၁၃ သန်းကျော်တွင် စပါး၊ ပဲ၊ ပြောင်း၊ ကြံ၊ နှမ်း၊ ဝါ စသည်တို့ကို စိုက်ပျိုး၍ ဆန်၊ ပဲနှင့် ပြောင်းတို့ကို တင်ပို့ရောင်းချမှု စသည်ဖြင့် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်း အခြေအနေကို ဆက်လက်ဆွေးနွေးသည်။ စိုက်ပျိုးရာတွင် မျိုးကောင်း၊ မျိုးသန့်၊ မြေဩဇာ၊ စိုက်ပျိုးရေးစိုက်နည်းစနစ်များပြည့်စုံရန် လိုအပ်ပြီး အဓိကအားဖြင့် မြေဩဇာနှင့် ဒီဇယ်ဆီ လိုအပ်ကြောင်း၊ မိတ်ဆွေနိုင်ငံများမှ ၎င်းနှစ်ချက်ကို ကူညီဆောင်ရွက်ပေးနိုင်ပါက စိုက်ပျိုးထုတ်လုပ်မှုကို နှစ်ဆခန့် တိုးမြှင့်နိုင်ပြီး စားနပ်ရိက္ခာလုံခြုံမှု(Food Security)ကို များစွာအထောက်အကူပြုနိုင်ကြောင်း ဆွေးနွေးသည်။ ဆွေးနွေးမှုတွင် နိုင်ငံအတွင်းရှိ တောင်သူလယ်သမားများ၏ အကျိုးစီးပွား၊ ၎င်းမှသည် နိုင်ငံတော်၊ နိုင်ငံတော်မှသည် ကမ္ဘာတစ်ဝန်းအထိ လွှမ်းခြုံသည်ကို သတိပြုမိသည်။ စားနပ်ရိက္ခာ၏ ကနဦး လယ်ယာ၊ ကိုင်း၊ ကျွန်းမှသည် ကမ္ဘာတစ်ဝန်းရှိ စားနပ်ရိက္ခာပြတ်လပ်မှုမရှိရေးအထိ ဦးတည်သည်ကပင် ဆွေးနွေးမှု၏ အသက်ဟုဆိုနိုင်သည်။ အမိမြန်မာနိုင်ငံ၏ ခေတ်အဆက်ဆက် စားနပ်ရိက္ခာဖူလုံခဲ့မှု၊ စိုက်ပျိုး၊ မွေးမြူရေးထွက်ကုန်များကို အိမ်နီးချင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများသို့ တင်ပို့ရောင်းချခဲ့ပြီး အခြေခံစားနပ်ရိက္ခာ ထုတ်လုပ်သည့် ပင်မနိုင်ငံအဖြစ် ရပ်တည်ခဲ့မှုများကိုလည်း အစဉ်အလာကောင်းသည့်နိုင်ငံဟု ညွှန်းဆို၍ ဆွေးနွေးသည်။ မိမိနိုင်ငံ၏ ဂုဏ်ရှိန်ဝင့်ထည်မှုအတွက် အကြီးအကဲ၏ ဆွေးနွေးမှုမှာ ဂုဏ်ယူအားရဖွယ် အပြည့်ပါသည်။

> **စားနပ်ရိက္ခာလုံခြုံရေး (Food Security) ကဏ္ဍတွင် မြန်မာနိုင်ငံ၏ အရေးပါမှုနှင့်ပတ်သက်၍ အကြီးအကဲ၏ ဆွေးနွေးချက်မှာ မဟာဗျူဟာမြောက်သည့် ဆွေးနွေးချက်ဟု ဆိုနိုင်သည်။ ကမ္ဘာနှင့်အဝှမ်း ကာလအလိုက် တိုးတက်လာမည့် လူဦးရေနှင့် စားနပ်ရိက္ခာလိုအပ်မှု (Demand) တိုးတက်လာနိုင်မှု၊ အမိမြန်မာနိုင်ငံမှ ကမ္ဘာတစ်ဝန်းအတွက် စားနပ်ရိက္ခာလုံခြုံရေး(Food Security)အတွက် ဆောင်ရွက်ပေးနိုင်သည့်အခြေအနေ၊ မြန်မာနိုင်ငံအပါအဝင် အာဆီယံဒေသမှ ကမ္ဘာ့စားနပ်ရိက္ခာလုံခြုံရေး (Food Security)အတွက် အားဖြည့်ဆောင်ရွက်ပေးနိုင်မှုတို့ကို အများမြင်သာအောင် ဆွေးနွေးခဲ့**

### မဟာဗျူဟာမြောက်သည့် ဆွေးနွေးချက်

ခေါင်းစဉ်၏ ပထမအပိုင်းဟု ဆိုနိုင်သည့် စားနပ်ရိက္ခာလုံခြုံရေး(Food Security) ကဏ္ဍတွင် မြန်မာနိုင်ငံ၏ အရေးပါမှုနှင့်ပတ်သက်၍ အကြီးအကဲ၏ ဆွေးနွေးချက်မှာ မဟာဗျူဟာမြောက်သည့် ဆွေးနွေးချက်ဟု ဆိုနိုင်သည်။ ကမ္ဘာနှင့်အဝှမ်း ကာလအလိုက် တိုးတက်လာမည့် လူဦးရေနှင့် စားနပ်ရိက္ခာလိုအပ်မှု(Demand)တိုးတက်လာနိုင်မှု၊ အမိမြန်မာနိုင်ငံမှ ကမ္ဘာတစ်ဝန်းအတွက် စားနပ်ရိက္ခာလုံခြုံရေး(Food Security) အတွက် ဆောင်ရွက်ပေးနိုင်သည့်အခြေအနေ၊ မြန်မာနိုင်ငံအပါအဝင် အာဆီယံဒေသမှ ကမ္ဘာ့စားနပ်ရိက္ခာလုံခြုံရေး (Food Security)အတွက် အားဖြည့်ဆောင်ရွက်ပေးနိုင်မှုတို့ကို အများမြင်သာအောင် ဆွေးနွေးခဲ့သည်။

### ရှေ့သို့ လှမ်းချီလျက်ရှိ

လက်ရှိ အမိမြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် ဈေးကွက်စီးပွားရေးစနစ်ဖြင့် ရှေ့သို့ လှမ်းချီလျက်ရှိသည်။ တစ်နိုင်ငံလုံးတွင် လယ်၊ ယာ၊ ကိုင်း၊ ကျွန်း အစရှိသည့် စိုက်ပျိုးမြေ စုစုပေါင်းမှာ ဧက ၃၃ သန်းကျော်အထိရှိပြီး ၎င်းစိုက်ပျိုးမြေများတွင် စပါး၊ ပြောင်း၊ နှမ်း၊ ပဲ စသည့် သီးနှံများကို အဓိကထား စိုက်ပျိုးလျက်ရှိသည်။ အခြားသီးနှံမျိုးစုံကို စိုက်ပျိုးလျက်ရှိသည့်အပြင် စက်မှုကုန်ကြမ်းသီးနှံများဖြစ်သည့် ကြံ၊ ဝါ အစရှိသည့် သီးနှံမျိုးစုံတို့ကို အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ စိုက်ပျိုးမြေဧရိယာ၏ အများစုတွင် စပါးစိုက်ပျိုးမှုကို အဓိကထား ဆောင်ရွက်လျက်ရှိပြီး ရာသီအလိုက် စိုက်ပျိုးနိုင်မှုအနေဖြင့် မိုးစပါးဧက ၁၅ ဒသမ ၀၀၈ သန်းနှင့် နွေစပါးဧက ၂ ဒသမ ၄၂၀ သန်းခန့်တို့ကို စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည်။ စပါးထွက်ရှိမှုအနေဖြင့် ၂၀၂၁-၂၀၂၂ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း ပျမ်းမျှ စပါးတင်း သန်းပေါင်း ၁၃၁၅ သန်းခန့် ထုတ်လုပ်လျက်ရှိရာ ပြည်တွင်းစားသုံးမှုအနေဖြင့် လုံလောက်ရုံသာမက ပြည်ပနိုင်ငံများသို့ ဆန်အဖြစ် တင်ပို့ရောင်းချခြင်းကို ၂၀၂၀-၂၀၂၁ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း တန် ၁ ဒသမ ၈ သန်းကျော်နှင့် ၂၀၂၁-၂၀၂၂ ခုနှစ်(Mini Budget)အတွင်း တန်ချိန် ၁ ဒသမ ၃ သန်းထိ တင်ပို့နိုင်ခဲ့သည်။ လာမည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင်လည်း စပါးထုတ်လုပ်မှု ပိုမိုမြှင့်တင်၍ ထွက်ရှိလာသည့် ဆန် များကို တင်ပို့ရောင်းချခြင်းဖြင့် ကမ္ဘာ့စားနပ်ရိက္ခာလုံခြုံမှု (Food Security) ကို ကောင်းစွာပံ့ပိုးဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည်ကို ဂုဏ်ယူဖွယ်တွေ့မြင်နိုင်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။



မြန်မာနိုင်ငံ၏ စပါးစိုက်ပျိုးထုတ်လုပ်မှုကို တွေ့ရစဉ်။

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် စက်တင်ဘာ ၁၅**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးလွှမ်းခြုံမှု မြင့်မားစွာရရှိခြင်းနှင့် ရောဂါကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်းဖြင့် မိမိတို့နိုင်ငံ၏ လူမှုစီးပွားရေးလုပ်ငန်းများကို မထိခိုက်စေဘဲ ရောဂါကို ကာကွယ်ထိန်းချုပ်၍ New Normal Life အဖြစ် နေထိုင်နိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း ယနေ့ မွန်းလွဲပိုင်းက ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း ညှိနှိုင်းအစည်းအဝေးတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက ပြောကြားသည်။

**အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ် အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို နီးနွှယ်ဌာနဆိုင်ရာများ၊ မိဘပြည်သူများနှင့် ပူးပေါင်း၍ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ လူစုလူဝေးရှိရာနေရာများတွင် Mask Campaign များ ဆောင်ရွက်ခြင်းနှင့် အများနှင့်သက်ဆိုင်သည့် ရုံးများ၊ သင်တန်းကျောင်းများ၊ ကျောင်းများ၊ ဈေးများစသည်တို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများကို တိကျစွာ လိုက်နာစေရေး သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရန်ဖြစ်ကြောင်း။

တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု ခံယူနိုင်မည့်နေရာများကို အများပြည်သူကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်မည့်နည်းလမ်းများဖြင့် ကြေညာရန်ဖြစ်ပြီး ရောဂါနှင့်ပတ်သက်၍ လူနာတစ်ဦးချင်းစီအလိုက် မိမိတို့ရောဂါနှင့်ပတ်သက်၍ တိုင်ပင်ဆွေးနွေးနိုင်မည့် Tele-consultation လိုင်းများကို ဖွင့်လှစ်၍ အများပြည်သူ သိရှိစေရေး ထုတ်ပြန်ကြေညာရန်ဖြစ်ကြောင်း၊ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းအတွက်လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများကို ဖြည့်တင်းထားရှိပြီးဖြစ်၍ ထပ်မံလိုအပ်သည်များကို တင်ပြပေးရန်ဖြစ်ပြီး ဗဟိုမှ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဖြူးပေးရန်ဖြစ်ကြောင်း ပြောကြားသည်။

**ကာကွယ်ဆေးများလေလွင့်ဆုံးရှုံးမှုမရှိစေရေး**

ဆက်လက်၍ ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်းက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ လေလွင့်ဆုံးရှုံးမှုမရှိစေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လျှပ်စစ်မီးရရှိရန် အခက်အခဲရှိသည့် ကျန်းမာရေးဌာနများတွင် နေရောင်ခြည်ဖြင့် လျှပ်စစ်ဓာတ်အားပေးသည့်စနစ် အသုံးပြုနိုင်မည့် အခြေအနေများကို လေ့လာဆန်းစစ်တင်ပြရန်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်မြင့်သန်းနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးတို့က မိမိတို့သက်ဆိုင်ရာဦးစီးဌာနအလိုက် ဆောင်ရွက်နေသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြဆွေးနွေးခဲ့ကြပြီး တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများက လုပ်ငန်းဆောင်ရွက်နေမှုနှင့် လိုအပ်ချက်များကို တင်ပြကြကာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ရန်ကုန်တိုင်းဒေသကြီး (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၅**

ရန်ကုန်တိုင်းဒေသကြီး ၂၀၂၂ ခုနှစ် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး သဘင်ဆောင်ခန်းမ၌ ကိုဗစ်-၁၉ ရောဂါ သတ်မှတ်စည်းကမ်းနှင့်အညီ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး (၂၃)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တက္ကသိုလ်များမှပါမောက္ခချုပ်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံသဘင်/ဂီတအစည်းအရုံးတို့မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲအကဲဖြတ်ပညာရှင်များ၊ ပြိုင်ပွဲဝင် မျိုးဆက်သစ်ဝါသနာရှင်များနှင့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲ ဆိုသော်လည်း ပြိုင်ပွဲဝင်လူငယ်မောင်မယ်များ၏ မလျှော့သောဇွဲ၊ စွဲမြဲသောဝါသနာဖြင့် အနုပညာ စွမ်းရည်ပြောင်မြောက်စွာ ရည်မှန်းချက်ပန်းတိုင်ရောက်အောင် ကြိုးစားယှဉ်ပြိုင်မှုကြောင့် အနုပညာအရည်အသွေးများသည် နိုင်ငံတော်အဆင့်တက်လှမ်းရန် အားရကျေနပ်ဖွယ် တွေ့မြင်ခဲ့ရကြောင်း၊ ပြိုင်ပွဲဝင်လူငယ်မောင်မယ်များအနေဖြင့် မိမိတို့တတ်စွမ်းသောအနုပညာဖြင့် ဖျော်ဖြေရေး၊ အသိပညာပေးရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်၍ ရိုးရာယဉ်ကျေးမှုအနုပညာရပ်များကို ထိန်းသိမ်းရေး၊ မြှင့်တင်ရေး၊ ထွန်းကားပြန့်ပွားရေးအသွင်မှ အတွေးသစ်၊ အမြင်သစ်၊ နည်းပညာသစ်၊ ပုံစံသစ်များသို့ ဆက်လက်တီထွင်ဆောင်ရွက်၍ နိုင်ငံတော်၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်တို့ကို ထိန်းသိမ်းစောင့်ရှောက်လျက် လာမည့်နှစ် ပြိုင်ပွဲများတွင်လည်း စိတ်သစ်၊ လူသစ်၊ အားထုတ်မှုပုံစံအသစ်များဖြင့် ဆက်လက်ကြိုးစားသွားကြရန် ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ် ဦးဌေးအောင်က မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများအား တိုင်းရင်းသားတို့၏ ရိုးရာဓလေ့ထုံးတမ်းတို့ကို လေးစားလိုက်နာလျက် အမျိုးသားရေးလက္ခဏာများကို ထိန်းသိမ်းရန်ရည်ရွယ်မှုဖြင့် ၁၉၉၃ ခုနှစ်တွင် စတင်ကျင်းပခဲ့ရာမှ ယခုဆိုလျှင် (၂၃)ကြိမ်မြောက်အထိ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ်မှစတင်၍ ခြောက်နှစ်တာကာလ ပျောက်ကွယ်ခဲ့ရာမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူဆောင်ရွက်စဉ်တွင် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ပြန်လည်ခရီးဆက်ကာ အမျိုးသားယဉ်ကျေးမှုကို ပြန်လည်ထိန်းသိမ်းမှုအဖြစ် နိုင်ငံတော်အကြီးအကဲမှ ဖော်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။




ယင်းနောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တို့၏ ယှဉ်ပြိုင်ခဲ့မှုတို့ကို Video Clip ဖြင့် ပြသပြီးနောက် ရန်ကုန်တိုင်းဒေသကြီး (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုတေးဖြစ်သော “သက်ဝင်လှုပ်ရှားကြယ်ပွင့်လေးများ” တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများတွင် ဘာသာရပ်အလိုက် ဆုရရှိသူများကို ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းမှူးနှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ရန်ကုန်တိုင်းဒေသကြီး (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ဘာသာရပ် ၂၅ မျိုး၌ ပြိုင်ပွဲဝင် အရေအတွက် ၇၃၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ရွှေတံဆိပ် ၁၁၁ ဆု၊ ငွေတံဆိပ် ၆၉ ဆု၊ ကြေးတံဆိပ် ၅၉ ဆုတို့ဖြင့် စုစုပေါင်းဆုအရေအတွက် ၂၃၉ ဆုကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မတ္တရာမြို့နယ်၌ အခြေခံစားသောက်ကုန်များ သက်သာသောဈေးနှုန်းဖြင့် ပြည်သူများသို့ ရောင်းချပေး

**မတ္တရာ စက်တင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် သပိတ်ကျင်းတပ်နယ် အစီအစဉ်ဖြင့် အခြေခံစားသောက်ကုန်များကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းဖြင့် ယနေ့နံနက် ၇ နာရီတွင် မတ္တရာမြို့ ဗိုလ်တေဇပန်းခြံရှေ့၌ ရောင်းချပေးခဲ့သည်။

**ရောင်းချပေးခဲ့**

ထို့သို့ ရောင်းချရာတွင် နယ်မြေခံတပ်မှ ခေတ္တတပ်ရင်းမှူး ဗိုလ်မှူးသန်းကျော် ဦးစီးသောတပ်ဖွဲ့ဝင်များ၊ မတ္တရာမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူရသိန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်တစ်ပြည်ငွေကျပ် ၁၆၀၀ နှုန်းဖြင့် ဆန်အိတ် ၃၀၊ ဆီတစ်ပိဿာငွေကျပ် ၆၀၀၀ နှုန်းဖြင့် ပိဿာ ၃၀၀၊ ကြက်ဥတစ်လုံး ငွေကျပ် ၁၆၀ နှုန်းဖြင့် အလုံး ၃၀၀၀၊ ကြက်သွန်နီတစ်ပိဿာ ငွေကျပ် ၃၆၀၀ နှုန်းဖြင့် ပိဿာ ၁၂၀၀၊ အာလူးတစ်ပိဿာ ငွေကျပ် ၂၄၀၀ နှုန်းဖြင့် ပိဿာ ၃၀၀၊ ခရမ်းချဉ်သီးတစ်ပိဿာ ငွေကျပ်၂၀၀၀ နှုန်းဖြင့် ပိဿာ ၂၀၀နှင့် ငါးတစ်ပိဿာ ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ပိဿာ ၁၂၀ အား ပြည်သူများသို့ ရောင်းချပေးခဲ့သည်။



အခြေခံစားသောက်ကုန်များကို ပြည်သူများထံ ဈေးနှုန်းချိုသာစွာ ထပ်မံရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌထံမှ သိရသည်။

**စိုးကျော်သူထွေး( မတ္တရာ)**

# ရခိုင်ပြည်နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူများကို အပိုဆောင်းကာကွယ်ဆေး ထိုးနှံပေးလျက်ရှိ



**စစ်တွေ စက်တင်ဘာ ၁၅**

ရခိုင်ပြည်နယ်အတွင်းရှိ အသက်(၁၂)နှစ်မှ အသက်(၁၈)နှစ်အထိ အခြေခံပညာ ကျောင်းသား ကျောင်းသူများကို အပိုဆောင်းကာကွယ်ဆေး ထိုးနှံပေးလျက်ရှိကြောင်းနှင့် ကာကွယ်ဆေးထိုးနှံရန်ရည်မှန်း ကျောင်းသား ကျောင်းသူ ၁၄၀၂၇၈ ဦး အနက် စက်တင်ဘာ ၁၄ ရက်ထိ ၇၉၅၀၉ ဦး ထိုးနှံပြီးဖြစ်ကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းက စစ်တွေမြို့ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) ရေတပ်ကျောင်း၌ ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ကာကွယ်ဆေး အပိုဆောင်းထိုးနှံပေးနေမှုကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်းနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ သွားရောက်ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးကြသည်။

ထို့ပြင် ပြည်နယ်ဝန်ကြီးချုပ်သည် ကျောင်းသားမိဘများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံခြင်း၊ အပိုဆောင်းထိုးနှံခြင်းဖြင့် ရောဂါဖြစ်ပွားမှုကို တားဆီးကာကွယ်နိုင်မည့် အခြေအနေနှင့် မိဘအုပ်ထိန်းသူများ၊ ဆရာ ဆရာမများအနေဖြင့် မိမိတို့ သားသမီး၊ တပည့်များ၏ ပညာရေး အခွင့်အလမ်းအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးရမည့် အခြေအနေတို့ကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

# သထုံမြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး နှာခေါင်းစည်းများ အခမဲ့ဝေငှပေး

**သထုံ စက်တင်ဘာ ၁၅**

မွန်ပြည်နယ် သထုံမြို့နယ်တွင် ခရိုင်ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များပူးပေါင်းကာ ယနေ့နံနက်က ကိုဗစ်-၁၉ ဗီဇပြောင်း အိုမီခရွန်ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေး အသိပညာပေးခြင်းနှင့် ပါးစပ်နှာခေါင်းစည်းမဖြစ်မနေ တပ်ဆင်ရေးလှုပ်ရှားမှုများ ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှိုင်ထွန်းနှင့် တာဝန်ရှိသူများက သထုံမြို့ အဝေးပြေးကားဝင်းအရှေ့ရှိ ရန်ကုန်-မော်လမြိုင် အဝေးပြေးကားလမ်းမပေါ် သွားလာလှုပ်ရှားနေကြသည့် မော်တော်ယာဉ်များ၊ ဆိုင်ကယ်များ၊ ခရီးသွားပြည်သူများ၊ ကျောင်းသား ကျောင်းသူများအား အိုမီခရွန်အပါအဝင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်နိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ နေထိုင်ရေး၊ နေအိမ်ပြင်ပထွက်ခွာပါက ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်သွားလာရေး၊



ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုများကို အကြိမ်ပြည့် မပျက်မကွက် ထိုးနှံမှုခံယူကြရေး စသည်တို့ကို အသိပညာပေးပြောကြားပြီး နှာခေါင်းစည်း အခုရေ ၆၀၀၀ ကျော်အား အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ရွာငံမြို့၌ နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှုနှင့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**ရွာငံ စက်တင်ဘာ ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းအဖြစ် နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှုနှင့် အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို ယနေ့နံနက်ပိုင်းက လူစည်ကားရာနေရာများ၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ငန်းတွင် ရွာငံမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့် ပူးပေါင်းအဖွဲ့က လူစည်ကားရာနေရာများ၌ နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှု ပြုလုပ်၍ ပညာပေးလက်ကမ်းစာစောင်များနှင့် နှာခေါင်းစည်းများကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# ရေးမြို့နယ်၌ နိုင်ငံ့ဝန်ထမ်း ၂၀၆၈ ဦးနှင့် ပြည်သူ ၁၁၈၁ ဦးတို့အား ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး စတုတ္ထအကြိမ် ထိုးနှံပေးနိုင်ခဲ့

**ရေး စက်တင်ဘာ ၁၅**

မွန်ပြည်နယ် ရေးမြို့နယ်အတွင်းရှိ နိုင်ငံ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ အသက်(၁၈)နှစ်မှ (၆၅)နှစ်အထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး(တတိယအကြိမ်)ထိ ထိုးနှံပြီးသူများကို ထပ်ဆောင်း




ကာကွယ်ဆေး(စတုတ္ထအကြိမ်) ထိုးနှံပေးခြင်းတို့ကို ယနေ့နံနက် ၉ နာရီက ခုတင် ၁၀၀ ပြည်သူ့ဆေးရုံ၌ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးရာတွင် မြို့နယ်အတွင်းရှိ အသက်(၁၈)နှစ်မှ (၆၅)နှစ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တတိယအကြိမ်ထိုးနှံပြီး ခြောက်လပြည့်ပြီးသူများကို ကျန်းမာရေးဝန်ထမ်းများက ထိုးနှံပေးလျက်ရှိရာ နိုင်ငံ့ဝန်ထမ်း ၂၀၆၈ ဦးနှင့် ပြည်သူ ၁၁၈၁ ဦးတို့အား ထိုးနှံပေးနိုင်ခဲ့ပြီး ကျန်ရှိနေသော နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများအား ဆက်လက်ထိုးနှံနိုင်ရေးအတွက် အသိပညာပေးနှိုးဆော်ခြင်းလုပ်ငန်းများကို သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက် လျက်ရှိကြောင်း၊ ကျေးရွာများတွင်လည်း တာဝန်ကျ ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပိတ်ရက်မရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပင်းတယမြို့၌ အသက် ၁၂ နှစ်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံပေး

**ပင်းတယ စက်တင်ဘာ ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့တွင် ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်း အိုမီခရွန်ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိရောက်စွာကာကွယ်နိုင်ရန်နှင့် ကျောင်းသား ကျောင်းသူများ ကျန်းမာပျော်ရွှင်စွာဖြင့် ပညာသင်ကြားနိုင်ရေးအတွက် အသက်(၁၂)နှစ်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံပေးခြင်းကို ယမန်နေ့နံနက် ၁၀ နာရီက အခြေခံပညာအထက်တန်းကျောင်း(ကြိုသက်)၌ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက ကျောင်းသား ကျောင်းသူများအား ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြပြီး ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ အသက် (၁၂)နှစ်အထက် ကျောင်းသား ကျောင်းသူ ၂၆၈ ဦးအား ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**ရဲထက်ဦး(ပြန်/ဆက်)**

# ရေတာရှည်မြို့နယ်၌ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဆက်လက်ထိုးနှံပေး

**ရေတာရှည် စက်တင်ဘာ ၁၅**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း ပြည်သူများအား ကိုဗစ်-၁၉ရောဂါ ကာကွယ်နိုင်ရေးအတွက် ကာကွယ်ဆေးများကို အရှိန်အဟုန်မြှင့် ထိုးနှံပေးလျက်ရှိရာ ယနေ့နံနက် ၉ နာရီက ရေတာရှည်မြို့နယ်အတွင်း ရေတာရှည်၊ ဆွာ၊ မြို့လှ၊ ရေနီမြို့များနှင့် သာဂရကျေးရွာအုပ်စုရှိ စည်ပင်သာယာဈေးများတွင် ဈေးရောင်းဈေးဝယ်များအား ထပ်ဆောင်းကာကွယ်ဆေး ဆက်လက်ထိုးနှံပေးခဲ့သည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ကာကွယ်ဆေးထိုးနှံပြီး ခြောက်လနှင့်အထက်ရှိသူများအား ထိုးနှံပေးလျက်ရှိရာ ရေတာရှည်မြို့နယ်အတွင်းရှိ စည်ပင်သာယာဈေးများအတွင်း ဈေးရောင်းဈေးဝယ်များနှင့် ပြည်သူများအား နေ့စဉ်ဆက်လက်ထိုးနှံပေးမည်ဖြစ်သည်။

အလားတူ ရေတာရှည်မြို့နယ် ပြည်သူ့ဆေးရုံတွင်လည်း နေ့စဉ် ထိုးနှံပေးလျက်ရှိကြောင်း၊ အခြေခံပညာကျောင်းများတွင်လည်း အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ထပ်ဆောင်းကာကွယ်ဆေး ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။ **ရေတာရှည်(ပြန်/ဆက်)**

အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ ဂုဏ်ပြုဆောင်းပါး

# ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေး ပူးပေါင်းပါဝင် ဆောင်ရွက်မနေး

**ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရန်အတွက် ၁၉၈၇ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့တွင် ကနေဒါနိုင်ငံ မွန်ထရီယယ်မြို့၌ အိုဇုန်းလွှာထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ နိုင်ငံတကာသဘောတူညီချက် စာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ထိုစာချုပ်လက်မှတ်ရေးထိုးခဲ့သော စက်တင်ဘာလ ၁၆ ရက်နေ့ကိုလည်း အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်ပေးခဲ့ကြသည်။ ထိုနေ့ကို ကမ္ဘာသူ ကမ္ဘာသားအားလုံး အိုဇုန်းလွှာ၏ အရေးပါပုံကို သိရှိပြီး ဆင်ခြင်နေထိုင်နိုင်စေရန် ရည်ရွယ်သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။**

ပြေအေးသက်



### အိုဇုန်းလွှာဆိုတာ

အောက်ဆီဂျင်အက်တမ် သုံးခု ပါဝင်သော မော်လီကျူးတစ်ခုဖြစ်သည့် အိုဇုန်းဓာတ်ငွေ့သည် အပြာရောင်ဖျော့ဖျော့ရှိပြီး အလွန်အနံ့ပြင်း၍ ကမ္ဘာ့မြေပြင်အထက် ၁၉ မိုင်မှ ၂၅ မိုင်အတွင်း ကမ္ဘာ့လေထု၏ ဒုတိယအလွှာဖြစ်သော စထရာတိုစဖီးယား (Stratosphere) အလွှာတွင် သဘာဝအလျောက်ဖြစ်တည်နေသည်။ အလွှာ၏အထူမှာ ရာသီဥတုနှင့် ပထဝီအနေအထားပေါ်မူတည်၍ ပြောင်းလဲမှုရှိသည်။ အိုဇုန်းလွှာသည် ကမ္ဘာ့လေထုနည်းတူ ကမ္ဘာမြေလှည့်ပတ်ရာ လမ်းကြောင်းတွင် အတူပါရှိနေသည့် အလွှာတစ်ခုဖြစ်သည်။

အိုဇုန်းလွှာသည် နေရောင်ခြည်နှင့်အတူ ပါလာသည့် ခရမ်းလွန်ရောင်ခြည် သုံးမျိုးအနက် လူနှင့် သက်ရှိတို့အား အန္တရာယ်ဖြစ်စေသော ခရမ်းလွန်ရောင်ခြည် UV-B ကို ၉၅ ရာခိုင်နှုန်းအထိလည်းကောင်း၊ UV-C ကို ၁၀၀ ရာခိုင်နှုန်းအထိလည်းကောင်း စုပ်ယူစစ်ထုတ်ပေးနေသည့်အငွေ့စစ်ကိရိယာတစ်ခုအနေဖြင့် အကျိုးပြုလျက်ရှိသည်။ အိုဇုန်းလွှာကြောင့် ကမ္ဘာမြေပေါ် ကျရောက်သည့် နေရောင်ခြည်တွင် အန္တရာယ်ဖြစ်စေသည့် ခရမ်းလွန်ရောင်ခြည်မပါရှိဘဲ လူသတ္တဝါများ ဘေးကင်းကင်းနှင့် အသက်ရှင်နေထိုင်နိုင်ခြင်းဖြစ်သည်။

### အိုဇုန်းလွှာကို ဘယ်အရာများက ထိခိုက်နေလဲ

လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားလာသည်နှင့်အမျှ သက်သောင့်သက်သာ နေထိုင်နိုင်ရန် ထုတ်လုပ်သုံးစွဲနေသည့် ပစ္စည်းပေါင်းစုံထဲတွင် နေ့စဉ်အသုံးပြုနေသော ရေခဲသေတ္တာ၊ လေအေးပေးစက်၊ အအေးခန်းများက အရေးပါသည့် အခန်းကဏ္ဍမှာ ပါဝင်လာသည်။ အဆိုပါပစ္စည်းများတွင် အသုံးပြုသည့် အအေးပေးဓာတုဒြပ်ပစ္စည်းများဖြစ်သည့် ကလိုရိုဖလူရိုကာဗွန် (CFC)၊ ဟိုက်ဒရိုကလိုရို ဖလူရိုကာဗွန် (HCFC)၊ ဘရိုမိုကလိုရိုမီသိန်း ($CH_2BrCl$)၊ ဟေလွန်နှင့် ကာဗွန်တက်ထရာကလိုရိုက် ($CD_4$) စသည့် ဓာတ်ငွေ့များကြောင့် လေထုတွင်ရှိသည့် အိုဇုန်းလွှာပါးလွှာပျက်စီးမှု ဖြစ်ပေါ်နေခြင်းကို သိပ္ပံပညာရှင်များက ၁၉၇၀ ပြည့်နှစ် အလွန်ကာလများ၌ လေ့လာတွေ့ရှိခဲ့ကြသည်။

အန္တာတိကတိုက်အပေါ်က အိုဇုန်းလွှာအပေါက်ကို ၁၉၈၅ ခုနှစ်တွင် ပထမဆုံးတွေ့ရှိခဲ့ကြသည်။ အိုဇုန်းလွှာပျက်စီးမှု၏ အကျိုးဆက်များဖြစ်သည့် ကျန်းမာရေးနှင့် ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများကို ထိန်းချုပ်ရန် အိုဇုန်းလွှာကာကွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းကို ၁၉၈၅ ခုနှစ်တွင် ဆောင်ရွက်ခဲ့ကြသည်။ ၎င်းနောက် အိုဇုန်းလွှာ ပျက်စီးစေသည့် ဒြပ်ပစ္စည်းများ အသုံးပြုမှုကို ကာကွယ်ထိန်းချုပ်ရန် မွန်ထရီယယ် သဘောတူစာချုပ်ကို ၁၉၈၇ ခုနှစ်တွင် ကမ္ဘာ့နိုင်ငံများ၏ သဘောတူညီချက်ဖြင့် အတည်ပြုချမှတ်ခဲ့ခြင်းဖြစ်သည်။ ကမ္ဘာလုံးဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး သဘောတူစာချုပ်များမှာ အအောင်မြင်ဆုံး သဘောတူစာချုပ်ဟု ဆိုကြပေသည်။

### အိုဇုန်းလွှာပေါက်ပြဲလျှင် ဘာတွေဖြစ်လာမှာလဲ

အိုဇုန်းလွှာပေါက်ခြင်းကြောင့် အလွန်ပြင်းသော နေရောင်ခြည်များသည် ရေခဲများပေါ်သို့ တိုက်ရိုက်ကျရောက်ပြီး ဧရာမရေခဲတုံးကြီးများ အရည်ပျော်ကာ ပင်လယ်ပြင်ရေထု မြင့်တက်လာသည်။ ထို့နောက် ရေကြီးခြင်း၊ ရာသီဥတုပြောင်းလဲခြင်းတို့ တစ်ဆက်တည်း ဖြစ်ပေါ်လာကြသည်။ အခြားတစ်ဖက်မှာလည်း ခရမ်းလွန်ရောင်ခြည်၏ အပူဒဏ်ကြောင့် ကမ္ဘာတစ်ဝန်းလုံးတွင် တစ်နှစ်ထက်တစ်နှစ် အပူချိန်မြင့်တက်လာသည်။ အကယ်၍ အိုဇုန်းလွှာကသာ ခရမ်းလွန်ရောင်ခြည်ကို မကာကွယ်နိုင်တော့လျှင် လူ့အသားကို အနည်းငယ်သင့်ရုံမျှဖြင့် မီးလောင်သလို အဖုများပေါက်လာပြီး အရေပြားကင်ဆာ ဖြစ်ပွားတတ်သည်။ မျက်စိများ တိမ်စွဲတတ်သည်။ ဓာတ်ပြောင်းလဲမှုများကြောင့် ရောဂါအသစ်အဆန်းများလည်း ဖြစ်ပေါ်တတ်သည်ဟု ဆိုသည်။

ကမ္ဘာကြီးပူနွေးလာခြင်းသည် ကမ္ဘာ့မြေမျက်နှာပြင်နှင့် လေထုအတွင်းတွင် အပူချိန်တဖြည်းဖြည်း မြင့်တက်လာခြင်းကြောင့် ကမ္ဘာကြီးတစ်ခုလုံး အပူချိန်မြင့်တက်လာခြင်းကို ဆိုလိုပါသည်။

နေမှဖြာထွက်သောရောင်ခြည်များသည် ကမ္ဘာ့မြေမျက်နှာပြင်ပေါ်သို့ ကျရောက်ပြီးသည့်အခါ အချို့ကို ကမ္ဘာမြေပြင်ကစုပ်ယူထားပြီး အချို့သည် အပူလှိုင်း သို့မဟုတ် အနီအောက်ရောင်ခြည် (infrared radiation) အဖြစ် ပြောင်းလဲသွားသည်။ ယင်းအပူလှိုင်းများကို လေထုအတွင်းရှိ ကာဗွန်ဒိုင်အောက်ဆိုက်၊ မီသိန်း၊ နိုက်ထရပ်အောက်ဆိုက် စသည့်ဓာတ်ငွေ့များက စုပ်ယူထားခြင်းဖြင့် လူ၊ တိရစ္ဆာန်နှင့် သစ်ပင်တို့ ရှင်သန်နေထိုင်နိုင်ရန် သင့်တင့်မျှတသော အပူဓာတ်ကို ရရှိစေပါသည်။ အဆိုပါဓာတ်ငွေ့များသည် ကမ္ဘာကြီးကို ပူနွေးစေပြီး မှန်လုံအိမ်ကဲ့သို့ စွမ်းဆောင်ပေးနိုင်သဖြင့် မှန်လုံအိမ်ဓာတ်ငွေ့များ (Greenhouse Gases –GHGs) ဟု တင်စားကြသည်။

စက်မှုခေတ်ထွန်းကားလာသည့် အချိန်မှစတင်၍ စက်ရုံ၊ အလုပ်ရုံများ၊ စက်တပ်ယာဉ်များ တိုးပွားလာခြင်းကြောင့် ကျောက်မီးသွေး၊ ဓာတ်ဆီ၊ ဒီဇယ်၊ သဘာဝဓာတ်ငွေ့စသည့် ရုပ်ကြွင်းလောင်စာများ သုံးစွဲမှု တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာခဲ့ရာမှ လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုက်အပါအဝင် မှန်လုံအိမ်ဓာတ်ငွေ့များ အဆမတန်များပြားလာခဲ့သည်။ ဤနည်းဖြင့် ကမ္ဘာကြီး၏ အပူချိန်ကို မြင့်တက်လာစေရာ ယခုအခါ လွန်ခဲ့သော နှစ်ပေါင်း ၁၄၀ ကထက် ၁ ဒီဂရီ ဖာရင်ဟိုက် (သုည ဒသမ ၅ ဒီဂရီစင်တီဂရိတ်) ပိုမိုပူနွေးလာသည်ဟု ဆိုသည်။

ကလိုရိုဖလူရိုကာဗွန် (CFCs) ဓာတ်ငွေ့များက လေထုအတွင်း ၅၅ နှစ်မှ နှစ်ပေါင်း ၁၄၀ အထိ၊ ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန် (HCFCs) ဓာတ်ငွေ့များက ၁၃ နှစ်အထိ တည်ရှိနိုင်သည့်အပြင် ၎င်းတို့မှာပါဝင်သည့် ကလိုရင်းအက်တမ်တစ်လုံးက စထရာတိုစဖီးယား လေထုအလွှာရှိ အိုဇုန်းမော်လီကျူး အရေအတွက် တစ်သိန်းအထိကို ဖြိုခွဲဖျက်ဆီးနိုင်သည်ဟု သိရှိရသည်။ အိုဇုန်းလွှာပျက်စီးစေသည့် ဖြစ်စဉ်များက ကမ္ဘာကြီး ပူနွေးမှုဖြစ်ပေါ်စေပြီး ရာသီဥတုပြောင်းလဲမှုဖြစ်ပေါ်စေသည့် အကြောင်းအရင်းတစ်ခုဖြစ်သည်ဟု သိရသည်။

အိုဇုန်းလွှာပျက်စီးမှုကြောင့် ကမ္ဘာ့မြေပြင်ပေါ်သို့ ခရမ်းလွန်ရောင်ခြည်ကျရောက်မှု ပမာဏများပြားလာမည်ဖြစ်ပြီး လူတို့တွင် အရေပြားကင်ဆာရောဂါ၊ မျက်စိအတွင်းတိမ်စွဲခြင်းနှင့် ကိုယ်ခံအားကျဆင်းခြင်းတို့ ဖြစ်ပေါ်စေသည်။ ထို့အပြင် သီးနှံအထွက်နှုန်းကျဆင်းမှု၊ အဏ္ဏဝါဂေဟစနစ် ပျက်စီးမှုနှင့် ရုပ်ဝတ္ထုပစ္စည်း ယိုယွင်းပျက်စီးမှုများ ဖြစ်ပေါ်စေနိုင်သည်။ ခရမ်းလွန်ရောင်ခြည်ကျရောက်မှုကြောင့် ကမ္ဘာတစ်ဝန်း နှစ်စဉ်လူဦးရေ နှစ်သန်းမှ သုံးသန်းအထိ အရေပြားကင်ဆာရောဂါ ဖြစ်ပွားလျက်ရှိပြီး နှစ်စဉ် လူဦးရေ ၆၆၀၀၀ ခန့် သေဆုံးလျက်ရှိသည်ဟု ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ် (UNEP)၏ အစီရင်ခံစာများအရ သိရသည်။

### မြန်မာနိုင်ငံ ပါဝင်ဆောင်ရွက်မှု

မြန်မာနိုင်ငံအနေဖြင့် အိုဇုန်းလွှာ ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း၊ အိုဇုန်းလွှာပျက်စီးစေသည့် ဒြပ်ပစ္စည်းများထိန်းချုပ်ခြင်းဆိုင်ရာ မွန်ထရီရယ်နောက်ဆက်တွဲစာချုပ်နှင့် ပြင်ဆင်ချက်များဖြစ်သည့် လန်ဒန်ပြင်ဆင်ချက်၊ ကိုပင်ဟောဂင်ပြင်ဆင်ချက်၊ ပေကျင်း ပြင်ဆင်ချက်တို့တွင် ပါဝင်လက်မှတ်ရေးထိုးပြီး ကမ္ဘာ့နိုင်ငံများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ အိုဇုန်းလွှာပျက်စီးစေသည့် ဒြပ်ပစ္စည်းများဖြစ်သည့် ဟိုက်ဒရိုဘရိုမိုဖလူရိုကာဗွန် (HBFCs) ကို ၁၉၉၆ ခုနှစ်၊ ဘရိုမိုကလိုရိုမီသိန်း ($CH_2Brcl$) ကို ၂၀၀၂ ခုနှစ်၊ ကလိုရိုဖလူရိုကာဗွန် (CFCs)၊ ဟေလွန် (Halons)၊ ဟေလွန်ဂျင်နိတ်တက် ကလိုရိုဖလူရိုကာဗွန် (Halogenated CFCs)နှင့် ကာဗွန်တက်ထရာကလိုရိုက် ($CCl_4$) တို့ကို ၂၀၁၀ ပြည့်နှစ် မီသိုင်းဘရိုမိုက် ($CH_3Br$) ကို ၂၀၁၅ ခုနှစ်တွင် ပြည်တွင်းသို့ တင်သွင်းခြင်းကို အပြီးသတ်ရပ်ဆိုင်းခဲ့ပြီးဖြစ်သည်။

ထို့ပြင် ရေခဲသေတ္တာနှင့် လေအေးပေးစက်များ ပြုပြင်ခြင်းကဏ္ဍတို့၌ တွင်တွင်ကျယ်ကျယ် အသုံးပြုနေသော အိုဇုန်းလွှာပျက်စီးစေမည့် အဓိက ဒြပ်ပစ္စည်းတစ်မျိုးဖြစ်သည့် ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန် (HCFCs)များ တင်သွင်းအသုံးပြုမှုကို ၂၀၄၀ ပြည့်နှစ်တွင် အပြီးသတ်ရပ်ဆိုင်းသွားနိုင်ရေးအတွက် ၂၀၁၅ ခုနှစ်မှစတင်ကာ ကန့်သတ်ပမာဏအတိုင်း ခွဲတမ်းစနစ်ဖြင့် တင်သွင်းခွင့်ပြုကာ လျှော့ချထိန်းချုပ် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန် (HCFCs) ဒြပ်ပစ္စည်းများ တင်သွင်းအသုံးပြုခြင်းနှင့် ဆက်စပ်၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၊ လုပ်ငန်းရှင်များဖြင့် ပူးပေါင်းညှိနှိုင်းကာ ယင်းဒြပ်ပစ္စည်းများကို အများဆုံးအသုံးပြုသည့် မြင်းကောင်ရေ ၂ ဒသမ ၅ နှင့်အောက် အင်အားရှိသည့် လေအေးပေးစက်များ ပြည်တွင်းသို့ တင်သွင်းမှုကို ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၁ ရက်နေ့မှစတင်၍ တားမြစ်ခဲ့ကြောင်းလည်း သိရသည်။

**ကမ္ဘာကြီး၏ အိုဇုန်းလွှာအခြေအနေ ပြန်လည်ကောင်းမွန်လာခြင်းသည် ၁၉၈၇ ခုနှစ်တွင် ကမ္ဘာ့နိုင်ငံအသီးသီးက အိုဇုန်းလွှာကာကွယ်ရေးအတွက် လက်မှတ်ရေးထိုးခဲ့သည့် မွန်ထရီရယ်စာချုပ်၏ ရလဒ်များကြောင့်ဟုလည်း သုံးသပ်ကြသည်။ အဆိုပါ စာချုပ်အရ ကမ္ဘာ့နိုင်ငံအသီးသီးတွင် အိုဇုန်းလွှာ ထိခိုက်ပျက်စီးစေမည့်အရာများကို တားဆီးကာ အစားထိုးအသုံးပြုနိုင်ရန်အတွက် လက်မှတ်ထိုးခဲ့ကြရာ ၂၀၅၀ - ၂၀၇၀ ပြည့်နှစ်ခန့်တွင် ကမ္ဘာ့အိုဇုန်းလွှာ ထိခိုက်ပျက်စီးမှုသည် လျော့ပါးသွားပြီး အရင်အတိုင်း ပြန်ကောင်းမွန်လာမည်ဟု ခန့်မှန်းထားကြသည်။ ယခုကဲ့သို့ ပြောင်းလဲမှုကို ဆက်လက်ဖြစ်ပေါ်နေစေရန် လူသားအားလုံး ပြောင်းလဲမှုအတွက် ကြိုးစားရင်းကမ္ဘာကြီးကို စောင့်ရှောက်ကာကွယ်သွားသင့်**

စာမျက်နှာ ၁၁ သို့

# ကမမောင်းမြို့ရှိ ယာယီတိုက်ပွဲရှောင် ပြည်သူများအား ဆန်၊ ဆီနှင့် ရိက္ခာပစ္စည်းများ ထောက်ပံ့

**ဘားအံ စက်တင်ဘာ ၁၅**

လူမှုဝန်ထမ်းဦးစီးဌာန ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဒုတိယသုံးလပတ် လူမှုရေးပင်စင် ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားတွင် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ အသက် ၈၅နှစ်နှင့်အထက် အဘိုး ၄၀၂ ဦး၊ အဘွား ၆၀၀ ဦး စုစုပေါင်း ၁၀၀၂ ဦးအတွက် လူမှုရေးပင်စင် ထောက်ပံ့ငွေကျပ် ၃၀၀၆၀၀၀၀ ထောက်ပံ့ခြင်းကို ယမန်နေ့နံနက်ပိုင်းက လှိုင်းဘွဲ့မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး တက်ရောက်သည်။

**ဆက်ကပ်လှူဒါန်း**

ထို့ပြင် ပြည်နယ်ဝန်ကြီးချုပ်သည် မြိုင်ကြီးငူ နန်းဦးဘေးမဲ့ကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တဉာဏိကအား သွားရောက်ဖူးမြော်ကြည်ညို၍ နယ်စပ်ရေးရာဝန်ကြီးဌာနက မြိုင်ကြီးငူ နေရပ်ပြန်မိသားစုများအတွက် ထောက်ပံ့သည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ခြောက်လစာ ဆန်ဖိုးငွေကျပ်သိန်း ၉၀၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ထီးဖိုးကလုံး - မြိုင်ကြီးငူလမ်းပိုင်း ပြင်ဆင်ထိန်းသိမ်းစရိတ်၏ ၇၅ ရာခိုင်နှုန်း ငွေကျပ် ၁၅၃၀၀၀၀၀ နှင့် ဆွမ်းဆန်တော်၊ ဆီ၊ လျှုဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းခဲ့သည်။

အဆိုပါ ခရီးစဉ်အတွင်း ပြည်နယ်ဝန်ကြီးချုပ်နှင့်




အဖွဲ့သည် အရှေ့တောင်တိုင်း စစ်ဌာနချုပ် လှိုင်းဘွဲ့တပ်နယ်၏ အခြေခံစားကုန်နှင့် အသား၊ ငါး၊ ကြက်ဥများအား သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးနေမှုကိုလည်းကောင်း၊ လှိုင်းဘွဲ့မြို့ စည်ပင်သာယာဈေးကြီးအတွင်း ဈေးရောင်းဝယ်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လှိုင်းဘွဲ့မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၌ တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးကာ ဆန်၊ ဆီ၊ ကြက်ဥများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

အလားတူ ပြည်နယ်ဝန်ကြီးချုပ်သည် ကရင်ပြည်နယ် ကမမောင်းမြို့တွင် ယာယီတိမ်းရှောင်ရောက်ရှိနေသော တိုက်ပွဲရှောင်အိမ်ထောင်စု ၇၄၂ စု၊ လူဦးရေ ၃၂၂၁ ဦးအတွက် ဆန် ၃၀၉ အိတ်၊ ဆီ ၇၄၂ လီတာနှင့် ငွေကျပ် ၁၇၆၅၀၀၀၀ တန်ဖိုးရှိ Family Kit ၅၀၀၊ Hygiene Kit ၄၁၀ နှင့် အဝတ်အထည်၅၀၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် ကမမောင်းမြို့ ကိုးနဝင်းဘုန်းတော်ကြီးကျောင်း ဆရာတော် ဘဒ္ဒန္တကုသလအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဆန်၊ ဆီ၊ လှူဖွယ်ဝတ္ထုပစ္စည်းများ၊ နဝကမ္မအလှူငွေများနှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နယ်စပ်ရေးရာဝန်ကြီးဌာနက ထောက်ပံ့လှူဒါန်းသော ဘုန်းတော်ကြီးကျောင်းရှိ ကျောင်းသား ကျောင်းသူများအတွက် ဇူလိုင်လမှ စက်တင်ဘာလအထိ သုံးလစာ ဆန်ဖိုးထောက်ပံ့ငွေကျပ် သိန်း ၉၀ တို့ကို ဆက်ကပ်လှူဒါန်းခဲ့သည်။

အဆိုပါခရီးစဉ်အတွင်း ဖာပွန်မြို့နယ် ကမမောင်းမြို့ရှိ အသက် ၈၅ နှစ်နှင့်အထက် အဘိုး ၅၅ ဦး၊ အဘွား ၁၀၂ ဦး စုစုပေါင်း ၁၅၇ ဦးအတွက် လူမှုရေးပင်စင်ထောက်ပံ့ငွေကျပ် ၄၇၁၀၀၀၀ ထောက်ပံ့ခြင်း၊ လုံခြုံရေးတာဝန် ထမ်းဆောင်နေသော တပ်မတော်၊ နယ်ခြားစောင့်တပ်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့အား ထောက်ပံ့ငွေများပေးအပ်ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ပေးသည့် ဝန်ထမ်းများနှင့် အမှတ်(၁) အလယ်တန်းကျောင်း(ခွဲ) အတွက် ထောက်ပံ့ငွေများပေးအပ်ခြင်း၊ ဖာပွန်ခရိုင်၊ ဖာပွန်မြို့နယ်နှင့် ကမမောင်းမြို့တို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဌာနဆိုင်ရာဝန်ထမ်း ၆၃၃ ဦးအတွက် ဆန် ၁၅၈ အိတ်၊ ဆီ ၆၃၃ လီတာ ထောက်ပံ့ခြင်းနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မုဒုံမြို့နယ်၌ ငါးထုတ်လုပ်မှုတိုးတက်ရေးနှင့် ငါးသယံဇာတများ ထိန်းသိမ်းရေး အသိပညာပေး ဟောပြော

**မုဒုံ စက်တင်ဘာ ၁၅**

မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ ငါးထုတ်လုပ်မှုတိုးတက်ရေးနှင့် ငါးသယံဇာတများ ရေရှည် စဉ်ဆက်မပြတ် စားသုံးနိုင်ရေးအတွက် မော်လမြိုင်ခရိုင် မုဒုံမြို့နယ် ကတုံးပေါ်ကျေးရွာ၌ ငါးသယံဇာတထိန်းသိမ်းရေး အသိပညာပေး ဟောပြောခြင်းအခမ်းအနားကို စက်တင်ဘာ ၁၄ ရက် နံနက် ၁၁ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မော်လမြိုင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးလှမင်းဇော်က မွန်ပြည်နယ် ငါးလုပ်ငန်းဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် တားမြစ်ငါးဖမ်းနည်း၊ ငါးဖမ်းကိရိယာများဖြစ်သော အဆိပ်ချ၊ ဆေးချ၊ ရှော့တိုက်ငါးဖမ်းခြင်း၊ သေးငယ်သောတစ်လက်မအောက် ပိုက်ကွက်များဖြင့် ငါးမဖမ်းဆီးရေးကိစ္စများကိုလည်းကောင်း၊ ဒုတိယဦးစီးမှူးဒေါ်ခင်မာမြင့်က ငါးဖမ်းရေလုပ်သားများအား လူကုန်ကူးမှုကာကွယ်တားဆီးရေး၊ ကလေးအလုပ်သမားပပျောက်ရေးနှင့် သက်ဆိုင်သည့် ကိစ္စများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးသည်။ အခမ်းအနားသို့ မုဒုံမြို့နယ် ကတုံးပေါ်ကျေးရွာရှိ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရေလုပ်သားနှင့် ဒေသခံပြည်သူ ၅၀ တက်ရောက်ကြပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ပုသိမ်ပညာရေးဒီဂရီကောလိပ် လုပ်ငန်းခွင်အကြို မူလတန်း ဆရာအတတ်ပညာသင်တန်း ကျောင်းသား ကျောင်းသူများ ကြိုဆို

**ပုသိမ် စက်တင်ဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး အဆင့် ဌာနဆိုင်ရာများနှင့်အတူ ယနေ့နံနက်ပိုင်းက ပုသိမ်ပညာရေးဒီဂရီကောလိပ် ပညာရတနာခန်းမ၌ ကျင်းပသည့် လုပ်ငန်းခွင်အကြို မူလတန်း ဆရာအတတ်ပညာ သင်တန်း (PPTT-၈/၂၀၂၂) ကျောင်းသား ကျောင်းသူများ ကြိုဆိုပွဲသို့ တက်ရောက်ကြသည်။




ဦးစွာ လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်း (PPTT-၈/၂၀၂၂) ကျောင်းသား ကျောင်းသူများက ပုသိမ်ပညာရေးဒီဂရီကောလိပ်ကျောင်းသီချင်းအား သီဆို၍ အခမ်းအနားဖွင့်လှစ်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် ပညာရေးနှင့်ရင်းနှီးမြှုပ်နှံရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် တိုင်းဒေသကြီးအတွက် အားကိုးအားထားပြုနိုင်သည့် ဆရာ ဆရာမများဖြစ်စေရေး ကြိုးစားကြရန်နှင့် သင်တန်းမှ သင်ကြားပို့ချမှုများကို စနစ်တကျလေ့လာသင်ယူဆည်းပူးကြရန် မှာကြားပြီး သင်တန်းသား သင်တန်းသူများအတွက် ထောက်ပံ့ငွေများပေးအပ်ခဲ့ကာ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

ယနေ့တွင် တိုင်းဒေသကြီးအတွင်းရှိ ပုသိမ်၊ မြောင်းမြ၊ ဘိုကလေးပညာရေးဒီဂရီကောလိပ်များတွင် လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်း (PPTT-၈/၂၀၂၂) ကျောင်းသား ကျောင်းသူများကြိုဆိုပွဲများကို ဖွင့်လှစ်ကြပြီး ပုသိမ်ပညာရေးဒီဂရီကောလိပ်တွင် ကျောင်းသား ကျောင်းသူ ၁၀၄၉ ဦး၊ မြောင်းမြပညာရေး ဒီဂရီကောလိပ်တွင် ကျောင်းသား ကျောင်းသူ ၃၉၂ ဦးနှင့် ဘိုကလေးပညာရေးဒီဂရီကောလိပ်တွင် ကျောင်းသား ကျောင်းသူ ၅၆၂ ဦး တက်ရောက်လျက်ရှိကြပြီး သင်တန်းကို စက်တင်ဘာ ၁ ရက်မှ အောက်တိုဘာလ ၃၁ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

❍ စာမျက်နှာ ၁၀ မှ

### ပြန်လည်ကျန်းမာလာသည့် အိုဇုန်းလွှာ

ယခုချိန်တွင် အန္တာတိကတိုက်အပေါ်တွင်ရှိသော အိုဇုန်းလွှာအခြေအနေသည် ပြန်လည်ကောင်းမွန်လာခြင်းကို သိပ္ပံပညာရှင်များက လေ့လာတွေ့ရှိခဲ့ကြသည်။ ထိုအိုဇုန်းလွှာအပေါက်အကျယ်အဝန်းကို ပြန်လည်တိုင်းတာကြည့်ခဲ့ရာ ပြန်လည်ကောင်းမွန်လာသည့် လက္ခဏာများတွေ့ရှိရသည်။ ၂၀၁၅ ခုနှစ်ခန့်ကတည်းက ပျက်စီးနေသည့် အိုဇုန်းလွှာအပေါက်ပမာဏ ဧရိယာလျော့နည်းလာသည်ကို တွေ့ရှိခဲ့ကြသည်။ ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း အိုဇုန်းလွှာအပေါက်အရွယ်အစား အသေးငယ်ဆုံးဖြစ်လာသည်ကို စတင်တွေ့ရှိခဲ့ကြခြင်းဖြစ်သည်။

ကမ္ဘာကြီး၏ အိုဇုန်းလွှာအခြေအနေ ပြန်လည်ကောင်းမွန်လာခြင်းသည် ၁၉၈၇ ခုနှစ်တွင် ကမ္ဘာ့နိုင်ငံအသီးသီးက အိုဇုန်းလွှာကာကွယ်ရေးအတွက် လက်မှတ်ရေးထိုးခဲ့သည့် မွန်ထရီရယ်စာချုပ်၏ ရလဒ်များကြောင့်ဟုလည်း သုံးသပ်ကြသည်။ အဆိုပါစာချုပ်အရ ကမ္ဘာ့နိုင်ငံအသီးသီးတွင် အိုဇုန်းလွှာထိခိုက်ပျက်စီးစေမည့်အရာများကို တားဆီးကာ အစားထိုးအသုံးပြုနိုင်ရန်အတွက် လက်မှတ်ထိုးခဲ့ကြရာ ၂၀၅၀ -၂၀၇၀ ပြည့်နှစ်ခန့်တွင် ကမ္ဘာ့အိုဇုန်းလွှာထိခိုက်ပျက်စီးမှုသည် လျော့ပါးသွားပြီး အရင်အတိုင်း ပြန်ကောင်းမွန်လာမည်ဟု ခန့်မှန်းထားကြသည်။

မွန်ထရီရယ် နောက်ဆက်တွဲစာချုပ်အရ ကမ္ဘာ့နိုင်ငံအားလုံး၏ အိုဇုန်းလွှာကာကွယ်ရေးကြိုးပမ်းမှုများကြောင့် ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၀ ပြည့်နှစ်အတွင်း ကာဗွန်ဒိုင်အောက်ဆိုက် ၃၅ ဘီလီယံတန်ခန့်နှင့်ညီမျှသည့် အိုဇုန်းလွှာကိုပျက်စီးစေသော ဓာတ်ငွေ့များ လေထုအတွင်း ထုတ်လွှတ်မှုကို တားဆီးပေးနိုင်ခဲ့ခြင်းဖြင့် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးကို ပံ့ပိုးပေးနိုင်ခဲ့သည်ဟု ဆိုသည်။

အိုဇုန်းလွှာအပေါက်ကို ပြန်လည်ကုစားနိုင်သည့် လက္ခဏာများ တွေ့ရှိလာခြင်းကြောင့် နောက်ပိုင်းတွင် ရာသီဥတုဖောက်ပြန်မှုများပါ ပြောင်းလဲသွားနိုင်ကြောင်း သိပ္ပံပညာရှင်များက ခန့်မှန်းထားသည်။ ယခုကဲ့သို့ ပြောင်းလဲမှုကို ဆက်လက်ဖြစ်ပေါ်နေစေရန် လူသားအားလုံး ပြောင်းလဲမှုအတွက် ကြိုးစားရင်း ကမ္ဘာကြီးကို စောင့်ရှောက်ကာကွယ်သွားသင့်ကြောင်း ဆိုကြသည်။ ၂၀၂၂ ခုနှစ် အတွက် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ဆောင်ပုဒ်ဖြစ်သော “Global Cooperating Protecting Life on Earth” လက်ရှိမြေကမ္ဘာရှင်သန်ရေး၊ အိုဇုန်းလွှာကို ပူးပေါင်းကာကွယ်ရေးဆိုသည့်အတိုင်း ဆောင်ရွက်သွားနိုင်ပါရန် ရေးသားလိုက်ရပေသည်။ ။

# ဓာတ်ခွဲနမူနာစုစုပေါင်း ၁၁၈၃၀ စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၅၉ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၅-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၄-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၅-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၁,၈၃၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၅၉) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၂.၁၉) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၈၉၀,၇၁၂) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၇,၉၉၈) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၆၉) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၄,၇၂၁) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိသေဆုံးသူစုစုပေါင်း (၁၉,၄၄၄) ဦး ရှိပါသည်။

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၇-၉-၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေများကို ဆန်းစစ်ချက်အရ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူများ၏ (၈၀) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးလုံးဝထိုးနှံထားခြင်းမရှိဘဲ (၁၅.၉) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး (၁) ကြိမ်ထိုးနှံထားပြီး (၄) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားရှိ၍ (၀.၁)ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ် ဆေးထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

### ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုနှင့် ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေ

| ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများ၏ | | | |
|---|---|---|---|
| ၈၀ ရာခိုင်နှုန်းသည် | ၁၅.၉ ရာခိုင်နှုန်းသည် | ၄ ရာခိုင်နှုန်းသည် | ၀.၁ ရာခိုင်နှုန်းသည် |
| ကာကွယ်ဆေး လုံးဝ ထိုးနှံထားခြင်း မရှိသူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး (၁) ကြိမ် ထိုးနှံထားသူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ် ပြည့် ထိုးနှံထားသူများ ဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြပါသည်။ |

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၇-၉-၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူများ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ဆေးထိုးနှံထားရှိမှု အခြေအနေများကို ဆန်းစစ်ချက်အရ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူများ၏ (၈၄.၁) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးလုံးဝထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားခြင်းမရှိသူများ ဖြစ်ကြပြီး (၁၄.၄) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံထားရှိသူများဖြစ်ကာ (၁.၅) ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

### ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူများနှင့် ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ

| ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူများ၏ | | |
|---|---|---|
| ၈၄.၁ ရာခိုင်နှုန်းသည် | ၁၄.၄ ရာခိုင်နှုန်းသည် | ၁.၅ ရာခိုင်နှုန်းသည် |
| ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားခြင်းမရှိသူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ် ပြည့် ထိုးနှံထားသူများ ဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြပါသည်။ |

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/ သေဆုံးမှုတို့ကို လေ့လာသုံးသပ်ချက်အရ ကာကွယ်ဆေးထိုးနှံထားသူများတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုကိုလျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံခြင်းဖြင့်လည်း ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုကို လျှော့ချနိုင်ကြောင်းကို တွေ့ရှိရသည်ဖြစ်ရာ မိဘပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို စနစ်တကျတပ်ဆင်ခြင်းနှင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို မပျက်မကွက်ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၇၃၄၀၀၁၆ | ၉၃၅၇၀၁၄၆ | ၁၀၇၇၄၇၇ |
| ၂။ | အိန္ဒိယ | ၄၄၅၁၆၄၇၉ | ၄၃၉၄၁၈၄၀ | ၅၂၈၂၅၀ |
| ၃။ | ပြင်သစ် | ၃၄၇၉၈၁၃၆ | ၃၄၂၇၄၁၂၇ | ၁၅၄၆၁၁ |
| ၄။ | ဘရာဇီး | ၃၄၆၀၂၆၆၂ | ၃၃၆၉၆၆၂၄ | ၆၈၅၁၇၉ |
| ၅။ | ဂျာမနီ | ၃၂၆၀၄၉၉၃ | ၃၁၈၄၉၇၀၀ | ၁၄၈၇၂၈ |
| ၆။ | တောင်ကိုရီးယား | ၂၄၂၆၄၄၇၀ | ၂၂၉၅၆၂၂၅ | ၂၇၆၆၅ |
| ၇။ | ဗြိတိန် | ၂၃၅၅၄၅၁၉ | ၂၃၂၈၈၂၅၀ | ၁၈၉၀၂၆ |
| ၈။ | အီတလီ | ၂၂၀၉၆၄၅၀ | ၂၁၄၆၉၁၄၆ | ၁၇၆၄၀၄ |
| ၉။ | ဂျပန် | ၂၀၃၉၉၉၃၃ | ၁၉၄၁၅၅၅၇ | ၄၃၁၇၇ |
| ၁၀။ | ရုရှား | ၂၀၂၆၅၀၀၄ | ၁၉၂၄၄၈၅၆ | ၃၈၅၇၂၇ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၄၅၀၉၉၉ | ၁၀၄၄၈၈၀၃ | ၄၃၁၃၇ |
| ၂။ | အင်ဒိုနီးရှား | ၆၄၀၂၆၈၆ | ၆၂၁၅၇၁၁ | ၁၅၇၈၄၉ |
| ၃။ | မလေးရှား | ၄၈၁၁၃၂၇ | ၄၇၄၈၇၃၂ | ၃၆၂၉၆ |
| ၄။ | ထိုင်း | ၄၆၇၁၃၀၉ | ၄၆၂၈၃၀၉ | ၃၂၅၉၄ |
| ၅။ | ဖိလစ်ပိုင် | ၃၉၁၃၅၃၆ | ၃၈၂၆၂၄၆ | ၆၂၄၄၇ |
| ၆။ | စင်ကာပူ | ၁၈၆၉၅၉၁ | ၁၇၈၉၆၇၈ | ၁၆၀၅ |
| ၇။ | မြန်မာ | ၆၁၇၉၉၈ | ၅၉၄၇၂၁ | ၁၉၄၄၄ |
| ၈။ | ဘရူနိုင်း | ၂၃၀၅၉ | ၂၁၉၅၆၁ | ၂၂၅ |
| ၉။ | လာအို | ၂၁၅၂၇၂ | ၂၀၈၃၄၄ | ၇၅၇ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၇၄၅ | ၁၃၄၆၃၃ | ၃၀၅၆ |

## လယ်ဝေးမြို့ပေါ်ရှိ ပြည်သူများအား ဈေးနှုန်းသက်သာစွာဖြင့် ဆန်များရောင်းချပေး

လယ်ဝေး စက်တင်ဘာ ၁၅

လယ်ဝေးမြို့ပေါ် ရပ်ကွက်များ၌ နေထိုင်ကြသည့် ပြည်သူများကို ယနေ့ညနေပိုင်းက ဈေးနှုန်းသက်သာစွာဖြင့် ဆန်များရောင်းချပေးခဲ့ကြောင်း သိရသည်။

**စနစ်တကျရောင်းချပေးခဲ့**

အဆိုပါဆန်များကို နေပြည်တော်ကောင်စီက ရောင်းချပေးခြင်းဖြစ်ပြီး လယ်ဝေးမြို့နယ် အမှတ်(၁)ရပ်ကွက်ရှိ ပြည်သူများအား အိမ်ထောင်စုတစ်စုလျှင် ဆန်တစ်ပြည်နှုန်း၊ ဆန်တစ်ပြည်လျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် စုစုပေါင်း ၁၃၉ ပြည်ကို စနစ်တကျရောင်းချပေးခဲ့ကြောင်းနှင့် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



## တောင်ကိုရီးယားအစိုးရက Google နှင့် Meta ကုမ္ပဏီတို့အား ကိုယ်ရေးကိုယ်တာဥပဒေချိုးဖောက်မှုအပေါ် ဝမ် ဘီလီယံ ၁၀၀ ခန့် ဒဏ်ငွေရိုက်




**ဆိုးလ် စက်တင်ဘာ ၁၅**

တောင်ကိုရီးယားအစိုးရက Google နှင့် Meta ကုမ္ပဏီတို့သည် ကိုယ်ရေးကိုယ်တာဥပဒေ ချိုးဖောက်ခဲ့ခြင်းကြောင့် ၎င်းတို့အား ဝမ်ဘီလီယံ ၁၀၀ (အမေရိကန်ဒေါ်လာ ၇၂ သန်း)ခန့် ဒဏ်ငွေ ချမှတ်ခဲ့ကြောင်း ယမန်နေ့သတင်းများအရ သိရသည်။

တောင်ကိုရီးယားနိုင်ငံ၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များ ကာကွယ်ရေးကော်မရှင်က အဆိုပါကုမ္ပဏီနှစ်ခုသည် နိုင်ငံအတွင်းသုံးစွဲသူများ၏ သဘောတူညီချက်မရှိဘဲ ၎င်းတို့၏ ဒေတာအချက်အလက်များကို စုဆောင်းကာ ကြော်ငြာများအတွက် အသုံးပြုခဲ့ကြောင်း ပြောကြားသည်။

အဆိုပါကော်မရှင်က Google ကုမ္ပဏီအား ဝမ် ၆၉ ဒသမ ၂ ဘီလီယံ (အမေရိကန်ဒေါ်လာ သန်း ၅၀)နှင့် Facebook ခေါ် Meta ကုမ္ပဏီအား ဝမ် ၃၀ ဒသမ ၈ ဘီလီယံ(အမေရိကန်ဒေါ်လာ ၂၂ သန်း)ခန့် အသီးသီး ဒဏ်ရိုက်ခဲ့ကြောင်း သိရသည်။

အဆိုပါဒဏ်ကြေးငွေသည် နိုင်ငံအတွင်းချမှတ်ထားသည့် ကိုယ်ရေးကိုယ်တာ အချက်အလက်ကာကွယ်စောင့်ရှောက်ရေးဥပဒေအရ ဒဏ်ကြေးငွေပမာဏ အမြင့်ဆုံးဖြစ်ကြောင်း ကော်မရှင်ကဆိုသည်။

Google သည် အဆိုပါကိစ္စနှင့်ပတ်သက်ပြီး နောင်တကြီးစွာရရှိပါကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီး ကိုယ်ရေးကိုယ်တာအချက်အလက်များ ကာကွယ်ရေးကော်မရှင်နှင့် ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း ယွန်ဟပ်သတင်းအေဂျင်စီက သတင်းဖော်ပြသည်။

သို့သော် Meta ကုမ္ပဏီက ကော်မရှင်၏ဆုံးဖြတ်ချက်ကို သဘောတူညီမှုမရှိပါကြောင်းနှင့် ဖြစ်နိုင်သမျှနည်းလမ်းများစွာဖြင့် ပြန်လည်ချေပသွားမည်ဖြစ်ကြောင်း Meta ကုမ္ပဏီမှ အရာရှိတစ်ဦး၏ ပြောကြားချက်ကို ကိုးကားပြီး ယွန်ဟပ်သတင်းအေဂျင်စီက သတင်းဖော်ပြသည်။ **ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အောင်ကျော်ကျော်**

## ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာ ရာထူးသက်တမ်းကုန်ဆုံးခြင်းအပေါ် တရားရုံးက စက်တင်ဘာ ၃၀ ရက်တွင် စီရင်ချက်ချမှတ်မည်

**ဗန်ကောက် စက်တင်ဘာ ၁၅**

ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာ ရာထူးတာဝန်များကို ဆက်လက်ထမ်းဆောင်မည်လား သို့မဟုတ် ရာထူးမှအနားယူရမည်လားဆိုသည့် ကိစ္စနှင့်ပတ်သက်ပြီး ထိုင်းတရားရုံးက စီရင်ချက်ချမှတ်မည့်ရက်ကို ယမန်နေ့တွင် သတ်မှတ်ခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ တရားရုံးက အဆိုပါကိစ္စရပ်အပေါ် လုံလောက်သည့် သက်သေအထောက်အထားများ ရှိပြီဖြစ်သည့်အတွက် စက်တင်ဘာ ၃၀ ရက်တွင် စီရင်ချက်ချမှတ်မည်ဖြစ်ကြောင်း တရားဝင်ပြောကြားသည်။



ဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာ၏ ရာထူးသက်တမ်း ကုန်ဆုံးသွားပြီဖြစ်ကြောင်း ဖော်ပြထားသည့် အတိုက်အခံပါတီများ၏ အသနားခံလွှာကို အဆိုပါတရားရုံးက လက်ခံခဲ့ပြီးနောက် ဝန်ကြီးချုပ်၏ လုပ်ငန်းတာဝန်များကို ယာယီရပ်ဆိုင်းထားကြောင်း သိရသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဝန်ကြီးချုပ်တစ်ဦးသည် ရာထူးသက်တမ်း ရှစ်နှစ်အထိသာ တာဝန်ထမ်းဆောင်ခွင့်ရှိကြောင်း ဖော်ပြထားသည်။

၂၀၁၄ ခုနှစ်တွင် အာဏာသိမ်းပြီးနောက် ဝန်ကြီးချုပ်ချန်အိုချာသည် ၎င်း၏ရာထူးကို ပြန်လည်ရယူခဲ့ကြောင်း အတိုက်အခံများက ဆိုသည်။

သို့သော် လက်ရှိဖွဲ့စည်းပုံအခြေခံ ဥပဒေစတင်အသက်ဝင်ချိန် သို့မဟုတ် အထွေထွေရွေးကောက်ပွဲကျင်းပသည့် ၂၀၁၇ ခုနှစ်မှသာ ၎င်း၏ရာထူးသက်တမ်းသည် စတင်ခဲ့ခြင်းဖြစ်ကြောင်း ဝန်ကြီးချုပ်အား ထောက်ခံသူများက ဆိုသည်။

တရားရုံး၏စီရင်ချက်သည် ထိုင်းနိုင်ငံရေးအပေါ် ရေရှည်အကျိုးသက်ရောက်မှုများစွာ ရှိနိုင်သည်။

တရားရုံးက ဝန်ကြီးချုပ်၏ရာထူးသက်တမ်းကုန်ဆုံးသွားပြီဟု ဆုံးဖြတ်ပါက ဝန်ကြီးချုပ်အား ရာထူးတာဝန်များ ဆောင်ရွက်ခြင်းမှ ဆက်လက်ဆိုင်းငံ့ထားပြီး လွှတ်တော်က ဝန်ကြီးချုပ်အသစ်အားရွေးချယ်ရမည်ဖြစ်သည်။

သို့သော် အဆိုပါလုပ်ငန်းစဉ်များ ဆောင်ရွက်ရန် အချိန်အနည်းငယ်ကြာမြင့်နိုင်ဖွယ်ရှိသည်။

အလားတူ နိုဝင်ဘာလတွင် ကျင်းပမည့် အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး ထိပ်သီးအစည်းအဝေးနှင့် လာမည့်နှစ်အစောပိုင်းတွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကဲ့သို့သော နိုင်ငံ၏အဓိကကျသည့် လုပ်ငန်းစဉ်များ မတိုင်မီ နိုင်ငံရေးမတည်ငြိမ်မှုများ ဖြစ်ပေါ်လာမည်ကို စိုးရိမ်မှုများ မြင့်တက်လျက်ရှိကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အောင်ကျော်ကျော်**

## ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ၃၁ ဦး ထပ်မံသေဆုံး

**မနီလာ စက်တင်ဘာ ၁၅**

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုကြောင့် ၃၁ ဦး ထပ်မံသေဆုံးခဲ့သည့်အတွက် အဆိုပါရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၆၂၄၄၇ ဦး ရှိကြောင်း ဖိလစ်ပိုင်နိုင်ငံကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါကူးစက်ခံရသူ ၂၁၄၁ ဦး ထပ်မံတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၃၉၁၃၅၃၆ ဦးရှိကြောင်း သိရသည်။ လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၂၄၈၄၃ ဦး ရှိသည်။ ရောဂါထပ်မံကူးစက်ခံရသူများအနက် ၁၀၀၂ ဦးသည် မြို့တော်မနီလာမှ တွေ့ရှိရခြင်းဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်တွင် နေ့စဉ်ကူးစက်မှုအရေအတွက် ၃၉၀၀၄ ဦးဖြင့် စံချိန်တင်ခဲ့သည်။ လူဦးရေ သန်း ၁၁၀ ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ပြည်သူ ၇၂ ဒသမ ၈ သန်းကျော်အား ကာကွယ်ဆေးအပြည့်အဝ ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်**

## မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၄၃၁ ဦး ထပ်မံတွေ့ရှိ

**ကွာလာလမ်ပူ စက်တင်ဘာ ၁၅**

မလေးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၂၄၃၁ ဦး ထပ်မံတွေ့ရှိခဲ့ရာ လက်ရှိအချိန်အထိ ရောဂါကူးစက်ခံရသူပေါင်း ၄၈၁၁၃၂၇ ဦးရှိကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

ရောဂါထပ်မံကူးစက်ခံရသူများအနက် ရှစ်ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ကျန် ၂၄၂၃ ဦးသည် ပြည်တွင်းကူးစက်ခံရသူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်ကိန်းဂဏန်းများအရ သိရသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ငါးဦးထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကူးစက်ခံရမှုကြောင့် သေဆုံးသူပေါင်း ၃၆၂၉၆ ဦးရှိလာပြီဖြစ်သည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ၁၈၂၀ ကျန်းမာရေးပြန်လည်ကောင်းမွန်လာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့ရာ ရောဂါပြန်လည်သက်သာလာသူပေါင်း ၄၇၄၈၇၃၂ ဦးရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၂၆၂၉၉ ဦးရှိပြီး ယင်းတို့အနက် ၆၂ ဦးသည် ရောဂါပြင်းထန်စွာ ခံစားနေရပြီး ၄၀ သည် အသက်ရှူအထောက်အကူပြုကိရိယာများ တပ်ဆင်ထားရကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်**

## တရုတ်နိုင်ငံ၌ ၂၀၂၅ ခုနှစ်တွင် အဆင့်မြင့်နည်းပညာရပ်ဝန်းပေါင်း ၂၂၀ အထိ ရှိလာမည်



**ပေကျင်း စက်တင်ဘာ ၁၅**

တရုတ်နိုင်ငံ၌ လက်ရှိအချိန်အထိ အဆင့်မြင့်နည်းပညာရပ်ဝန်း ၁၇၃ ခု တည်ထောင်ပြီးဖြစ်ပြီး (၁၄)ကြိမ်မြောက် ငါးနှစ်စီမံကိန်းကာလ ၂၀၂၁–၂၀၂၅ အကုန်တွင် အဆိုပါရပ်ဝန်းအရေအတွက်သည် ၂၂၀ အထိ တိုးတက်များပြားလာမည်ဖြစ်ကြောင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက ယမန်နေ့တွင် ပြောကြားသည်။

အဆိုပါ နည်းပညာမြင့်ရပ်ဝန်းများ၏ စုစုပေါင်းကုန်ထုတ်တန်ဖိုးသည် ၂၀၁၂ ခုနှစ်တွင် ယွမ် ၅ ဒသမ ၄ ထရီလီယံ (အမေရိကန်ဒေါ်လာ ၇၈၁ ဒသမ ၃ ဘီလီယံ)ရှိခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် ယွမ် ၁၅ ဒသမ ၃ ထရီလီယံရှိခဲ့ကြောင်း သိရသည်။

လွန်ခဲ့သည့်ဆယ်စုနှစ်များအတွင်း အဆင့်မြင့်နည်းပညာရပ်ဝန်းများသည် ကွမ်တမ်သတင်းအချက်အလက်၊ မြန်နှုန်းမြင့်ရထားလမ်းများ၊ BeiDou ဂြိုဟ်တုလွှတ်တင်ရေးစနစ်၊ လေယာဉ်ကြီးများနှင့် 5G ဆက်သွယ်ရေးစနစ်စသည့် နယ်ပယ်များတွင် ကြီးမားသည့် အောင်မြင်မှုများရရှိရန် စွမ်းဆောင်ပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် အဆိုပါ အဆင့်မြင့်နည်းပညာရပ်ဝန်းများသည် အမျိုးသားသိပ္ပံနှင့် နည်းပညာဆိုင်ရာ မစ်ရှင်များ၊ ရေငုပ်သင်္ဘော Jiaolong ၏ဖွံ့ဖြိုးတိုးတက်မှု၊ Shenzhou–14 အာကာသယာဉ်လွှတ်တင်မှုနှင့် ကိုဗစ်–၁၉ရောဂါ ကာကွယ်ဆေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် စွမ်းဆောင်ပေးလျက်ရှိကြောင်း သိရသည်။

၂၀၂၅ ခုနှစ်နှောင်းပိုင်းတွင် တရုတ်နိုင်ငံ၌ အဆိုပါ အဆင့်မြင့်နည်းပညာရပ်ဝန်းပေါင်း ၂၂၀ ခန့်ရှိလာမည်ဖြစ်ပြီး နိုင်ငံ၏ ဒေသအများအပြားကို လွှမ်းခြုံထားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – အောင်ကျော်ကျော်**

# ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၁၀)ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ (၁၂-၉-၂၀၂၂) နေ့က ပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် (၁၈-၇-၂၀၂၂)နေ့မှ (၂-၉-၂၀၂၂) နေ့ထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ မဂ္ဂဇင်း တစ်ဦးနှင့် အထွေထွေ ၂၀ ဦး ပေါင်း ၂၁ ဦးကို လည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်းလျှောက်ထားသူ တစ်ဦးကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄) နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၆၉၈ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၃၂၀၁ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၉၆ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၅၂၉၅ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

# တရားမဝင် သစ်မျိုးစုံ၊ မီးသွေး၊ လူသုံးကုန်ပစ္စည်းမျိုးစုံနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၁၅

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၂ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံး ဦးဆောင်သောအဖွဲ့က မော်လမြိုင်မြို့မှ ကျောက်ပန်းတောင်းမြို့သို့ သွားရောက်မည့် ယာဉ်တစ်စီးပေါ်၌ တရားဝင် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၈၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် ၁၂ ဘီးယာဉ် တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းအရ လည်းကောင်း၊ စက်တင်ဘာ ၁၅ ရက်တွင် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်များအတွင်း တရားမဝင် သစ်မျိုးစုံ ၁၃ ဒသမ ၉၉၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၅၂၀၈၄)ကို သစ်တောဥပဒေအရ လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က နတ္တလင်းမြို့နယ် ရန်ကုန်-ပြည်ကားလမ်း မိုင်တိုင်အမှတ် (၁၃၈/၃)နှင့် (၁၃၈/၄)အကြား၌ လိုင်စင်မဲ့ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၄၃၇၀၈၄ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဟင်္သာတမြို့နယ်အတွင်း တရားမဝင် ကျွန်းတံခါးချပ် ၇ ဒသမ ၉၆၃၆ တန်(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၅၄၇၈၈)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စက်တင်ဘာ ၁၃ ရက်တွင် အကောက်ခွန်ဦးစီးဌာန စုံစမ်းစစ်ဆေးရေးနှင့် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဌာနခွဲမှ ဦးဆောင်သည့် စစ်ဆေးရေးအဖွဲ့သည် သတင်းအရ မြဝတီ-ဘားအံ-ရန်ကုန် လမ်းကြောင်းတစ်လျှောက် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဇရပ်ကွင်းကျေးရွာ အမှတ်(၂)လမ်းဆုံအနီး၌ ယာဉ်တစ်စီးပေါ်တွင် သွင်းကုန်ကြေညာလွှာ (ID)၌ ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော လူသုံးကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၄၇၈၃၆၆)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် ၁၂ ဘီးယာဉ် တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၄၇၈၃၆၆ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ပဲခူးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ယင်းအပြင် စက်တင်ဘာ ၁၄ ရက်တွင် ရခိုင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သံတွဲမြို့နယ်နှင့် တောင်ကုတ်မြို့နယ်တို့အတွင်း တရားမဝင်သစ်မျိုးစုံ ၂ ဒသမ ၈၅၉၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၈၇၀၀)ကိုသိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဟုမ္မလင်းမြို့နယ်အတွင်း Yamaha FZ အမျိုးအစား လိုင်စင်မဲ့ဆိုင်ကယ် တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀)ကို လည်းကောင်း၊ ရွှေဘိုမြို့နယ်အတွင်း Kenbo 125 အမျိုးအစား လိုင်စင်မဲ့ဆိုင်ကယ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မကွေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးခရိုင် နတ်မောက်မြို့နယ်အတွင်း တရားမဝင် မီးသွေး ၃၇ ဒသမ ၃၀၆၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀)နှင့် အဆိုပါ မီးသွေးအိတ်များ တင်ဆောင်လာသည့် ယာဉ်တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၃၅၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စက်တင်ဘာ ၁၅ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကုန်တင်ယာဉ် တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသည့် အဝတ်အထည်များ(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၆၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ စက်တင်ဘာ ၁၂ ရက်၊ ၁၃ ရက်၊ ၁၄ ရက်နှင့် ၁၅ ရက်နေ့တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၈ မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၁၃၅၈၉၃၈)ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# ဥပဒေဘောင်တွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၆-၉-၂၀၂၂ သောကြာနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | မေတ္တာသုတ်၊ ရတနသုတ်၊ မောရှုံသုတ် အန္တရာယ်ကင်းပရိတ်တရားတော် |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၃၅ | ရှုရှားခရီးစဉ်မှတ်တမ်း(ပထမပိုင်း) |
| ၀၉:၁၀ | မျက်မှောက်ရေးရာအဖြာဖြာ |
| ၀၉:၄၀ | Soccer View |
| ၁၀:၀၀ | သတင်းထဲကသတင်း |
| ၁၀:၃၀ | လူမှုစီးပွားမြင်ကွင်းများ |
| ၁၁:၅၀ | ကမ္ဘာ့အပူချိန်လျော့ချဖို့ အိုဇုန်းလွှာကိုထိန်းသိမ်းကြပါစို့ |
| ၁၃:၃၀ | MRTV National News |
| ၁၆:၃၅ | လူငယ်ရေးရာအစီအစဉ် |
| ၁၇:၃၅ | Weekly Sports Info |
| ၁၇:၄၀ | အရှေ့ဗျာစီးပွားရေးဖိုရမ်မှသည် ပန်းတိုင်ဆီသို့ |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၃၅ | သုတဝေဖြာသီရိဂေဟာ |
| ၁၉:၁၀ | မြန်မာဇာတ်လမ်းတွဲ 'အချစ်ရဲ့ အိပ်မက်တန်ဖိုး' (အပိုင်း-၁၈) |
| ၁၉:၄၀ | ရှုရှားခရီးစဉ်မှတ်တမ်း(ဒုတိယပိုင်း) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြု 'ထူးဆုဉ္ဇြေပျော်ဂီတပွဲတော် Season-2' တေးသီချင်းဆိုပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု (အုပ်စု-၁)(ပွဲစဉ်-၃) |

### mitv

| | |
|---|---|
| 07:02 | Evergreen Classic: Zambudipar (Shwe Yee Win) |
| 07:09 | The Mandolinist |
| 07:36 | Mularsheedi we love! |
| 07:46 | Irrawaddy Dolphin (Part-2) |
| 08:01 | News |
| 08:28 | A Memorable Visit to AlaungdawKathapa National Park |
| 09:01 | Myanmar Puppeteers (ThaNge Taw Dance) |
| 09:11 | Mhaw Yaw Gyi Elephant Camp |
| 09:26 | Fine Arts Podium (Conch Shell Wind Instrument) |
| 09:41 | Products of Myanmar - Seashells Products |
| 10:35 | An Ode To Love |
| 10:37 | DaytamotbaratSasana Land |

### MRTV NRC

အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)
ကြယ်ကလေးအတွက်ပုံပြင်

ချင်း (လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)
သွေးလွန်တုပ်ကွေးရောဂါအကြောင်းသိကောင်းစရာ

ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀)
တစေးပြုလုပ်ခြင်း

မွန် (၀၉:၀၀ မှ ၁၁:၀၀)
သွားလည်ကြပယ်ဇင်းကျိုက်ရေတံခွန်ဆီ

ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)
အမှောင်ကမ္ဘာထဲမှစွမ်းအားရှင်လေးများ

ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)
မွေ့ခံထိုက်သူ(ပညာပေးဇာတ်လမ်းတို)

ဝ (၁၅:၀၀ မှ ၁၇:၀၀)
စာအတူတူဖတ်ကြရအောင်

ကချင် (၁၇:၀၀ မှ ၁၉:၀၀)
လော်ဝေါ်ရိုးရာဝတ်စားဆင်ယင်ပုံ

ကယား (၁၉:၀၀ မှ ၂၁:၀၀)
ကယားဘာသာစကားပြောကြရအောင်(အပိုင်း-၉)

ပကြောကရင် (၂၁:၀၀ မှ ၂၂:၀၀)
ဘွဲ့ကရင်တိုင်းရင်းသားတို့ရဲ့ ထိန်းသိမ်းထားသောရိုးရာတူရိယာများ

အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)
အနောက်တောင်အရပ်တကျွန်းမြို့ဆီသို့

### MRTV NEWS

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၉:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၀၉:၄၅ | ကမ္ဘာ့အပူချိန်လျော့ချဖို့ အိုဇုန်းလွှာကိုထိန်းသိမ်းကြပါစို့ |
| ၁၁:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၃:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၅:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၆:၀၀ | သတင်းမှန်ကဏ္ဍ |
| ၁၇:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၂၀:၀၀ | ပြည်တွင်းသတင်း (LIVE) |

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလဲ |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ကူးစက်ရောဂါပြန့်ပွားစေသည်ပေါ့လျော့မှု' |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ |
| ၁၀:၃၀ | ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၈) |
| ၁၁:၀၀ | PR SYSTEM ရှင်းလင်းပွဲ |
| ၁၁:၃၀ | အတွေးအမြင် (အပိုင်း-၈) |

### MRTV FARMERS'

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက် |
| ၀၆:၀၂ | တောင်သူလယ်သမားရေးရာသတင်း |
| ၀၆:၅၀ | ဓာတ်မြေဩဇာသုံးစွဲမှုလျော့ချဖို့ သဘာဝမြေဩဇာပြုလုပ်သုံးစွဲကြပါစို့ |
| ၀၇:၀၀ | ကျေးလက်တွန်ရက် |
| ၀၇:၄၅ | အချိုဓာတ်မြင့်မားဖို့ကြံရွက်ချကြပါစို့ |
| ၀၉:၀၀ | မြသားနှင့်လယ်ပြင်မျိုးသန့်နှင့်အလုဆင် |
| ၀၉:၃၅ | ထန်းပင်တွေရဲ့အကြောင်း ထန်းတောင်သူတို့ရဲ့ဘဝ |

### MRTV SPORTS

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/Weekly Sports Info Sports Diary/Weekly MNL Review |
| ၀၇:၄၅ | အားကစားလောကထဲကသူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၃)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ပခုက္ကူမြို့နယ် ကန်တော်ကျေးရွာ ပစ္ဆိမာရုံဘုန်းကြီးကျောင်းမှ ကျောင်းထိုင်ဆရာတော် ဦးတေဇောဘာသအား PDF အမည်ခံ အကြမ်းဖက်သမားများက သေနတ်ဖြင့် ရက်စက်စွာပစ်ခတ်သတ်ဖြတ်၍ ဘုန်းကြီးကျောင်းပိုင်ယာဉ်တစ်စီး လုယက်ယူဆောင်

နေပြည်တော် စက်တင်ဘာ ၁၅

နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်နှင့် ပြည်သူလူထုအကြား စိုးရိမ်ထိတ်လန့်မှုဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ဌာနဆိုင်ရာ အဆောက်အအုံများ၊ လမ်းတံတားများနှင့် စာသင်ကျောင်းများအား အကြမ်းဖက်ဖောက်ခွဲမှုများ ပြုလုပ်ခြင်း၊ ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်ခြင်းနှင့် နိုင်ငံ့ဝန်ထမ်းများကို ရက်စက်စွာလုပ်ကြံသတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိသည့်အပြင် ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးများ၏ အထွတ်အမြတ်ထားရာ သာသနာပိုင်အဆောက်အအုံများ၊ ဘုန်းတော်ကြီးကျောင်းများကိုပါ အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းနှင့် ရဟန်းသံဃာတော်များအား ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်ခြင်းများကို လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ စက်တင်ဘာ ၁၄ ရက် နံနက် ၁၁ နာရီခန့်တွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ကန်တော်ကျေးရွာရှိ ပစ္ဆိမာရုံဘုန်းကြီးကျောင်းဝင်းအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမား ၂၀ ခန့်က အနက်ရောင်မှန်လုံယာဉ်တစ်စီး၊ ဆိုင်ကယ်သုံးစီးတို့ဖြင့် ဝင်ရောက်လာပြီး ဆွမ်းစားဆောင်ပေါ်၌ နေ့ဆွမ်းပြင်ဆင်နေသည့် ကိုရင်ကြီးတစ်ပါးနှင့် ကိုရင်နှစ်ပါးတို့အား ဆွမ်းဝိုင်းဘေး၌



ကျောင်းထိုင်ဆရာတော် သေဆုံး။

ထိုင်ခိုင်းကာ အကြမ်းဖက်သမားအချို့က ရေချိုးနေသည့် ကျောင်းထိုင်ဆရာတော် ဦးတေဇောဘာသ (၄၈) နှစ် ၂၈ ဝါ (ခမည်းတော်) ဦးဘညိမ်းကို ဆွမ်းစားဆောင်ပေါ်သို့ ဖမ်းဆီးခေါ်ဆောင်လာပြီး ဆရာတော်အား ခြိမ်းခြောက်အကျပ်ကိုင်၍ လူဝတ်လဲခိုင်းခဲ့ရာ ဆရာတော်က လူဝတ်မလဲလိုကြောင်း ပြန်လည်ပြောဆိုစဉ် အကြမ်းဖက်သမားများက ဆရာတော်အား သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ကာ ကျောင်းဝင်းအတွင်း ရပ်တန့်ထားရှိသည့် ဘုန်းကြီးကျောင်းပိုင် ၅ဃ/၁၁၂၅ နံပါတ်တပ်ဆင်ထားသည့် Hilux ခဲရောင်ယာဉ်တစ်စီးအား လုယက်ယူဆောင်၍ ကန်တော်လေး-ဘုန်းကံကျေးရွာလမ်းအတိုင်း မြိုင်မြို့နယ်ဘက်သို့ ပြန်လည်ထွက်ခွာသွားခဲ့သည်။

ထိုသို့အကြမ်းဖက်သမားများ၏ သေနတ်ဖြင့်ပစ်ခတ်ခဲ့မှုကြောင့် ဆရာတော် ဦးတေဇောဘာသတွင် ဦးခေါင်းနောက်စေ့ပွင့်ထွက်ဒဏ်ရာတစ်ချက်၊ ဝမ်းဗိုက်ပွင့်ထွက်ဒဏ်ရာတစ်ချက်နှင့် ရင်ဘတ်ပေါက်ပြဲဒဏ်ရာနှစ်ချက်တို့ဖြင့် ဆွမ်းစားဆောင်ပေါ်၌ ပျံလွန်တော်မူခဲ့သည်။

အကြမ်းဖက်သမားများ၏ ဆင်ခြင်တုံတရားမဲ့စွာ အကြောင်းမဲ့ အကြမ်းဖက်သတ်ဖြတ်မှုများကြောင့် နိုင်ငံတော်အတွင်း သံဃာတော် ၅၄ ပါးနှင့် သီလရှင်ဆရာကြီးတစ်ပါးတို့ ဘဝနတ်ထံပျံလွန်တော်မူခဲ့ပြီးဖြစ်သည်။ အထက်ပါဖြစ်စဉ်မှ သံဃာတော်အား သေနတ်ဖြင့်ပစ်ခတ်သတ်ဖြတ်ခဲ့သည့် အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များကို ၎င်း၏မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် စက်တင်ဘာ ၁၅

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များကို ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်း၏မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင်လည်း စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ ပြန်လည်ကြိုဆိုလက်ခံခြင်း အခမ်းအနားကို ပြုလုပ်ရာ အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ ခရိုင်/ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူများက နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာ ပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော ကလေးမြို့နယ်အတွင်းမှ PDF အဖွဲ့ဝင် အမျိုးသမီးလေးဦးကို ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်ပြီး ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးကြသည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်



ဝင်ရောက်ခြင်း ပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



# ရမည်းသင်းမြို့နယ်၌ လျှပ်စစ်အခြေခံပညာသင်တန်းဖွင့်

ရမည်းသင်း စက်တင်ဘာ ၁၅

ရမည်းသင်းမြို့နယ်၌ လျှပ်စစ်မန်နေဂျာရုံးနှင့် ရမည်းသင်း "ရွှေသင်းလျှပ်စစ်" နှင့် စက်မှုလက်မှုအတတ်ပညာရှင်အသင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် လျှပ်စစ်အခြေခံပညာ(ကျေးရွာလိုင်းမင်း) သင်တန်းကို ယနေ့နံနက် ၉ နာရီတွင် ရွှေသင်းဘိုးဘွားရိပ်သာ အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ရာ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးမျိုးမြင့်က အဖွင့်အမှာစကားပြောကြားပြီး လျှပ်စစ်ဥပဒေနှင့် လျှပ်စစ်လုပ်ငန်းလုပ်ပိုင်ခွင့်အဆင့်ဆင့်ကို သင်တန်းပို့ချသည်။

အဆိုပါသင်တန်းတွင် သင်တန်းသား ၄၅ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

၁၄၄

# မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် မြန်မာစာနှင့် ပါဠိစာလုံးများ အသံထွက်ဖတ်ကြားနည်းသင်တန်းဖွင့်လှစ်

နေပြည်တော် စက်တင်ဘာ ၁၅

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ နေ့စဉ်ထုတ်လွှင့်လျက်ရှိသော ရုပ်သံလိုင်းများနှင့် ရေဒီယိုလိုင်းများတွင် အသံလွှင့်သူများ၊ သတင်းဖတ်ကြားသူများနှင့် အစီအစဉ်တင်ဆက်သူများကို မြန်မာစာ/ မြန်မာစကား၊ ပါဠိစာလုံးများ အသံထွက်မှန်ကန်မှုနှင့် စကားလုံးအထားအသို အရေးအသားမှန်ကန်မှုရှိစေရန်အတွက် မြန်မာစာနှင့် ပါဠိစာလုံးများ အသံထွက်သင်တန်းကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Auditorium ခန်းမ၌ ဖွင့်လှစ်သည်။



## သင်ကြားပို့ချ

အဆိုပါ သင်တန်းတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်မှုများအနက် သတင်းဖတ်ကြားမှုနှင့် အစီအစဉ်တင်ဆက်မှုတို့တွင် အသံအထားအသိုအနေအထား၊ အသံပြောင်းနှင့် အသံမပြောင်းသည့် စကားလုံးများ၊ ရေးတော့အမှန် ဖတ်တော့အသံ၊ သရသံများ၊ အင်တာဗျူးအကြောင်းအရာများ၊ သတင်းဖတ်ကြားသူနှင့် အစီအစဉ်တင်ဆက်သူများ ဆောင်ရန်၊ ရှောင်ရန် အကြောင်းအရာများကို ပညာရှင်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် တာဝန်ထမ်းဆောင်ခဲ့သော ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း) ဒေါ်ဆန်းဆန်းဦးက သင်ကြားပို့ချ လေ့ကျင့်ပေးသွားမည်ဖြစ်သည်။

အဆိုပါ သင်တန်းသို့ ဝန်ထမ်း ၁၀၀ ကျော် တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ စက်တင်ဘာ ၁၅ ရက်မှ ၁၉ ရက်အထိ ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

■

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၆-၉-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၃၆၅ | ၂၄၁၀ | ၂၄၀၅ | ၂၃၇၀ | ၂၄၁၀ | ၂၄၃၀ | ၂၄၁၅ | ၂၃၉၅ | ၂၄၉၀ | ၂၅၀၅ | ၂၄၀၀ | ၂၄၁၀ | ၂၄၄၅ | ၂၄၄၅ | ၂၄၅၀ | ၂၆၆၅ | ၃၁၆၀ |
| 95 Ron | ၂၄၅၅ | ၂၅၀၀ | ၂၅၀၀ | ၂၄၆၀ | ၂၅၀၀ | ၂၅၂၀ | ၂၅၀၅ | ၂၄၈၅ | ၂၅၈၀ | ၂၅၉၅ | ၂၄၉၀ | ၂၅၀၅ | ၂၅၃၅ | ၂၅၃၅ | ၂၅၄၀ | ၂၇၅၅ | ၃၂၂၅ |
| HSD (500 ppm) | ၂၆၁၅ | ၂၆၆၀ | ၂၆၆၀ | ၂၆၂၀ | ၂၆၆၀ | ၂၆၈၀ | ၂၆၇၅ | ၂၆၄၅ | ၂၇၆၀ | ၂၇၅၅ | ၂၆၅၀ | ၂၆၆၅ | ၂၆၉၅ | ၂၆၉၅ | ၂၇၀၀ | ၂၉၂၀ | ၃၈၉၅ |
| HSD (50 ppm) | ၂၇၀၀ | ၂၇၄၅ | ၂၇၄၅ | ၂၇၀၅ | ၂၇၄၅ | ၂၇၆၅ | ၂၇၆၀ | ၂၇၃၀ | ၂၈၄၅ | ၂၈၄၀ | ၂၇၃၅ | ၂၇၅၀ | ၂၇၈၀ | ၂၇၈၀ | ၂၇၈၅ | ၃၀၀၅ | ၃၉၃၀ |
| HSD (10 ppm) | ၂၇၀၀ | ၂၇၄၅ | ၂၇၄၅ | ၂၇၀၅ | ၂၇၄၅ | ၂၇၆၅ | ၂၇၆၀ | ၂၇၃၀ | ၂၈၄၅ | ၂၈၄၀ | ၂၇၃၅ | ၂၇၅၀ | ၂၇၈၀ | ၂၇၈၀ | ၂၇၈၅ | ၃၀၀၅ | ၃၉၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၂၅၅ | ၂၃၃၄ |
| 95 Ron | ၂၃၄၂ | ၂၄၂၂ |
| HSD (500 ppm) | ၂၅၀၀ | ၂၅၈၀ |
| HSD (50 ppm) | ၂၅၈၁ | ၂၆၆၂ |
| HSD (10 ppm) | ၂၅၈၁ | ၂၆၆၂ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ



(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရဲအရာရှိလေ့ကျင့်ရေးကျောင်းမှ အရာရှိ၊ အခြားအဆင့်ရဲတပ်ဖွဲ့ဝင် အင်အား ၄၄ ဦးဖြင့် စက်တင်ဘာ ၁၅ ရက် မွန်းလွဲပိုင်းက ပြင်ဦးလွင်မြို့ နယ်မြေခံတပ်မတော်ဆေးရုံ၌ စုပေါင်းသွေးလှူဒါန်းကြစဉ်။ သတင်းစဉ်



(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ခေတ္တာမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ဝင်းအောင်သိမ်း၊ သနပ်ပင်မြို့မ ရဲစခန်းမှူး ဒုရဲမှူးရွှေသိန်း ဦးဆောင်ကြီးကြပ်မှုဖြင့် မြို့နယ်ရဲတပ်ဖွဲ့ဝင် ၃၀ တို့က စက်တင်ဘာ ၁၅ ရက် နံနက် ၇နာရီတွင် ပဲခူးတိုင်းဒေသကြီး သနပ်ပင်ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ သစ်ပင်ချုံနွယ်များ၊ မြက်ပင်များ၊ အမှိုက်များ၊ ရေနုတ်မြောင်းတူးဖော်ရှင်းလင်းခြင်းများ စုပေါင်းဆောင်ရွက်ကြစဉ်။ မြို့နယ်(ပြန်/ဆက်)

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၅**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ သဒ္ဓမ္မဝေပုလ္လပရိယတ္တိစာသင်တိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ မဟာစကြာစာသင်တိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဆန်တန်းကျောင်းသစ်ကျောင်းတိုက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ ကျားရုပ်ပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်ရှိ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မဟာဝိဇယာရာမကျောင်းတိုက်၊ ရန်ကင်းမြို့နယ်ရှိ အောင်ချမ်းသာပရိယတ္တိစာသင်တိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ မဟာဂန္ဓာရုံတိုက်သစ်ကျောင်းတိုက်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ အောင်မြေရတနာစာသင်တိုက်၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်ရှိ ကင်းဝန်မင်းကြီးကျောင်းတိုက်၊ အောင်မြေသာစံမြို့နယ်ရှိ ကုသိုလ်တော်ရိပ်သာကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်နှင့် ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ အောင်မေတ္တာပရိယတ္တိစာသင်တိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



## ထားဝယ်မြို့နယ်၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**ထားဝယ် စက်တင်ဘာ ၁၅**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်းဖြင့် စာသင်ကျောင်းနံဘေးလမ်း ကွန်ကရစ်ခင်းခြင်းနှင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းတို့အတွက် နိုင်ငံတော်ထောက်ပံ့ငွေကျပ် ၁၀ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ထားဝယ်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးထက်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာများ၊ ထားဝယ်မြို့နယ်ဦးစီးမှူး ဒေါ်စိုးစိုးသီနှင့် ဝန်ထမ်းများက ကျေးရွာမှ တာဝန်ရှိသူများနှင့် ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ထားဝယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းဖြင့် ဆောင်ရွက်သော စီမံကိန်းလုပ်ငန်းများအား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးနိုင်ရေး သက်ဆိုင်ရာကျေးရွာမှ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။ ထားဝယ်မြို့နယ်အတွင်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျောက်ရပ်၊ ကျောက်မဲတောင်၊ ဖောင်းတောမီးစက်၊ ကထောင်းနီနှင့် ညောင်တုန်းကျေးရွာတို့တွင် နိုင်ငံတော်ထောက်ပံ့ ငွေကျပ် ၁၀ သန်းစီဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ၂၂၂

## သနပ်ပင်မြို့နယ်၌ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**သနပ်ပင် စက်တင်ဘာ ၁၅**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်အတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် မြို့နယ်အဆင့် ဌာနဆိုင်ရာများပါဝင်သော စစ်ကြောင်းကြီး ငါးကြောင်းဖြင့် ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ စစ်ကြောင်းကြီး ငါးကြောင်းမှ တာဝန်ရှိသူတို့သည် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များအနေဖြင့် လုပ်ငန်းတာဝန် ထမ်းဆောင်ရာတွင် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရန်၊ ကျေးရွာနေပြည်သူများ၏ အခွင့်အရေးများ ဆုံးရှုံးနစ်နာမှုမရှိစေရေးအတွက် အလေးထားဆောင်ရွက်သွားရန်၊ ကျေးရွာနေပြည်သူများအနေဖြင့် ကောလာဟလသတင်းအမှားများကို မယုံကြည်ကြဘဲ သတင်းအမှန်များကို လေ့လာဖတ်ရှုကြရန်၊ ဒေသဖွံ့ဖြိုးရေး၊ လူမှုအကျိုးပြုလုပ်ငန်းများတွင် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ပေးကြရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် စာသင်ကျောင်းများ၌ ဆရာ ဆရာမများ၊ စာသင်ဆောင်လိုအပ်ချက်များ ညှိနှိုင်းဖြေရှင်းပေးခြင်း၊ အသက်(၁၈)နှစ်အထက် ဒေသခံပြည်သူ ၁၂၀ အား ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကွယ်ဆေးထိုးနှံပေးခြင်း၊ ပန်းခင်းစီမံချက်(၂) အနေဖြင့် အိမ်ထောင်စုဇယားနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခြင်း၊ အနီးကိုက်ကျေးရွာနှင့် ဘဲလူးတဲစုကျေးရွာအတွင်း လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်နေမှုအား ကွင်းဆင်းညှိနှိုင်းပေးခြင်း၊ ဇီးပင်-ထပ်ခနိမ် ကုန်ထုတ်မြေသားလမ်း(၂/၄)မိုင်၊ အကျယ် ၁၄ ပေ အား ဂဝံလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေးနှင့် အနီးကိုက်ကျေးရွာ ရွာလယ်ကုန်ထုတ်လမ်း ဂဝံခင်းခြင်း ဆောင်ရွက်နေမှုအား ကွင်းဆင်းကြီးကြပ်ပေးခြင်း၊ နွေစပါး ရေလုံလောက်စွာရရှိစေရေး ဆောင်ရွက်ပေးမည့် အခြေအနေအား ရှင်းလင်းခြင်း၊ နေဗီယာမြက်စိုက်ပျိုးနည်းအား သရုပ်ပြသခြင်း၊ သရက်ပင် ကိုင်းကူးစိုက်ပျိုးနည်း သရုပ်ပြခြင်းများကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် ရပ်မိရပ်ဖများ၊ ကျေးရွာနေပြည်သူများ၏ တင်ပြလာမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီးကျေးရွာအုပ်စုများရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆန်၊ ဆီနှင့် လှူဖွယ်ဝတ္ထုများ လှူဒါန်းခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## သထုံမြို့နယ်၌ အခြေခံစားသောက်ကုန်များ သက်သာသောနှုန်းဖြင့် ရောင်းချ

**သထုံ စက်တင်ဘာ ၁၅**

မွန်ပြည်နယ် သထုံမြို့နယ်တွင် ဒေသတွင်း အခြေခံလက်လုပ်လက်စားပြည်သူများ စားသောက်ရေး အထောက်အကူဖြစ်စေနိုင်ရေးအတွက် အရှေ့တောင်တိုင်းစစ်ဌာနချုပ် သထုံတပ်နယ်မှ ဦးစီး၍ အခြေခံစားသောက်ကုန်များကို သက်သာသောနှုန်းထားဖြင့် ယနေ့နံနက်ပိုင်းက သထုံမြို့ ရွှေစာရံစေတီတော်အနောက်ဘက်မုခ်အနီးရှိ ယာဉ်ရပ်နားကွင်း၌ ရောင်းချပေးခဲ့ကြောင်း သိရသည်။



အခြေခံ လက်လုပ်လက်စားပြည်သူများအတွက် သထုံတပ်နယ်မှ ဦးဆောင်မှုဖြင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ဆီလုပ်ငန်းရှင်များ၊ ဆန်လုပ်ငန်းရှင်များ ပူးပေါင်းကာ ဆန်တစ်ပြည်လျှင် ငွေကျပ် ၁၃၀၀၊ ဆီတစ်လီတာဘူးတစ်ဘူးလျှင် ငွေကျပ် ၂၅၀၀၊ ကြက်ဥ ခြောက်လုံးလျှင် ငွေကျပ် ၁၀၀၀ နှင့် အသားငါး၊ နွားနို့၊ ဟင်းသီးဟင်းရွက်များ၊ တပ်မတော်စက်ရုံထုတ်ကုန်ပစ္စည်းများကို သက်သာသောနှုန်းထားများဖြင့် ရောင်းချပေးခဲ့ရာ ဒေသခံပြည်သူ အများအပြား လာရောက်ဝယ်ယူခဲ့ကြသည်။

အဆိုပါ အစီအစဉ်တွင် ဆန်ပြည် ၁၂၀၀၊ ဆီပိဿာ ၅၀၀ နှင့် အသားငါး၊ ကြက်ဥ၊ နွားနို့၊ ဟင်းသီးဟင်းရွက်များ၊ တပ်မတော်စက်ရုံထုတ်ကုန်ပစ္စည်းများကို ရောင်းချပေးခဲ့ကြောင်း သိရသည်။

**နဒီ(ပြန်/ဆက်)**

## လပွတ္တာခရိုင် (၃)မိုင်မြို့သစ် စက်မှုလက်မှုသင်တန်းကျောင်း၌ စာပေစကားဝိုင်းကျင်းပ

**လပွတ္တာ စက်တင်ဘာ ၁၅**

ဧရာဝတီ တိုင်းဒေသကြီး လပွတ္တာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းတို့ ပူးပေါင်းဆောင်ရွက်သည့် စာပေစကားဝိုင်းကို ယနေ့နံနက် ၁၀ နာရီက သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။



အဆိုပါစကားဝိုင်း၌ လပွတ္တာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင်ဦးက စာပေစကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ သင်တန်းသားများက စကားတို့၏ အစွမ်း၊ ဆင်းရဲနည်း ချမ်းသာနည်း၊ ကျောင်းပညာရေးနှင့် တစ်သက်တာ၊ အသိပညာနှင့် ဉာဏ်ပညာ၊ ထိပ်ဆုံးသို့ အလုပ်တစ်ခုလုပ်ရာတွင် ပြတ်ပြတ်သားသားလုပ်ကိုင်ခြင်း စသည့် ခေါင်းစဉ်များဖြင့် အပြန်အလှန် ဆွေးနွေးပြောကြားရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင်ဦး၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနဦးစီးမှူး ဦးမြင့်ထွန်း၊ ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်သူကိုကိုတို့က ဖြည့်စွက်၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ ဇူလိုင်လအထိ ဓာတ်ခွဲစစ်ဆေးခဲ့သော အစားအသောက်နမူနာများအနက်မှ စားသုံးရန်မသင့်ဟု စစ်ဆေးတွေ့ရှိသည့် အစားအသောက်နမူနာစာရင်း

(၁၅-၉-၂၀၂၂ မှ အဆက်)

| စဉ် | အစားအသောက် အမျိုးအစား | အမှတ်တံဆိပ်နှင့် ထုပ်ပိုးပုံ အရွယ်အစား | စစ်ဆေးတွေ့ရှိမှု | ပစ္စည်းနမူနာပုံစံ | ကောက်ယူခဲ့သည့်နေရာ |
|---|---|---|---|---|---|
| ၁၁ | ရှောက်သီးတော်ဖီ (အစပ်) | ဇမ္ဗူကျော် (Plastic Pack) | Sodium Cyclamate သတ်မှတ် ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |  | မြို့မဈေး၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး။ |
| ၁၂ | ဇယန်းလက်ဖက်အစို | မမော် (Plastic Pack) | အဏုဇီဝ သတ်မှတ်ချက်ဖြင့် ကိုက်ညီမှုမရှိပါ |  | မြို့မဈေး၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး။ |
| ၁၃ | သစ်သီးယိုစုံ | အေးအေးအောင် (Plastic Pack) | Sodium Cyclamate သတ်မှတ် ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |  | မြို့မဈေး၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး။ |
| ၁၄ | Reserved Red Peach | New Choice (Plastic Pack) | Sodium Cyclamate သတ်မှတ် ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |  | စစ်တွေမြို့၊ ရခိုင်ပြည်နယ်။ |
| ၁၅ | စတော်ဘယ်ရီ အရသာ အချိုရည် | ABC (rainbow) (30g/Plastic Bottle) | Sodium Cyclamate သတ်မှတ် ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |  | စစ်တွေမြို့၊ ရခိုင်ပြည်နယ်။ |
| ၁၆ | ငရုတ်ဆီ | ခြသေ့်မင်း (Plastic Pack) | Benzoic acid သတ်မှတ် ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |  | စစ်တွေမြို့၊ ရခိုင်ပြည်နယ်။ |
| ၁၇ | ငရုတ်ဆီ | Lucky Tiger (Plastic Pack) | Benzoic acid သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |  | စစ်တွေမြို့၊ ရခိုင်ပြည်နယ်။ |
| ၁၈ | ကိုလာ အရသာ အချိုရည် | SunLight (Plastic Bottle) | Sodium Cyclamate သတ်မှတ် ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |  | စစ်တွေမြို့၊ ရခိုင်ပြည်နယ်။ |
| ၁၉ | ပဲကြီးလှော် | ဇယန်းရွှေတောင် (Plastic Pack) | ခွင့်မပြုဆိုးဆေး Auramine O ပါဝင်နေပါသည်။ |  | မင်းတုန်းမြို့မဈေး၊ သရက်မြို့၊ မကွေးတိုင်းဒေသကြီး။ |
| ၂၀ | စံဂျူး | အက်ရှင် (Plastic Pack) | Residual $SO_2$ သတ်မှတ် ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |  | စည်ပင်သာယာဈေး၊ မင်းဘူးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ |

(ဆက်လက်ဖော်ပြပါမည်)

# မြန်မာ့စာတတ်မြောက်မှုနည်းလမ်းမှသည် ကမ္ဘာ့ကလေးများအသက်ရှင်ရေးဆီသို့ ......

ဒေါက်တာမောင်သင်း

နိုင်ငံတကာစာတတ်မြောက်ရေး ကြိုးပမ်းမှုသည် ၁၉၆၅ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့မှစ၍ ၁၂ ရက်တိုင်တိုင် အီရန်နိုင်ငံ တီဟီရန်မြို့တွင် **“ကမ္ဘာ့စာတတ်မြောက်ရေးကွန်ဂရက် (World Literacy Congress)”** ကြီးတစ်ရပ် ကျင်းပခဲ့ရာမှ စတင်ခဲ့ပါသည်။ ထိုပထမဦးဆုံး စာမတတ်သူ ပပျောက်ရေး ကမ္ဘာ့ညီလာခံကြီး ကျင်းပသည့်နေ့ကို ဂုဏ်ပြု၍ နှစ်စဉ် စက်တင်ဘာလ ၈ ရက်နေ့ကို **“နိုင်ငံတကာစာတတ်မြောက်ရေးနေ့”**ဟု ၁၉၆၆ ခုနှစ်တွင် ကျင်းပခဲ့သော ယူနက်စကို အထွေထွေညီလာခံကြီးက ပြဋ္ဌာန်းသတ်မှတ်ခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့်လည်း ယူနက်စကို အဖွဲ့ဝင်နိုင်ငံဖြစ်သဖြင့် နိုင်ငံတကာ စာတတ်မြောက်ရေး ကြိုးပမ်းမှုလုပ်ငန်းစဉ်တွင် ပါဝင်လှုပ်ရှားခဲ့ပေသည်။ တကယ်တော့ ထိုအဖွဲ့ဝင်မဖြစ်မီ ကိုယ့်ထီးကိုယ့်နန်းဖြင့် တင့်တင့်တယ်တယ် နေကတည်းကပင် မြန်မာလူမျိုးတို့၏ စာတတ်မြောက်ရေးကို ကြိုးပမ်းမှုသည် ထင်ရှားခဲ့ပါသည်။ မြန်မာ့လူ့အဖွဲ့အစည်းတွင် **“စာမတတ်လျှင်အကန်း”** ဟူသည့် အဆိုတစ်ရပ်ကို လက်ခံကျင့်သုံးပြီး စာပေတတ်မြောက်မှုကို ကြိုးပမ်းခဲ့၍ ခေတ်အဆက်ဆက် စာတတ်မြောက်မှုနှုန်း မြင့်မားခဲ့ကြောင်း လေ့လာတွေ့ရှိရပေသည်။ ယနေ့ခေတ်တိုင်အောင် မြန်မာ့စာတတ်မြောက်ရေးလုပ်ငန်းစဉ်သည် ရှင်သန်လျက်ရှိနေပါသည်။

## မြန်မာတို့၏ ဂုဏ်ယူဖွယ်ရာ စာတတ်မြောက်ရေး ကြိုးပမ်းမှု

**(က) စာတတ်မြောက်မှု အစောဆုံးမှတ်တမ်း**

၁၉၄၇ ခုနှစ် ယူနက်စကို၏ အစီရင်ခံစာတွင် **“မြန်မာနိုင်ငံ စာတတ်မြောက်မှုနှင့်ပတ်သက်၍ အစောဆုံးမှတ်တမ်းမှာ ခရစ်နှစ် ၁၅၆၀ ပြည့်နှစ် ပဲခူးသို့ လာရောက်သည့် ခရီးသွားတစ်ဦးက ရေးသားထားမှုတွင် တွေ့ရှိရကြောင်း၊ ထိုမှတ်တမ်း၌ မြန်မာ့လူ့အဖွဲ့အစည်းတွင် မြန်မာတို့သည် ယောကျ်ားကလေးများအား မြန်မာဘုန်းတော်ကြီးကျောင်းများသို့ စာသင်ကြားရန် စေလွှတ်လျက်ရှိသည့် အလေ့အကျင့်ကောင်းတစ်ရပ်ရှိကြောင်း၊ ထိုဘုန်းတော်ကြီးသင် ပညာရေးကျောင်းများသည် ယနေ့တိုင်လည်း သင်ကြားပေးလျက်ရှိသဖြင့် မြန်မာ့ပညာရေးသည် ဘုန်းတော်ကြီးကျောင်းပညာရေးတွင် အခြေခံပြီး ဖွံ့ဖြိုးလာခြင်းဖြစ်ကြောင်းနှင့် ဘုန်းတော်ကြီးကျောင်းများ၏ ကျေးဇူးကြောင့် မြန်မာတို့ စာတတ်မြောက်မှုနှုန်းသည် သိသိသာသာ မြင့်မားနေကြောင်း”**ဟူ၍ ရေးသားထားမှုက ကိုယ့်ထီးကိုယ့်နန်းနှင့် အုပ်စိုးစဉ်အချိန်ကပင် မြန်မာတို့သည် ဘုန်းတော်ကြီးကျောင်းများ၏ ကျေးဇူးကြောင့် စာတတ်မြောက်မှုနှုန်း မြင့်မားခဲ့ကြောင်းကို ဂုဏ်ယူဖွယ်ရာ တွေ့ရှိရပေသည်။

**(ခ) အင်္ဂလန်ထက် စာတတ်မြောက်မှုနှုန်းမြင့်သည့် မြန်မာနိုင်ငံ**

စစ်ပြီးခေတ်နှင့် လွတ်လပ်ရေးအစဦးကာလ မြန်မာနိုင်ငံအစိုးရ၏ **“(၈) နှစ်တာ ပညာရေးအစီရင်ခံစာ (၁၉၄၇–၄၈ မှ ၁၉၅၄–၅၅ ခုနှစ်ထိ)”** တွင် မြန်မာနိုင်ငံ သုတေသနအသင်းကို ဦးစီးတည်ထောင်ခဲ့သည့် မစ္စတာ ဖာနီဘယ် (Mr. J.S. Furnivall) သည် မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှင့်ပတ်သက်၍ ၁၉၃၁ ခုနှစ်တွင် အောက်ပါအတိုင်း ရေးသားခဲ့သည်ဟု ဖော်ပြခဲ့ပါသည် –

**“၁၈၃၁ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ပထမဆုံး ကော်မရှင်နာမင်းကြီးက မြန်မာနိုင်ငံအောက်ပိုင်း၏ ပညာရေးနှင့်ပတ်သက်၍ အစီရင်ခံခဲ့သည်မှာ မြန်မာတိုင်းလိုလို စာရေး၊ စာဖတ်တတ်မြောက်ကြပါသည်။ သေချာသည့် အချက်တစ်ချက်မှာ မြန်မာတို့၏ စာရေး၊ စာဖတ်တတ်မြောက်မှုနှုန်းသည် အင်္ဂလန်နိုင်ငံသားတို့ထက် များစွာသာလွန်နေသည့် အချက်ပင်ဖြစ်ပါသည်။”**

၁၈၃၁ ခုနှစ်သည် မြန်မာ့သမိုင်းတွင် ကုန်းဘောင်ခေတ်နှောင်းပိုင်းဖြစ်၍ ၁၈၂၄ ခုနှစ် နောက်ပိုင်းတွင် အောက်မြန်မာပြည်ဖြစ်သည့် တနင်္သာရီနှင့် ရခိုင်တို့ကို အင်္ဂလိပ်တို့က သိမ်းပိုက်ထားပြီးဖြစ်ပါသည်။ ၁၈၃၁ ခုနှစ် အစီရင်ခံစာကို ရေးသားသူမှာ အင်္ဂလိပ်အစိုးရ၏ ပထမဦးဆုံး မြန်မာနိုင်ငံတော်ဆိုင်ရာ ကော်မရှင်နာမင်းကြီး ဖြစ်ပါသည်။ ၁၉၃၁ ခုနှစ်တွင် စာတမ်းတင်သွင်းသူ မစ္စတာ ဖာနီဘယ်သည်လည်း ဗြိတိသျှလူမျိုးဖြစ်ပြီး ယခင်က အင်္ဂလိပ်ပဋိညာဉ်ခံ ထိပ်တန်းအရာရှိကြီးတစ်ဦးဖြစ်၍ အဆိုပါ ဗြိတိသျှလူမျိုးနှစ်ဦး၏ မှတ်တမ်းတွင် **“မြန်မာ့စာတတ်မြောက်မှုနှုန်းအလွန်မြင့်မားသည်”**ဟု ရေးသားထားခြင်းက မြန်မာတို့၏ ကုန်းဘောင်ခေတ် စာတတ်မြောက်မှုနှုန်း မြင့်မားမှုသမိုင်းကို ပြဆိုနေခြင်း ဖြစ်ပါသည်။

**(ဂ) မြန်မာတို့သည် သင်ယူလိုစိတ်ရှိသူများပါ**

လွတ်လပ်ရေးရပြီးနောက် ဖဆပလခေတ်တွင် နိုင်ငံတော်ဝန်ကြီးချုပ်မှာ ဦးနုဖြစ်ပါသည်။ သူ၏ နိုင်ငံတော်တည်ဆောက်ရေးအတွက် ထင်ရှားသော စကားမှာ **“နိုင်ငံတော်ကို ဖိုးသုညတွေနှင့် တည်ဆောက်၍ မအောင်မြင်နိုင်”**ဟူ၍ပင် ဖြစ်ပါသည်။ သို့ဖြစ်၍ လွတ်လပ်ရေးရသည့်နှစ်မှာပင် **“လူထုပညာအက်ဥပဒေ”**ကို ပြဋ္ဌာန်းခဲ့ပါသည်။ ၁၉၄၉ ခုနှစ်တွင် **“လူထုပညာရေးကောင်စီ”** ကို ဖွဲ့စည်းခဲ့ပြီး **“အသုံးလုံး”** သင်တန်းကို စတင်ဖွင့်လှစ်ပို့ချခဲ့ပါသည်။ ၁၉၅၂ ခုနှစ်တွင် **“ဘဝသစ်ပညာရေးစီမံကိန်း”** ကို ချမှတ်ကာ ကျောင်းများတိုးချဲ့ဖွင့်လှစ်ခဲ့ပါသည်။

ဤကာလတွင် မြန်မာနိုင်ငံအပါအဝင် အာရှနိုင်ငံများသို့ လာရောက်လေ့လာသည့် သတင်းထောက် Ronald Stead က ပြင်သစ်နိုင်ငံ ပဲရစ်မြို့ရှိ ယူနက်စကိုဌာနချုပ်သို့ **“Burma wants to Learn (မြန်မာတို့သည် သင်ယူလိုစိတ်ရှိသူများပါ)”** ဟူသည့် အစီရင်ခံစာကို ရေးသားပေးပို့ခဲ့ပါသည်။ ထိုအစီရင်ခံစာတွင် **“တောင်နှင့် အရှေ့တောင်အာရှနိုင်ငံများတွင် စာတတ်မြောက်မှုနှုန်းမှာ ၂၀ ရာခိုင်နှုန်းမျှသာရှိသော်လည်း မြန်မာနိုင်ငံတွင် ၃၆ ရာခိုင်နှုန်းရှိနေရခြင်း၏ အခြေခံအကြောင်းတရားမှာ လူဦးရေ ၁၉ သန်းခန့်ရှိသည့် မြန်မာနိုင်ငံ၌ လူ ၁၀ ဦးတွင် ရှစ်ဦးက ဗုဒ္ဓဘာသာ ဖြစ်နေကြောင်း ဖြစ်ပါသည်”** ဟုဖော်ပြထားရာ ဘုန်းတော်ကြီးကျောင်းများက စာရေး၊ စာဖတ်သင်ပေးခြင်းကြောင့်သာ ဖြစ်ကြောင်း မြင်မိပါသည်။

ထို့အပြင် **“မြန်မာတို့သည် သင်ယူလိုစိတ်ရှိသူများပါ”**ဟု ခေါင်းစဉ်တပ်၍ ယူနက်စကိုသို့ အစီရင်ခံစာတင်သွင်းရခြင်းမှာ ပြည်တွင်းသောင်းကျန်းမှုများ ပြည့်နေသည့် လွတ်လပ်ရေးရပြီးခါစအချိန်တွင် မြန်မာနိုင်ငံအစိုးရအဖွဲ့အနေဖြင့် အထက်ဖော်ပြပါ လူထုပညာအက်ဥပဒေပြဋ္ဌာန်းခြင်း၊ လူထုပညာရေးကောင်စီဖွဲ့စည်းခြင်းနှင့် **“ဘဝသစ်ပညာရေးစီမံကိန်း”** ကို ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်မှုကို တွေ့ရှိရပြီး လက်တွေ့ဆောင်ရွက်နေမှုတို့ကြောင့် ရည်ညွှန်းခဲ့ဟန်တူပါသည်။

ကုန်းဘောင်ခေတ်နှောင်းကာလ ၁၈၃၁ ခုနှစ်တွင် ၈၅ ရာခိုင်နှုန်းကျော် စာတတ်မြောက်ရာမှ ၁၉၅၀ ပြည့်နှစ်ဝန်းကျင်တွင် ၃၆ ရာခိုင်နှုန်းသာ မြန်မာများ စာတတ်မြောက်ခဲ့ရခြင်းသည် သမိုင်း၏ဆိုးမွေဟုသာ ကျွန်တော်တို့ သင်ခန်းစာယူခဲ့ကြကာ စာတတ်မြောက်မှုနှုန်းမြင့်မားလာအောင် ပြန်လည်ကြိုးပမ်းခဲ့ကြပေသည်။ ၁၉၅၁ ခုနှစ်တွင် ပညာရေးပြဿနာများကို မြန်မာနိုင်ငံတွင် လေ့လာခဲ့သည့် ယူနက်စကိုပညာရေးမစ်ရှင်အဖွဲ့၏ အစီရင်ခံစာတွင် **“မြန်မာနိုင်ငံ တိုးတက်ကြီးပွားရေးသည် ပညာရေးကောင်းမွန်မှုအပေါ်တွင် အမှီသဟဲပြုနေကြောင်း အစိုးရက တထစ်ချ အသိအမှတ်ပြုထား၏။ တိုင်းသူပြည်သားတို့၏ အလိုဆန္ဒအတိုင်း ပြည့်ဝစေရန် ရည်ရွယ်ချက်ထားကာ ပညာသင်ကြားရေး စီမံကိန်းများ ရေးဆွဲလျက် ဆောင်ရွက်ပေးရန် သန္နိဋ္ဌာန်ချထားသော အစိုးရအား ဤယူနက်စကို ပညာရေးမစ်ရှင်အဖွဲ့က ချီးကျူးပါ၏”**ဟု ဖော်ပြထားခြင်းက မြန်မာများ စာတတ်မြောက်မှုနှုန်း မြင့်မားအောင် လွတ်လပ်ရေးခေတ်ဦးကပင်ကြိုးပမ်းနေကြောင်း လေ့လာတွေ့ရှိရပေသည်။

**(ဃ) ဘတ်ဂျက်မလိုပါ၊ ခွင့်ပြုချက်သာလိုသည့် စီမံကိန်း**

တော်လှန်ရေးကောင်စီ အစိုးရလက်ထက်တွင် ပညာရေးနှင့် ကျန်းမာရေးတာဝန်ခံအဖြစ် တာဝန်ထမ်းဆောင်နေသည့် ဗိုလ်မှူးကြီးလှဟန်အား ပညာရေးအထူးအရာရှိ ဆရာကြီး ဦးသံဗျင်က တွေ့ဆုံခွင့်တောင်း၍ မြန်မာနိုင်ငံတွင် စာတတ်မြောက်ရေး ဆောင်ရွက်မည့်အစီအစဉ်ကို တင်ပြခဲ့ပါသည်။ ဗိုလ်မှူးကြီးလှဟန်က **“ကောင်းလိုက်တဲ့ စီမံချက်ပါ ဆရာကြီး၊ ဒါပေမဲ့ ဒီနှစ်မှာ ဘတ်ဂျက်ထဲ မထည့်ထားတဲ့အတွက် နောက်နှစ်မှ ဆောင်ရွက်ရလိမ့်မယ်ထင်တယ်”**ဟု ဖြေကြားရာ ဆရာကြီးက **“တာဝန်ခံကြီးခင်ဗျာ ကျွန်တော်ဘတ်ဂျက်မလိုပါ၊ တာဝန်ခံကြီးရဲ့ ခွင့်ပြုချက်သာလိုပါတယ်ခင်ဗျာ”** ဟု ပြောကြားခဲ့ပါသည်။

**(င) လူထုလှုပ်ရှားမှုစီမံကိန်း**

ပညာရေးတာဝန်ခံက **“ဒါဆိုဘယ်လိုဆောင်ရွက်မှာလဲ ဆရာကြီး”** ဟု မေးမြန်းရာ **“ပြည်သူလူထု ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်ပါမည်”** ဟုဆရာကြီးက ဆောင်ရွက်မည့်အစီအစဉ်ကို အကျဉ်းချုံးပြောပြရာ **“ဘတ်ဂျက်မလိုဘဲ ဆောင်ရွက်နိုင်လျှင် ဆောင်ရွက်ပါခင်ဗျာ၊ ခွင့်ပြုပါသည် ဆရာကြီး”** ဟု ပညာရေးတာဝန်ခံက ပြန်လည်ပြောကြားခဲ့ပါသည်။ ဉာဏ်ပြေးသည့် ပညာရေးပညာရှင်ကြီးနှင့် အမြော်အမြင်ကြီးသည့် ပညာရေးတာဝန်ခံတို့၏ ထိုနေ့လုပ်ရပ်လေးသည် မြန်မာမှသည် ကမ္ဘာတစ်လွှားသို့ ယနေ့တိုင် ခရီးဆက်နေကြောင်းကို ဆက်လက်ဖော်ပြသွားပါမည်။

စာမျက်နှာ ၁၉ သို့



> **မြန်မာနိုင်ငံ စာတတ်မြောက်မှု၏ ထူးခြားချက်အနေဖြင့် နိုင်ငံတော်မှ ဘတ်ဂျက်လုံးဝကျခံခဲ့ခြင်းမရှိခဲ့ပါ။ အကောင်အထည်ဖော်ဆောင်ရွက်သည့် ဒေသများမှ ကျခံသုံးစွဲရပါသည်။ စည်းရုံးလှုပ်ရှားရေးကို နည်းမျိုးစုံဖြင့် ဆောင်ရွက်ခဲ့ကြပါသည်။ ပို့စကတ်များ၊ ရင်ထိုးတံဆိပ်များ၊ အလံငယ်များ၊ ယပ်တောင်၊ လွယ်အိတ်၊ ဦးထုပ်၊ သော့ချိတ်များ စသည်ဖြင့်ပြုလုပ်ကာ ရန်ပုံငွေရှာခဲ့ကြပါသည်။ သင်ကြားရေးအထောက်အကူပစ္စည်းများဖြစ်သည့် မြေဖြူ၊ ကျောက်သင်ပုန်း၊ ကျောက်တံ၊ ဗလာစာအုပ်၊ ဖယောင်းတိုင်၊ မီးအိမ် စသည်တို့ကို ပြည်သူများက လှူဒါန်းခဲ့ကြပါသည်။ ပန်းချီ၊ ပိုစတာ၊ သတင်းစာ၊ ဂျာနယ်၊ လက်ကမ်းစာစောင်၊ သီချင်း၊ သတင်းစဉ်၊ ရုပ်ရှင် (အထင်ရှားဆုံးမှာ ဆရာကြီးဦးသုခ၏ မန္တလေးတိုင်းအတွင်းရှိ ကျောက်ပန်းတောင်းမြို့နယ်ကို အခြေခံထားသည့် “ဘယ်သူပြိုင်လို့လှပါတော့နိုင်” ဖြစ်ပါသည်) ရုပ်ရှာအငြိမ့်ဇာတ် သဘင်၊ ဆိုင်း၊ တီးဝိုင်း စသည်တို့ကိုအသုံးပြု၍ စည်းရုံးခဲ့ကြ**

❂ စာမျက်နှာ ၁၈ မှ

ဘတ်ဂျက်သည် အဓိကမဟုတ်၊ ဉာဏ်ပညာနှင့် စေတနာကသာ အဓိကဖြစ်ကြောင်း မြန်မာ့ပညာရေးသမိုင်းတွင် ကမ္ပည်းမော်ကွန်းထိုးခဲ့ခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် မြန်မာနိုင်ငံ၏ ယူနက်စကို အစီအစဉ်ဖြင့် စေတနာ့ဝန်ထမ်း စာတတ်မြောက်ရေးလှုပ်ရှားမှုကို ၁၉၆၄ ခုနှစ်နှင့် ၁၉၆၅ ခုနှစ် နွေရာသီကာလများတွင် ကံဘဲ့ဆရာအတတ်သင်သိပ္ပံကျောင်းမှ ကျောင်းသားလေးဦး၏ စေတနာလုပ်အားဖြင့် မိတ္ထီလာမြို့နယ် အရှေ့စံပြကျေးရွာတွင် စတင်စမ်းသပ်ဆောင်ရွက်ခဲ့ပါသည်။ ယင်းနောက် လူထုလှုပ်ရှားမှုအသွင်ဖြင့် ၁၉၆၉ ခုနှစ်တွင် စီမံကိန်းမြို့နယ်များကို သတ်မှတ်ပြီး ဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံ စာတတ်မြောက်မှု၏ ထူးခြားချက်အနေဖြင့် နိုင်ငံတော်မှ ဘတ်ဂျက် လုံးဝကျခံခဲ့ခြင်းမရှိခဲ့ပါ။ အကောင်အထည်ဖော်ဆောင်ရွက်သည့် ဒေသများမှ ကျခံသုံးစွဲရပါသည်။ ထို့အပြင် –

(၁) စီမံကိန်းမြို့နယ်ဒေသ ရွေးချယ်သတ်မှတ်ခြင်း ၊

(၂) စေတနာ့ဝန်ထမ်းလုပ်ငန်းဖြစ်ခြင်း၊

(၃) ဒေသခံပြည်သူများနှင့် တစ်နိုင်ငံလုံးရှိ ရဟန်းရှင်လူပြည်သူတို့၏ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်ခြင်း၊

(၄) စီမံကိန်းမြို့နယ်များတွင် နှစ်လုံးပေါက်သင်ကြားရန်အတွက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(၅) လူထုလှုပ်ရှားမှုလုပ်ငန်းအဖြစ် တက်ကြွစွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။

စည်းရုံးလှုပ်ရှားရေးကို နည်းမျိုးစုံဖြင့် ဆောင်ရွက်ခဲ့ကြပါသည်။ ပို့စကတ်များ၊ ရင်ထိုးတံဆိပ်များ၊ အလံငယ်များ၊ ယပ်တောင်၊ လွယ်အိတ်၊ ဦးထုပ်၊ သော့ချိတ်များ စသည်ဖြင့် ပြုလုပ်ကာ ရန်ပုံငွေရှာခဲ့ကြပါသည်။ သင်ကြားရေးအထောက်အကူပစ္စည်းများဖြစ်သည့် မြေဖြူ၊ ကျောက်သင်ပုန်း၊ ကျောက်တံ၊ ဗလာစာအုပ်၊ ဖယောင်းတိုင်၊ မီးအိမ် စသည်တို့ကို ပြည်သူများက လှူဒါန်းခဲ့ကြပါသည်။ ပန်းချီ၊ ပိုစတာ၊ သတင်းစာ၊ ဂျာနယ်၊ လက်ကမ်းစာစောင်၊ သီချင်း၊ သတင်းစဉ်၊ ရုပ်ရှင် (အထင်ရှားဆုံးမှာ ဆရာကြီးဦးသုခ၏ မန္တလေးတိုင်းအတွင်းရှိ ကျောက်ပန်းတောင်းမြို့နယ်ကို အခြေခံထားသည့် **“ဘယ်သူပြိုင်လို့လှပါတော့နိုင်”** ဖြစ်ပါသည်) ရုပ်ရှာ အငြိမ့်ဇာတ် သဘင်၊ ဆိုင်း၊ တီးဝိုင်း စသည်တို့ကို အသုံးပြု၍ စည်းရုံးခဲ့ကြပါသည်။

ထိုစဉ်ကာလ တက္ကသိုလ်၊ ကောလိပ် သိပ္ပံကျောင်းများမှ ကျောင်းသား ကျောင်းသူများကလည်း နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း သက်ဆိုင်ရာ စာတတ်မြောက်ရေး မြို့နယ်များသို့ သွားရောက်လုပ်အားပေးခဲ့ကြရာ ၁၉၆၉ ခုနှစ်မှ ၁၉၈၇ ခုနှစ်အထိ **“စေတနာလုပ်အားပေးဆရာ”** ၈၈၃၉၇၆ ဦး ရှိခဲ့ပေသည်။ သူတို့သည် ပြည်သူနှင့် တစ်သားတည်းနေထိုင်ကာ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးခဲ့သည်။

## ဘတ်ဂျက်မလိုသည့် မြန်မာ့စာတတ်မြောက်ရေး စီမံကိန်း၏ အောင်မြင်မှု

နိုင်ငံတကာ စာတတ်မြောက်ရေး အစီအစဉ်အရ အကောင်အထည်ဖော် ဆောင်ရွက်သည့်ကာလ ၁၉၆၉ ခုနှစ်မှ ၁၉၈၇ ခုနှစ်အထိ သက်ကြီးစာတတ်မြောက်သူဦးရေ ၂၀၀၃၈၄၇ ဦး ရှိခဲ့ပါသည်။ တိုင်း/ပြည်နယ်လုံးကျွတ် စာတတ်မြောက်မှု ခြောက်ခုရှိပြီး မြို့နယ်ပေါင်း ၂၄၇ မြို့နယ်တွင် မြို့နယ်လုံးကျွတ် စာတတ်မြောက်ခဲ့ပေသည်။ ဆရာကြီး ဦးသောင်းထွန်းက ၁၉၈၄ ခုနှစ်တွင် အနောက်ဘာလင်၌ ကျင်းပသည့် စာတတ်မြောက်ရေးညီလာခံသို့ “Burmese Way to Literacy” စာတမ်းကို တင်သွင်းရာ ဘတ်ဂျက်မလိုသည့် စေတနာ့ဝန်ထမ်း လူထုလှုပ်ရှားမှု၊ စာတတ်မြောက်ရေး လှုပ်ရှားမှုကို အထူးအံ့သြခဲ့ကြပါသည်။ ကမ္ဘာကလည်း သိသွားကြပါသည်။

သို့ပါ၍

(က) ၁၉၇၁ ခုနှစ်တွင် **“နိုင်ငံတကာစာတတ်မြောက်ရေးလှုပ်ရှားမှုအတွက် ယူနက်စကိုကချီးမြှင့်သည့် မိုဟာမက်ရေဇာ ပါလဗီရ်ဆု (The Mohammad Reza Pahlavi Prize)”** နှင့်

(ခ) ၁၉၈၃ ခုနှစ်တွင် **“နိုင်ငံတကာ စာတတ်မြောက်ရေး၊ သက်ကြီးဖတ်စာများ၊ စာစဉ်များအတွက် ယူနက်စကိုမှ နိုမာဆိုဆု (Norma Prize)”** တို့ကို ဆွတ်ခူးရရှိခဲ့ပေသည်။

## မြန်မာ့ ဦးသံဖျင်မှသည် ကမ္ဘာတစ်လွှားမှ ယူနီဆက် နိုင်ငံများဆီသို့

မြန်မာနိုင်ငံ၏ စာတတ်မြောက်ရေးလှုပ်ရှားမှုသည် စေတနာ့ဝန်ထမ်း လူထုလှုပ်ရှားမှုတစ်ရပ်အဖြစ် ဆောင်ရွက်ခဲ့သည့်လုပ်ငန်းသည် မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုလုပ်ငန်းလောက်တွင်သာ ရပ်မနေခဲ့ပါ။ ကမ္ဘာတစ်လွှားသို့ ဆက်လက်ချီတက်ခဲ့ပေသည်။ ထိုလုပ်ငန်းအစတွင် ပညာရေးတာဝန်ခံမှာ ဗိုလ်မှူးကြီးလှဟန်ဖြစ်သော်လည်း နောက်ပိုင်းတွင် ရန်ကုန်တက္ကသိုလ် ဘူမိဗေဒပါမောက္ခ ဒေါက်တာညီညီက လွှဲပြောင်းတာဝန်ယူခဲ့သဖြင့် မြန်မာနိုင်ငံ စာတတ်မြောက်ရေးလုပ်ငန်းများတွင် ပါဝင်တာဝန်ယူခဲ့ရပေသည်။

ဆရာကြီး ဒေါက်တာညီညီသည် ပြည်တွင်းတာဝန်ထမ်းဆောင်မှုမှ အငြိမ်းစားယူပြီးနောက် **“ကမ္ဘာ့ကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF)”** တွင် ညွှန်ကြားရေးမှူးအဖြစ် သွားရောက် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ထိုတာဝန်ထမ်းဆောင်နေစဉ်အတွင်း မြန်မာ ဦးသံဖျင်၏ စေတနာ့ဝန်ထမ်းနှင့် လူထုလှုပ်ရှားမှုနည်းလမ်းကို ကမ္ဘာ့ကလေးများရန်ပုံငွေအဖွဲ့တွင် လက်တွေ့အသုံးပြုခဲ့ပါသည်။ တစ်နှစ်အောက်ကလေးများအား ကာကွယ်ဆေးခြောက်မျိုးကို နှစ်စဉ် ဆေးထိုးနှံခြင်းနှင့် တိုက်ကျွေးခြင်းလုပ်ငန်းများကို လူထုလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်ခဲ့ပေသည်။ ထိုသို့ ဆောင်ရွက်မှုကြောင့် ယခင်က တစ်ကမ္ဘာလုံးတွင် တစ်နှစ်အောက်ကလေးများ ၁၅ ရာခိုင်နှုန်းသာ ကာကွယ်ဆေးထိုးနှံခြင်း၊ တိုက်ကျွေးခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ရာမှ ငါးနှစ်အတွင်း တစ်ကမ္ဘာလုံးတွင် တစ်နှစ်အောက်ကလေးများ ၈၀ ရာခိုင်နှုန်းကျော်အထိ တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့သဖြင့် တစ်နှစ်မပြည့်မီ တစ်ကမ္ဘာလုံးတွင် ကလေးများ သန်းနှင့်ချီ၍ သေဆုံးမှုနှုန်း လျော့နည်းလာခဲ့ပါသည်။

ဆရာကြီး ဒေါက်တာညီညီအား ချီးကျူးခဲ့ကြပါသည်။ စာရေးသူ လေ့လာမိသလောက် တင်ပြရလျှင် လူထုလှုပ်ရှားမှုတွင် ကမ္ဘာတစ်ဝန်းလုံးတွင် လုပ်အားခ ပေးချေရခြင်းများ မရှိခဲ့ပါ။ စေတနာ့ဝန်ထမ်းလုပ်ငန်းသည် အခမဲ့ဖြစ်ပါသည်။ ထိုစရိတ်သက်သာမှုကို ယူနီဆက်အနေဖြင့် ဆေးဝါးထုတ်လုပ်ရာတွင် ပိုမိုသုံးစွဲနိုင်ခြင်း၊ လူထုလူတန်းစား အလွှာပေါင်းစုံ (အလုပ်သမား၊ လယ်သမား၊ စာပေ၊ ဂီတ၊ အနုပညာရှင်၊ တီဗွီ၊ သတင်းစာ၊ မီဒီယာသမားများ၊ အာဏာပိုင်အဖွဲ့အစည်းများ၊ စီးပွားရေးသမားများ၊ ဆရာ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများ၊ နိုင်ငံတော်၏ တရားဝင်လက်နက်ကိုင်ကာကွယ်ရေးဝန်ထမ်းများ စသည်ဖြင့်) လှုံ့ဆော်မှု၊ စည်းရုံးမှုတို့ကြောင့် တစ်နှစ်အောက် ကလေးများ၏ မိဘများ ကျန်းမာရေးအသိ မြင့်မားလာကာ မိမိတို့၏ကလေးများ အသက်ရှင်သန်ရေးအတွက် မဖြစ်မနေ ပါဝင်လာခြင်းတို့ကြောင့် ဖြစ်ပေသည်။

## ပညာရေးအဟောသိကံနှုန်းလျှော့ချရေးနှင့် မြန်မာ့စာတတ်မြောက်မှုနည်းလမ်း

စာရေးသူသည် ကြေးမုံသတင်းစာတွင် (၂၂-၂၃.၈.၂၀၂၂) ရက်နေ့တွင် **“ပညာရေး ယိုပေါက်ကို ပြည်သူ့အားဖြင့် ပိတ်ပင်တားဆီးရေး”** ဟူသည့် ဆောင်းပါးရေးသား၍ ပါဝင်သင့်သည့် လူထုလူတန်းစားအသီးသီးကို လှုံ့ဆော်ခဲ့ပါသည်။ ထိုသို့ လှုံ့ဆော်နေရုံဖြင့်လည်း မပြီးသေးပါဟု မြင်မိပါသည်။ အထက်ဖော်ပြပါ အလွန်အောင်မြင်ခဲ့သည့် မြန်မာနိုင်ငံ၏ နိုင်ငံတကာ စာတတ်မြောက်ရေးလှုပ်ရှားမှုကဲ့သို့ စေတနာ့ဝန်ထမ်း လူထုလှုပ်ရှားမှုအသွင်ဖြင့် **“ဘတ်ဂျက်မလို၊ ပြည်သူလူထုပါဝင်မှုသာလိုသည်”** ဆိုသည့် အမြင်ဖြင့် စမ်းသပ်မြို့နယ်များ သတ်မှတ်၍ စတင်အကောင်အထည်ဖော်ဆောင်ရွက်ရမည့်ကာလသို့ ရောက်ရှိနေပြီဟု မြင်မိပါသည်။

နိုင်ငံ၏ ဖွံ့ဖြိုးရေးအတွက် စိတ်အားထက်သန်သည့် ရုပ်ရှင်၊ ဂီတ၊ ဇာတ်သဘင်၊ အနုပညာရှင်ပေါင်းစုံ၊ မီဒီယာ အစုံအလင်၊ စေတနာရှင်ပြည်သူများ၊ လူထုလူတန်းစား အလွှာပေါင်းစုံပါဝင်ခဲ့လျှင် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာတစ်လွှားတွင်လည်း အောင်မြင်ခဲ့သည့် အစဉ်အလာကောင်းကို ဆက်လက်ကျင့်သုံးအကောင်အထည်ဖော် ဆောင်ရွက်သင့်နေပြီဖြစ်ပါသည်။ သို့မှသာ အခြေခံပညာမပြီးဆုံးဘဲ အရွယ်မတိုင်မီ ကျောင်းထွက်ခဲ့ရသည့် ကျောင်းနေအရွယ် ၈၀ ရာခိုင်နှုန်းသည် ကျောင်းပြီးဆုံးသည်အထိ တက်ရောက်နိုင်လိမ့်ကြမည်မှာ မလွဲပါဟု ယုံကြည်မိပါသည်။

## ဂုဏ်ပြုပူဇော်အပ်ပါသည်

ဤသည်မှာ **“ဘတ်ဂျက်မလို၊ ခွင့်ပြုချက်သာလိုသည့် မြန်မာ့စာတတ်မြောက်ရေး ခေတ်သစ်နည်းလမ်း”** သည် မြန်မာများအား **“စာမတတ်လျှင် အကန်းဘဝ”**မှ လွတ်မြောက်စေသည်သာမက တစ်နှစ်အောက် ကမ္ဘာ့ကလေးသူငယ်များ နှစ်စဉ်သန်းနှင့်ချီ၍ သေဆုံးမှုနှုန်း လျော့နည်းလာကာ ကျန်းမာကြံ့ခိုင် သန်စွမ်းစွာဖြင့် အသက်ရှင်ခွင့်၊ ကြီးထွားခွင့်ရလာခဲ့ပေသည်။

မြန်မာ့စာတတ်မြောက်ရေး လုပ်ငန်းစဉ်သည် ယူနက်စကိုနှင့်ပူးပေါင်း၍ ယနေ့တိုင်အောင် ရှင်သန်လှုပ်ရှားနေဆဲဖြစ်သကဲ့သို့ ယူနီဆက်ကလည်း လူထုပူးပေါင်းပါဝင်မှု နည်းလမ်းကို ဆက်လက်အသုံးပြုနေဆဲဖြစ်ပါသည်။

ဤသို့လျှင် **“မြန်မာ့အကန်းများ မရှိစေရန်”** တစ်နည်းအားဖြင့် **“ပညာအလင်းဘဝဖြင့် အသက်ရှင်သူ မြန်မာများ”** ဖြစ်ထွန်းလာအောင် ကြိုးပမ်းခဲ့သည့် ကွယ်လွန်သူ မြန်မာ့ပညာရေးပညာရှင် ဆရာကြီး ဦးသံဖျင်၊ ထိုကာလတွင် ဝိုင်းဝန်းဦးဆောင်ခဲ့ကြသည့် ဗိုလ်မှူးကြီးလှဟန်၊ ယနေ့ သက်တော်ရှည် မြန်မာ့ပညာရေးပညာရှင် ဒေါက်တာသန်းဦး၊ ဆရာကြီး ဦးသောင်းထွန်း (ကွယ်လွန်)၊ မြို့နယ်ပေါင်း ၂၄၇ မြို့နယ်တွင် ပါဝင်လှုပ်ရှား အကောင်အထည်ဖော် ဆောင်ရွက်ပေးကြပါသော စေတနာ့ဝန်ထမ်း တက္ကသိုလ်ကောလိပ်များမှ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ စေတနာရှင် မိဘပြည်သူများ၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဆရာကြီး ဦးသံဖျင်၏ စေတနာ့ဝန်ထမ်း လူထုလှုပ်ရှားမှု နည်းလမ်းကို ဆက်လက်အသုံးပြုပြီး ကမ္ဘာ့ကလေးများ နှစ်စဉ်သန်းနှင့်ချီ၍ သေဆုံးမှုမှ ကင်းဝေးအောင် စွမ်းဆောင်ခဲ့ပြီး **“မြန်မာ့ ဦးသံဖျင်၏ နည်းလမ်း”** ကို ကမ္ဘာသို့ ဖြန့်ဝေပေးခဲ့သည့် ကွယ်လွန်သူ ဆရာကြီး ဒေါက်တာညီညီနှင့် မြန်မာဘုန်းတော်ကြီးသင်ပညာရေးဖြင့် မြန်မာတို့အား စာပေတတ်မြောက်စေရေးနှင့် အခမဲ့ပညာရေးကို ခေတ်သမိုင်း အဆက်ဆက် အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ကြပြီး ယနေ့တိုင်လည်း ဆက်လက်သင်ကြားပေးနေကြပါသော ဗုဒ္ဓဘာသာ ရဟန်းသံဃာတော် အရှင်မြတ်များ၏ ကျေးဇူးဂုဏ်ကို ပူဇော်လျက် ရေးသားလိုက်ရပါသည်။ ။

**ကျမ်းကိုး**

(၁) ဒေါက်တာသန်းဦး (၂၀၁၇) ပညာရေး ဆောင်းပါးပေါင်းချုပ်

(၂) ဦးသောင်းထွန်း (၂၀၁၅) မြန်မာ့ပညာရှုခင်း (ဒုတိယအကြိမ်)

(၃) ဒေါက်တာညီညီ (၂၀၁၅) တက္ကသိုလ် ပြုပြင်ပြောင်းလဲရေး

(၄) Octennaial Report on Education in Burma (1956) Gov. Printing Press

(၅) ဦးဘသင် (၁၉၅၈) ယူနက်စကိုမစ်ရှင်အဖွဲ့၏ ၁၉၅၁ ခုနှစ် အစီရင်ခံစာ၊ အစိုးရပုံနှိပ်တိုက်

# လူကုန်ကူးမှုတိုက်ဖျက်ရေးအထိမ်းအမှတ် ပိုစတာဆိုင်းဘုတ်တင်အခမ်းအနား ကျင်းပ



**ရန်ကုန် စက်တင်ဘာ ၁၅**

အမှတ်(၆)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(ရန်ကုန်)မှ စက်တင်ဘာ ၁၃ ရက်တွင် ကျရောက်သည့် ဒသမအကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် လူကုန်ကူးမှုအသိပညာပေး Bill Board စိုက်ထူခြင်းအခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းမုံရွာလမ်းရှိ ဆိုက်ရောက်/ထွက်ခွာဂိတ်တွင် ပြုလုပ်သည်။

အခမ်းအနားတွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ (နေပြည်တော်)မှ ဒုတိယတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်သက်နိုင်၊ အမှတ်(၂)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ခွဲ (ရန်ကုန်)မှ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီးမင်းခိုင်နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) လက်ထောက်ဌာနမှူး ဦးရန်ငြိမ်းချမ်းတို့က ဒသမအကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ Logo နှင့် ဆောင်ပုဒ် Bill Board စိုက်ထူထားမှုကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး အမှတ်(၆) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (ရန်ကုန်) တပ်ဖွဲ့စုမှူး ရဲမှူးတိုးမြို့ ဦးစီးသည့် တပ်ဖွဲ့ဝင်များ၊ လှိုင်သာယာမြို့နယ် ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အရပ်ဘက်အဖွဲ့အစည်းမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

ကျော်ဆန်းမြင့်

■

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ အောင်လင်း၏ အရိုင်းစံပယ် အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

မော်သည် နှုတ်ခမ်းကလေးစူစူဖြင့် ကျန်လူများကို မိတ်ဆက်ပေးလိုက်သည်။

"ဟောဒါက မိုက်ကယ်ဘအေး"

"ဒါက မစ္စတာရှားမား"

"ဒါက ကိုညွန့်တင်"

"ဒါက စန္ဒရားကိုအောင်နိုင်"

"သူ့တော့ သိမှာပေ့ါ။ ရုပ်ရှင်မင်းသား ကိုမြင့်ဦး"

မော်သည် တစ်ယောက်ပြီး တစ်ယောက်၊ တစ်ယောက်ပြီးတစ်ယောက် ဆက်တိုက် မိတ်ဆက်ပေးလိုက်သည်။ တချို့ကိုမူ ကိုဘခက်နှင့်သာမက မွန်နှင့် 'မ'တို့နှင့်ပါ မိတ်ဆက်၍ပေးလိုက်သည်။ မွန်နှင့် 'မ'တို့သည် မော့်ကို တအံ့တသြကြည့်နေကြသည်။

မော်၏မိတ်ဆွေများကား များလှသည်။ လူလည်း စုံလှသည်။ အမှန်၌လည်း ကနေ့ မော်၏မွေးနေ့ဖြစ်၍ မော်ကိုယ်တိုင် သူ့မိတ်ဆွေများကို ရွေး၍ ဖိတ်ထားခြင်းဖြစ်သည်။ ထိုအထဲတွင် မွန်နှင့် 'မ'တို့ မသိသူ အတော်များများပါလာသည်။

မော်သည် နောက်ဆုံးတစ်ယောက်ကို မိတ်ဆက်ပေးလိုက်သည်။

"သူကတော့ မော်ရဲ့ အရင်းနှီးဆုံးသူငယ်ချင်းပဲ၊ ဘလှသန်းထွန်းလို့လည်းခေါ်တယ်၊ ဂျော်နီလို့လည်းခေါ်တယ်။ ပြီးတော့ ပက်ဘွန်းလို့ခေါ်တယ်"

ကိုဘခက်သည် မော်မိတ်ဆက်ပေးလိုက်သူကို အကဲခတ်၍ ကြည့်လိုက်သည်။ သူဝတ်ထားသော အဝတ်အစားများမှာ ကိုဘခက်၏မျက်စိထဲတွင် တစ်မျိုးဖြစ်နေသည်။

အင်္ကျီမှာ ကြောင်ကြောင်ကျားကျား အကွက်ကြီးများဖြင့် မိန်းမထဘီဆင်ကို ချုပ်ထားသည်နှင့် တူ၏။ ဘောင်းဘီမှာလည်း အသားနှင့်ကပ်နေသဖြင့် ရာမဇာတ်ထဲမှ မျောက်များဝတ်သော စွပ်ကျယ်ဘောင်းဘီနှင့် တူလှသည်။ ရာမဇာတ်ထဲ၌မူ မျောက်ဘဝဖြင့် အသားကပ်ဘောင်းဘီကို ဝတ်ထားခြင်းမှာ ကြည့်၍ ကောင်းသော်လည်း အနီဘလှသန်းထွန်းဆိုသော သတ္တဝါကလေးကား လူစင်စစ်ဖြစ်ပါလျက်နှင့် မျောက်ဘောင်းဘီကို ဝတ်ထားခြင်းမှာ ကိုဘခက်၏မျက်စိထဲတွင် ကန့်လန့်ဖြစ်တော့၏။

ဘလှသန်းထွန်းကား ကိုဘခက်ကို အလျဉ်းဂရုစိုက်ပုံမပေါ်။ ပြုံးဖြီးဖြီးဖြင့်သာ ကြည့်ရင်း နေရာမှထလိုက်သည်။

"ဟဲ ... ဟဲ ကျွန်တော်ကတော့ အဆိုတော် မင်းသားပက်ဘွန်း။ အဲလေ ... ဟုတ်ပေါင်၊ ဟိုက ပက်ဘွန်း၊ ကျွန်တော်က ပဲ့ပွန်း။ ပွတ်ပါများတော့ ပဲ့ပြီးပွန်းနေတဲ့ ဘလှသန်းထွန်းပေ့ါခင်ဗျာ။ မြန်မာထုံးစံမရှိပေမယ့် နောင်ကြီးရဲ့ လက်ကလေးကိုဆွဲပြီး နှုတ်ဆက်ပါရစေ။ အနုပညာသည်လေ ... အဲလေ ယောင်လို့၊ အနုပညာသည်တွေရဲ့ လက်ဆိုတော့ ဘယ်လောက်များနုသလဲလို့ စမ်းကြည့်ချင်လို့ပါ"

ဘလှသန်းထွန်းသည် ပြုံးဖြီးဖြီးဖြင့် ကိုဘခက်အား သူ့လက်ကို ကမ်းပေးလိုက်သည်။ ကိုဘခက်သည် သူ့အား မျက်တောင်မခတ် စိုက်ကြည့်နေသည်။ ဘလှသန်းထွန်းသည် ကိုဘခက်၏လက်ကို လှမ်းဆွဲမည်ပြုလိုက်သည်။ ကိုဘခက်သည် သူ့လက်ကို ဆီး၍ ပုတ်ချလိုက်သည်။

"မလိုပါဘူး၊ ခင်ဗျားသိချင်ရင် မှတ်ထားပေ့ါ။ အနုပညာသည်ရဲ့လက်ဟာ တီးမှုတ်နေတဲ့အခါမှာ မိန်းမလက်ကလေးလို နုနေတတ်ပေမယ့် ရန်သူနဲ့တွေ့တဲ့အခါမှာ သံလက်သီးလိုပဲ မာတတ်တယ်"

မော်သည် ကိုဘခက်အား မျက်စောင်းထိုး၍ ကြည့်နေသည်။ ဘလှသန်းထွန်းကား သူ့ကိုပင် မပြောသလို စပ်ဖြီးဖြီးဖြင့် မော့်ကိုကြည့်နေလိုက်သည်။

မွန်သည် နေရာမှထလိုက်သည်။

"ကဲ ... မော် ... ဟောဒီမှာ ဗစ်တာက မင်းမွေးနေ့အတွက် လက်ဆောင်ပေးမလို့ ကြည့်စမ်း"

မွန်သည် ဗစ်တာ့လက်မှ ကတ္တီပါဘူးကလေးကို ဝမ်းသာအားရ ဖွင့်ကြည့်လိုက်သည်။ မိန်းမဝတ် ရွှေရောင်နာရီကလေးတစ်ခု ဖြစ်နေသည်။

မော်သည် ရွှေနာရီကလေးကို သူ့လက်တွင် ကပ်၍ကြည့်လိုက်ပြီး မျက်နှာကို ရှုံ့လိုက်သည်။

ပုံကြီးကလည်း မကောင်းဘူး။ ရှည်လျားလျားကြီး၊ ဗစ်တာက မော့်ကျတော့ မကောင်းတာဝယ်ပေးတယ် ... မွန့်ကျတော့"

"ဟဲ့ ... မော် ဘာတွေလျှောက်ပြောနေတာလဲ။ နင်မကြိုက်ရင် မဝတ်နဲ့။ ပေးတဲ့လူက စေတနာနဲ့ပေးတာကို ဒီလိုပြောရသလား"

မော်သည် မွန့်ကို ဘာမျှပြန်မပြောဘဲ နာရီဘူးကလေးကို လက်ဆောင်များထည့်သည့် စားပွဲခုံပေါ်သို့ တင်ထားလိုက်သည်။

"ကဲ ... အားလုံးထဲမှ မော်ကြိုက်မယ့် လက်ဆောင်တစ်ခုကိုပေးမယ် လာကြည့်လှည့်"

ဘလှသန်းထွန်းသည် နံကာသေတ္တာတစ်လုံးကို စားပွဲပေါ်တင်၍ ဖွင့်လိုက်သည်။ အထဲမှ ဓာတ်စက်အငယ်တစ်လုံး ဆွဲထုတ်လိုက်သည်။

မော်သည်ဆွေ့ဆွေ့ခုန်မတတ် ဝမ်းသာနေဟန်ရှိသည်။ ဘလှသန်းထွန်းသည် ဓာတ်စက်အတွင်းမှ မီးကြိုးတစ်ခုကို အနီးရှိ ပလပ်ပေါက်နှင့် ဆက်လိုက်သည်။ ပြီးမှ လက်ဖက်ရည်ပန်းကန်ပြားသာသာရှိသော ဓာတ်ပြားများကို ဆွဲထုတ်ပြီးလျှင် သီချင်းကို ရွေးလိုက်သည်။

"ဓာတ်စက်ကလေးက ချစ်စရာကလေးနော်၊ ကလေးကစားစရာလေးကျနေတာပဲ"

"အမယ် .. ဒါ မော့်အတွက် အမေရိကားကယူလာတဲ့လက်ဆောင်။ ဓာတ်စက်ကငယ်ပေမယ့် အစွယ်နဲ့ဗျ၊ အတိုးအကျယ်လုပ်လို့ရတယ်။ အနေးအမြန်လည်း လုပ်လို့ရတယ်။ ကဲ .. နားထောင်"

ရော့ခ်အင်ရိုးသီချင်းသံသည် ဧည့်ခန်းအတွင်း ဆူဆူညံညံထွက်လာသည်။ ဘလှသန်းထွန်းသည် တစ်ကိုယ်လုံး တွန့်လိမ်၍ ကုန်းကော့ကန်ကားဟန်ဖြင့် ကလိုက်သည်။

စောစောကလူသိုက်သည် လှုပ်လှုပ်ရွရွဖြစ်လာသည်။ မော်သည် နေရာတွင် ရပ်၍ကြည့်နေရာမှ ခြေထောက်ကလေးများ လှုပ်၍လာသည်။ နောက် တစ်ကိုယ်လုံးလှုပ်လာသည်။

ဘလှသန်းထွန်းက မော့်လက်ကိုဆွဲ၍ ကလိုက်သည်။ မော်သည် ဘလှသန်းထွန်းနှင့် တွဲ၍ ကနေရာမှ ပရိသတ်ဘက်သို့လှည့်၍ အော်လိုက်လေသည်။

"မော့်မွေးနေ့အတွက် အားလုံးကကြပါ"

ဧည့်ခန်းအလယ်တွင် အတွဲလိုက် အတွဲလိုက် ထွက်လာကြပြီးလျှင် ကကြသည်။ တစ်ယောက်နှင့် တစ်ယောက် ပွေ့တော့မလို ဖက်တော့မလို ကကြသည်။

တစ်ခါတစ်ရံ ရင်ချင်းကပ်သွား၏။ တစ်ခါတစ်ရံ ခြေထောက်ချင်းလိမ်သွား၏။ တစ်ခါတစ်ရံ ကိုယ်ချင်းပင် လိမ်သွားသည်ဟု ထင်လိုက်ရသည်။

ဘေးအတွဲများက ရိုးရိုးပင် ကနေကြသော်လည်း အလယ်မှာကနေသော မော်နှင့် ဘလှသန်းထွန်းတို့မှာ အကဲဆုံးဖြစ်သည်။ ဒေါ်ခင်မျိုးသန့်သည် မော့်ကို ကြည့်၍ ပြုံးနေလိုက်သည်။

ကိုဘခက်ထိုင်သောစားပွဲတွင် ကိုဘခက်၊ မ၊ မွန်နှင့် ဗစ်တာတို့သာ ကျန်ရစ်လေသည်။ ဗစ်တာက မွန့်ကို ကရန်ခေါ်သည်။ မွန်က ခေါင်းခါ၍ ငြင်းလိုက်သည်။

"ဒါတော့ မကချင်ဘူး၊ ရိုးရိုးသီချင်းကျမှပဲ ကမယ်"

ဗစ်တာသည် ဘာမှဆက်မပြောတော့ချေ။ တီးလုံးက တဖြည်းဖြည်း ပို၍ကြွလာသည်၊ ကသူများကား တီးလုံးနှင့်အတူ တဖြည်းဖြည်း ပို၍ရူလာသည်။

ဦးကျော်ဒင်သည် လှေကားထိပ်မှရပ်၍ ကနေသူများကို ပြူးကြောင်ကြောင် ကြည့်လိုက်ပြီး ချက်ချင်းပင် အပေါ်ထပ်သို့ ပြန်တက်သွားလေသည်။

'မ'က ကိုဘခက်ကို အားနာဟန်ဖြင့် ကြည့်လိုက်သည်။

"ဆရာ ... တော်တော်မျက်စိနောက်နေပြီလား"

"ကိစ္စမရှိပါဘူး၊ အထူးအဆန်းတစ်ခုတွေ့ရတာပေ့ါ ။ ကျုပ်စိတ်ထဲမှာတော့ လူရိုင်းတွေနေတဲ့ ကျွန်းတစ်ကျွန်းကိုရောက်နေသလိုပဲ"

ကိုဘခက်သည် ပြောပြောဆိုဆိုပင် စားပွဲမှထ၍ သူ့အခန်းသို့ ဝင်ခဲ့လေသည်။

အပြင်ဘက်တွင်ကား ဆူညံလျက်ရှိလေသည်။ သီချင်းတစ်ပုဒ်ဆုံးလျှင် လက်ခုပ်တီးသံများကို ကြားရသည်။ နောက် ခဏနားကြပြန်သည်။

စကားပြောသံများ တစ်ယောက်တစ်ပေါက် ကြားရသည်။ နောက်သီချင်းသံကြားရသည်။ တစ်ချက်တစ်ချက် သံသေးသံကြောင်ဖြင့် အော်သံများကို ကြားရသည်။

ကိုဘခက်သည် စာကြည့်စားပွဲတွင် ထိုင်၍ စာအုပ်ကို လှန်လိုက်သော်လည်း စာထဲ၌ စိတ်ဝင်စား၍မရပေ။ ဘေးပေါက်ကိုဖွင့်၍ အိမ်ရှေ့ပန်းခြံဘက်ဆီသို့ ထွက်ခဲ့သည်။

ပန်းခြံထဲသို့ ရောက်လာသောအခါ သူ့စိတ်မှာ အလိုလို လန်းဆန်း၍လာသည်။

စောစောကမူ နားလည်းငြီးသည်၊ မျက်စိလည်း နောက်သည်။ အသက်ရှူရလည်းကျပ်သည်။ ယခုမူ နားလည်းအေးရသည်။ မျက်စိလည်း မနောက်တော့ပေ။ အသက်ရှူလည်း မကျပ်တော့ပေ။

ညမွှေးပန်းရနံ့သည် သင်းသင်းကြိုင်လျက်ရှိသည်။ လေပြည်ကလေးသည် ခပ်ညင်းညင်း တိုက်ခတ်လျက်ရှိသည်။ ကောင်းကင်၌ကား မိုးသားများ ကင်းစင်လျက်ရှိသည်။ ကြယ်ကလေးများသည် ကမ္ဗလာအနက်ပေါ်တွင် ဖြန့်ကျဲထားသော စိန်ပွင့်ကလေးများလို တလက်လက် တောက်ပလျက်ရှိသည်။

ကြယ်ရောင်ကလေးများအောက်တွင် ပန်းခြံသို့ သွားသောလမ်းကလေးကို ခပ်ရေးရေးမြင်ရသည်။

ကိုဘခက်သည် ပန်းခြံအတွင်းသို့ တစ်လှမ်းချင်း လျှောက်ခဲ့လေသည်။ စံပယ်ရုံဘေးမှ ထိုင်ခုံကလေး အနားသို့ရောက်သောအခါ သူသည် ထိုင်ခုံပေါ်သို့ အမောပြေ လှဲချလိုက်သည်။ တစ်နေ့လုံး ကျပ်တည်းလာခဲ့သောစိတ်ကို ခုမှ ပြန်၍ လန်းဆန်းစေရသည်။

ကိုဘခက်သည် တန်းလျားပေါ်တွင် လှဲချလိုက်ပြီးလျှင် ကောင်းကင်မှ ကြယ်ကလေးများကို ကြည့်နေမိသည်။

မိုးသားကင်းစင်သော ကောင်းကင်ကိုကြည့်ရင်း သူ့စိတ်မှာ အလိုလို ပေ့ါပါးလာသည်။ ပန်းရနံ့ကလေးများကို ထွေးပိုက်ယူငင်လာသည့် လေအေးကလေးကို ရှူရှိုက်လိုက်ရသဖြင့် ရင်ထဲတွင် အေးမြ၍သွားလေသည်။

ကိုဘခက်သည် မြိုင်ဂန္ဓမာသီချင်းကြီးကို ခပ်တိုးတိုးညည်းလိုက်လေသည်။

ထိုအတွင်းမှာပင် သူ့အနားဆီသို့ရောက်လာသော ခြေသံကို ကြားလိုက်ရသည်။ ကိုဘခက် ခေါင်းကိုငွဲ့၍ကြည့်လိုက်သည်။ မှောင်ရိပ်ကျနေသောနေရာဖြစ်၍ ဘာကိုမျှ မမြင်ရချေ။

"ဆရာလည်း မျက်စိနောက်တာနဲ့ ဒီမှာလာနေတယ်ထင်တယ်"

'မ'သည် ကိုဘခက်ခြေရင်းမှ စံပယ်ရုံရိပ်အောက်တွင် အသာဝင်၍ ထိုင်လိုက်လေသည်။ ကိုဘခက်သည် မသဲမကွဲဖြစ်နေသော 'မ'၏သဏ္ဌာန်ကို ကြည့်၍ သနားသလို ဖြစ်မိတော့သည်။ အမှန်တော့ 'မ'သည် မရှောင်သာသော ပတ်ဝန်းကျင်အတွင်း၌ ရပ်တည်နေရသော်လည်း သူ့ပတ်ဝန်းကျင်ကို သူ ပျော်ပိုက်ဟန်မတူချေ။ သူ့ပတ်ဝန်းကျင်ကို အနည်းနှင့်အများတော့ ငြီးငွေ့ရှာပေမည်။

**ဆက်လက်ဖော်ပြပါမည်။**

> **"ကိုဘခက်သည် စာကြည့်စားပွဲတွင်ထိုင်၍ စာအုပ်ကိုလှန်လိုက်သော်လည်း စာထဲ၌ စိတ်ဝင်စား၍မရပေ။ ဘေးပေါက်ကိုဖွင့်၍ အိမ်ရှေ့ပန်းခြံဘက်ဆီသို့ ထွက်ခဲ့သည်။ ပန်းခြံထဲသို့ရောက်လာသောအခါ သူ့စိတ်မှာ အလိုလိုလန်းဆန်း၍ လာသည်။ စောစောကမူ နားလည်းငြီးသည်၊ မျက်စိလည်းနောက်သည်။ အသက်ရှူရလည်းကျပ်သည်။ ယခုမူ နားလည်းအေးရသည်။ မျက်စိလည်းမနောက်တော့ပေ။ အသက်ရှူလည်းမကျပ်တော့ပေ။ ကိုဘခက်သည် မြိုင်ဂန္ဓမာသီချင်းကြီးကို ခပ်တိုးတိုးညည်းလိုက်လေသည်။ ထိုအတွင်းမှာပင် သူ့အနားဆီသို့ရောက်လာသောခြေသံကို ကြားလိုက်ရသည်။ ကိုဘခက် ခေါင်းကိုငွဲ့၍ကြည့်လိုက် . . ."**

ဆရာအောင်လင်း၏ "အရိုင်းစံပယ်" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြ ခြင်းဖြစ်ပါသည်။ **စာတည်း**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မလိခအိမ်ရာ၊ တိုက်အမှတ်(၅)၊ အခန်းအမှတ်(၃၃)အမည်ပေါက် ဦးဝင်းနိုင်[၁၂/ဆကန(နိုင်)၀၀၁၁၀၃]ထံမှ စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဒေါ်စန်းစန်းလွင်[၁၂/ဗဟန(နိုင်)၀၈၄၅၆၈]က ၎င်းအမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ် ပြုလုပ်ပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ပတ်စ်ပို့ပျောက်

ကျွန်မ မဖူးမြတ်သူ [၁၂/တမန(နိုင်)၁၃၄၅၆၄]၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉- ၅၅၄၄၁၁၂၂၁**

## သွေးသည် အသက်

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၃)၊ မြေကွက်အမှတ်(၁၆၀၂)၊ ဖိုးရာဇာ(၂)လမ်းဟုခေါ်တွင်သော အကျယ်အဝန်း(အလျား‌ပေ၄၀xအနံပေ၆၀)ရှိ ဦးအောင်မြင့်အမည်ပေါက် ပါမစ်မြေကွက်ကြီးအနက်မှ တရားဝင်မခွဲစိတ်ရသေးသော ပါမစ်မိတ္တူ၊ ဖိုးရာဇာလမ်းမဘက်အခြမ်းရှိ ပေ(၁၀x၆၀)အနက် အကျယ်အဝန်း ပေ(၁၅x၂၅)ရှိ (B.D.S နှင့် ကပ်လျက်ဘက်အခြမ်း) ပါမစ်မိတ္တူမြေနှင့် မြေပေါ်ရှိအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိဘများကွယ်လွန်၍ အမွေရပိုင်ဆိုင်သူ သားသမီးများဖြစ်သော ဦးမိုးသူ(ခ) လှိုင်မိုးသူ[၁၂/မရက(နိုင်)၁၂၈၄၄၉]၊ ဒေါ်ညိုညိုထွေး[၁၂/ဒဂမ(နိုင်)၀၂၄၇၈၇]၊ ဒေါ်မြတ်အေးကြွယ်[၁၂/ဒဂမ(နိုင်)၁၂၆၂၅၇]တို့က မိမိပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်းနှင့် ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်းကြောင်း ကတိပြုရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ရောင်းချခွင့်မရှိကြောင်းနှင့် ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများတင်ပြပြီး ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဇင်အေး**
**LL.B, D.B.L, D.I.L, D.I.R**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၃၂)**
**အမှတ်(၁၅၉၅)၊ ဖိုးရာဇာ(၃)လမ်း၊ ၄၃-ရပ်ကွက်၊ မြောက်ဒဂုံ။ ဖုန်း-၀၉-၄၅၁၃၇၈၀၀၇**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၈)၊ မြေကွက်အမှတ်(၉၁)၊ သူရလမ်းဟုခေါ်တွင်သော အကျယ်အဝန်း (၄၀ပေ x ၆၀ပေ)ရှိ (၀.၀၅၅)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေနှင့်မြေပေါ်ရှိ နှစ်ထပ်အုတ်တွဲပျဉ်ထောင်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိအမည်ပေါက် ပိုင်ဆိုင်လက်ဝယ်ထားရှိစဉ် ရောင်းချခွင့်ရှိပြီး ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းရှင်းကြောင်း ကတိပြုသူ ဦးမောင်လတ် [၁၂/မရက(နိုင်)၀၉၇၅၅၄]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ရောင်းချခွင့်မရှိကြောင်းနှင့် ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများတင်ပြပြီး ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဇင်အေး**
**LL.B, D.B.L, D.I.L, D.I.R**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၃၂)**
**အမှတ်(၁၅၉၅)၊ ဖိုးရာဇာ(၃)လမ်း၊ ၄၃-ရပ်ကွက်၊ မြောက်ဒဂုံ။ ဖုန်း-၀၉-၄၅၁၃၇၈၀၀၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၅)ရပ်ကွက်၊ ရွှေရတနာလမ်း၊ အမှတ်-၂၄၁ ၏ ခြေရင်းခြမ်း၊ (အလျား၂၀ပေxအနံ၆၀ ပေ)ရှိ ဦးလှရွှေအမည်ပေါက် ပါမစ်မြေအမျိုးအစားမြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်မြတ်သန္တာမွန်[၁၂/သကတ(နိုင်)၁၆၅၇၄၃] ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုနေ့ရက်ကျော်လွန်ပြီး ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်မြတ်မြတ်သိမ်း(LL.B)** | **ဒေါ်မြင့်မြင့်မော်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၃၇၈)** | **အထက်တန်းရှေ့နေ(စဉ်-၄၉၈၁၂)** |
| **အမှတ်-၄၁၄၊ ကျန်စစ်သားလမ်း၊ (၇)ရပ်ကွက်၊** | **အမှတ်-၁၆၇၈(ခ)၊ နတ်ရှင်နောင်လမ်း၊ (၅၅)ရပ်ကွက်၊** |
| **ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။** | **ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။** |
| **Ph: 09-421155988** | **Ph: 09-450017846** |

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ ရှင်စောပုဘုရားလမ်း၊ အမှတ်-(၃၇)၊ ဒုတိယထပ်၊ (၃)လွှာ(B)၊ (ခြေရင်းခန်း)၊ အကျယ်အဝန်း (အလျား ၁၄.၆ x အနံ ၆၀)ပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချသူ ဦးချင်ကက်ချန်(ခ)ဦးကျော်သန်း [၁၂/တမန(နိုင်)၁၀၄၇၇၄]မှ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင်၍ အရှုပ်အရှင်းကင်းကြောင်း ဝန်ခံသဖြင့် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုးမင်း [၈/ခမန(နိုင်)၀၄၅၉၂၂]၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ဇင်မာနွယ် (LL.B, D.B.L, D.I.L, D.M.L)** | **ဒေါ်စိမ့်စိမ့်အေး(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၃၇၉)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၈၀၃)** |

**The Solution Power Law Firm- အမှတ်(၉၃၆)၊ မြေညီထပ်၊ ရွှေနှင်းဆီ(၂)လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ၆၀၃၇၁၂၉၃၂**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ လှည်းတန်း၊ ထန်းတပင်ကျောင်းလမ်း၊ တိုက်အမှတ်(၂၃)၊ အခန်း(6-A) Shwe Htan Pin Condo ဟုခေါ်တွင်သော ကွန်ဒိုတိုက်ခန်း ရေ+ မီး အစုံနှင့် တွယ်ကပ်တပ်ဆင်ထားသော ပစ္စည်းများနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဆွေဆွေလွင် [၈/မမန(နိုင်)၁၆၇၄၅၄] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးကမ်(ခ) ဒေါ်တင်ညွန့် [၁၂/လသန(နိုင်) ၀၁၃၈၆၄]မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက သက်ဆိုင်သည့် စာရွက်စာတမ်း၊ စာချုပ်စာတမ်း(မူရင်း)များဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အပြီးအပိုင်အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးကမ်(ခ) ဒေါ်တင်ညွန့် [၁၂/လသန(နိုင်) ၀၁၃၈၆၄]၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သန်းသန်းစိုး**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၈၉၈) (၄-၁၂-၁၉၈၄)**
**တိုက်-၉/၁၁၊ ပထပ်(စီ)၊ ၃၆-လမ်းအောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**Ph:09-73021827, 09- 250022892, 09- 443021827**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်း(မြောက်)ရပ်ကွက်၊ စမ်းချောင်းလမ်း၊ အမှတ်(၂၀)(၃လွှာ B)ဟုခေါ်တွင်သော တိုက်ခန်းကို ဒေါ်ပြုံးပြုံးကြည် [၁၂/မဂဒ(နိုင်)၀၂၅၀၈၂]က တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောကြားလာသောကြောင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချိုချိုတင့် [၈/စလန(နိုင်)၀၇၀၄၁၈]က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းရောင်း/ဝယ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော မူရင်းစာရွက်စာတမ်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤတိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဦးနိုင်ဝင်း(LL.B)(အထက်တန်းရှေ့နေ)(စဉ်-၅၀၀၉၈)**
**အမှတ်(၂၄)(၆ လွှာ)၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်။**
**ဖုန်း-၀၉-၂၆၀၆၁၀၁၃၃**

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၄)၊ သရဖူ(၁)လမ်း၊ မြေကွက်အမှတ်(၉၄၅/ခ)၊ အကျယ်အဝန်း (၂၀ပေ x ၆၀ပေ)ရှိ ဒေါ်မြထွေးအမည်ပေါက် ပါမစ်မြေကွက်၏ တရားဝင် မခွဲစိတ်ရသေးသော ခြေရင်းခြမ်း(၁၀ပေx၆၀ပေ) အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ဦးအောင်သူဖြိုး[၁၂/ဒဂတ(နိုင်)၀၈၉၇၃၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးတင်ကိုဦး [၁၂/ခရန(နိုင်)၁၀၇၁၇၇]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသူရဝင်း (B.A, B.Sc (Hons), DBL (Credit), PGDL, LLB(Q), LLM (1st year) (Commercial Law), (WIPO) (Switzerland)**
**အထက်တန်းရှေ့နေ(စဉ်-၄၉၄၂၅)**
**အမှတ်(၂၇)၊ အောင်သပြေအရှေ့(၁)လမ်း၊ ၇ (အရှေ့)ရပ်ကွက်၊ သာကေတမြို့နယ်။ ဖုန်း-၀၉- ၄၂၁၀၁၈၄၆၅၊ ၀၉- ၇၇၇၇၇၉၄၀၉**

## ရေသန့်ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ ပုညဝတ္တနလမ်း၊ အမှတ်(၂၉) ဇလွှာနေ ဒေါ်နန်းခမ်းလီ[၁၃/တခလ(နိုင်)၀၉၉၀၈၇]သည် အောက်တွင်ဖော်ပြထားသော အမှတ်တံဆိပ်အား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းထားသည့် အမှတ်တံဆိပ်ပိုင်ရှင်ဖြစ်ပါသည်-

PAN WINE

**စာချုပ်အမှတ်(၄ပို/ ၂၈၀၅၂/၂၀၁၉)**

အထက်ဖော်ပြပါ "PAN WINE" "ပန်ဝိုင်" ဟူသော ရေသန့် ကုန်အမှတ်တံဆိပ်အမှတ်အသားကို သောက်ရေသန့် ထုတ်လုပ်ဖြန့်ဖြူးရောင်းဝယ်ရေးလုပ်ငန်းတွင် အသုံးပြုမည့်အပြင် လုပ်ငန်း၏ ဆိုင်းဘုတ်၊ ဘလောက်၊ တီဗွီ၊ မဂ္ဂဇင်း၊ စာစောင်၊ ကြော်ငြာ၊ သတင်းစာကြော်ငြာ၊ လက်ကမ်းကြော်ငြာ၊ ငွေပြေစာဖြတ်ပိုင်း၊ တံဆိပ်တုံး၊ ဗီနိုင်း၊ Letter Head, Internet, Website, Facebook အစရှိသည်တို့နှင့် ခေတ်နှင့်အညီ ပေါ်ပေါက်လာသည့်နည်းပညာတို့တွင်လည်း အသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါကုန်အမှတ်တံဆိပ် အမည်အမှတ်အသားနှင့် စာလုံးဒီဇိုင်းပုံတံဆိပ်များ၏ အမှတ်အသားများ၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား၊ တုပသုံးစွဲခြင်း၊ ဖြန့်ဖြူးထုတ်လုပ်ခြင်း မပြုကြရန်နှင့် အကယ်၍ ထိုသို့ပြုလုပ်ပါက တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်နန်းခမ်းလီ[၁၃/တခလ (နိုင်) ၀၉၉၀၈၇]၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသူရဝင်း(B.A, B.Sc(Hons), DBL(Credit), PGDL, Online LL.B(Q), LLM(1st year) (Commercial Law), (WIPO) (Switzerland) အထက်တန်းရှေ့နေ(စဉ်-၄၉၄၂၅)**
**အမှတ်(၂၇)၊ အောင်သပြေအရှေ့(၁)လမ်း၊၇(အရှေ့)၊သာကေတမြို့နယ်။**
**ဖုန်း-၀၉-၄၂၁၀၁၈၄၆၅၊ ၀၉-၇၇၇၇၇၉၄၀၉**

## "ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန် ကြေညာခြင်း"

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွှန့်ရပ်ကွက်၊ စိတ္တသုခလမ်း၊ မြေကွက်အမှတ်(၇၇) ဟုခေါ်တွင်သော မြေကွက်တွင် AKT Group ဆောက်လုပ်ရေးမှ (၂)ခန်းတွဲ (၆)ထပ်တိုက် ဆောက်လုပ်ရာတွင် AKT Group ဆောက်လုပ်ရေး ပိုင်ရှင်ဖြစ်သူ ဦးအေးမောင် [၁၂/မဂဒ(နိုင်)၁၁၃၂၅၆]ထံမှ ခြေရင်းဘက်အပေါ်ဆုံးထပ် (၆-လွှာ)၊ အလျား (၁၂)ပေ x အနံ (၅၀)ပေအကျယ်ရှိ ဆောက်လုပ်ဆဲ တိုက်ခန်းအား ကျွန်ုပ်မိတ်ဆွေဖြစ်သူက ကြိုပွဲဝိုင့်အဖြစ် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပြီးနောက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို သတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့် အထောက်အထားမူရင်းများ ယူဆောင်၍ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူလုံးဝမရှိခဲ့ပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန်းထိုက်စိုး (LL.B, D.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၂၃၀၁၁)**
**ရုံး- အမှတ်(၈၃/၁၂)၊ ဒု-ထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**အိမ်- အမှတ်(၁၀၄၃)၊ ဣန္ဒာ(၉)လမ်း၊ (၄)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ၄၂၀၀၅၆၈၆၅၊ ၀၉- ၇၉၉၃၀၈၀၅၃**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ စာဂ(၁၉)လမ်း၊ မြေကွက်အမှတ်(၇၅၆)၊မြေအကျယ်အဝန်း(၄၀ပေ×၆၀ပေ)ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော(၂)ခန်းတွဲ၊ (၆ထပ်)တိုက်အဆောက်အဦး၏(တတိယထပ်)၊ (၄)လွှာ၊ (ခြေရင်းခြမ်း/B)၊ အကျယ်အဝန်း(၁၈ပေ×၅၄ပေ)၊ အမြင့်(၉ပေ)ရှိ တိုက်ခန်း (၁)ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကန်ထရိုက်တာ **ဦးဝင်းဇော်အောင်**(MGN-၁၈၃၃၆၉)ပိုင်ဆိုင်ခွင့်ရှိသည့် တိုက်ခန်းအား ကန်ထရိုက်တာ **ဦးဝင်းဇော်အောင်**မှာ ကွယ်လွန်သွားပြီဖြစ်သဖြင့် ၎င်း၏တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်သူ **ဒေါ်သီတာကျော်**(၇/ရတရ(နိုင်)၀၁၉၂၂၈)မှ အမွေဆက်ခံပိုင်ဆိုင်လာခဲ့ပြီး မိမိတစ်ဦးတည်းသာလျှင် လက်ရှိလက်ဝယ်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ**ဒေါ်သင်းသင်းဝေ(၁၂/အစန(နိုင်)၀၀၀၀ရရ)**မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့် နေ့မှစ၍ (၁၄)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ယင်းနေ့ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မေဇင်ဦး(LL.B)၊ စဉ်-(၃၉၅၈၁)**
**အထက်တန်းရှေ့နေ**
**အမှတ်(၅ရရ)၊ သဒ္ဒါလမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-ရရ၆၈ရ၁၂၂၀၊ ၀၉-၄၂၀၀၃၅၂၅၈**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ လသာမြို့နယ်၊ အမှတ်(၄) ရပ်ကွက်၊ (၂၁)လမ်း၊ (၄)လွှာ၊ အမှတ်(၁၁၈)၊ တိုက်ခန်းအကျယ်အဝန်း (၂၅)ပေx(၅၀)ပေရှိသော တိုက်ခန်းကို လက်ရှိထားစီမံခန့်ခွဲလျက်ရှိသူ ဒေါ်မေရီစိုး [၁၂/လမတ(နိုင်)၀၀၂၁၅၆] (ဘ) ဦးစိုးဝင်းနှင့် ဒေါ်ဂိုး(လ်) [၁၂/လမတ(နိုင်)၀၂၈၄၁၁] (ဘ) (ဦးတန်စူးကွမ်း(ခ) စံထွန်း)တို့ထံမှ ကျွန်ုပ်၏အမှုသည်က ၎င်းတိုက်ခန်းကို အပြီးအပြတ်ဝယ်ယူရန် သဘောတူညီကြသည့်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်ကြောင်း စာချုပ်စာတမ်း၊ စာရွက်စာတမ်း အထောက်အထားမူရင်းများ ခိုင်လုံစွာဖြင့် (၁၄)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ၎င်းတိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

ဒေါ်စန်းစန်းအေး(ခ) လေတွမ် [၇/ကတခ(နိုင်)၀၇၆၃၄၉]၏ လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးမင်းထွေး (LLB)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၁၃၈)**
**အမှတ်(၁၀၁၈)၊ သီရိကွန်ဒို၊ ပြည်လမ်းနှင့် တော်ဝင်လမ်းထောင့်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ၄၂၁၀၉၄၇၁၂**

## ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ (၄)လမ်း၊ အမှတ်(၇၀၅)၊ မြေညီထပ်(ခေါင်းရင်းခန်း)တိုက်ခန်းနှင့်ပတ်သက်၍ အရောင်းအဝယ် ပြုလုပ်ခြင်းကို ကန့်ကွက်ရန် ရှိ/မရှိ အများသိစေရန် ကြေညာခြင်း

အထက်လိပ်စာပါ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ကွယ်လွန်သူ **ဦးမူနီယမ်ဒီး** ၏ အမွေဆက်ခံပိုင်ခွင့်ရှိသူ ၎င်း၏ဇနီး ဒေါ်မာလာ[၁၂/ကမတ(နိုင်)၀၉၁၂၆၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် (၁၃-၉-၂၀၂၂) ရက်နေ့က တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ယင်းတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်ယဉ်ထွန်း(LL.B, D.B.L, D.I.L)**
**WIPO-General Course On Intellectual Property(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၆၀၇)**
**အမှတ်(၄၇/၅၅)၊ နဂါးရုံဘုရားလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၃၁၄၈၁၉၀၊ ၀၉-၆၉၅၁၄၈၁၉၀**

## တရားလွှတ်တော်ရှေ့နေ ဒေါ်မိတင်ဇာလင်း (စဉ်-၁၀၇၅၈)၏ (၁၀-၈-၂၀၂၂)ရက် ကြေးမုံသတင်းစာကြော်ငြာချက်အား ပြန်လည်ကန့်ကွက်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ဦးချစ်မောင်လမ်း၊ အမှတ်(၁၈)တွင် နေထိုင်ကြသူများဖြစ်သော ဦးအောင်အောင်[၁၂/လမန(နိုင်)၁၂၂၃၇၆]၊ ဦးဖြိုးမြတ်သူ [၁၂/လမန(ပြု)၀၀၀၅၈၆]၊ ဦးမင်းသိန်းထွန်း [၁၂/လမန(နိုင်)၁၂၄၆၇၇]ကိုင်ဆောင်သူများ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ကန့်ကွက်ပါသည်-

တရားလွှတ်တော်ရှေ့နေ ဒေါ်မိတင်ဇာလင်း၏ (၁၀-၈-၂၀၂၂) ရက် ကြေးမုံသတင်းစာ ကြေညာချက်တွင် ကျွန်ုပ်၏မိတ်ဆွေဟုသာ ဖော်ပြထားသဖြင့် တရားလွှတ်တော်ရှေ့နေ ဒေါ်မိတင်ဇာလင်း၏ ကြော်ငြာချက်အပေါ် ပြန်လည်ကန့်ကွက်ရခြင်းဖြစ်ပါသည်။

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ဘုရားလမ်း၊ အမှတ်(၅၃/A) ဟုခေါ်တွင်သော လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်၊ ၂၀/ခ၊ မြေကွက်အမှတ်(၃၃)၊ မြေအမျိုးအစား အေရှာမြေ (၃/ကရပြီး) ဧရိယာ၊ ၀.၀၅၈ ဧကရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အားလုံးကို ယင်းပိုင်ရှင်အမည်ပေါက်ဖြစ်သော ဦးထွန်းနု(ခ)ဦးနုပါ (၄)ဦးမှ ကန်ထရိုက်တိုက် (၃)ခန်းတွဲ (၆)ထပ်တိုက် ဆောက်လုပ်ရန် ကံထူးသာဆောက်လုပ်ရေးမှ ကန်ထရိုက်တာ ဒေါ်ခင်သီတာဝင်း [၁၂/ဥကမ(နိုင်)၂၁၀၃၀၆]နှင့် (၁၄-၇-၂၀၁၄) ရက်နေ့တွင် နှစ်ဦးနှစ်ဖက် ကန်ထရိုက်ဆောက်လုပ်ရန် သဘောတူစာချုပ် ချုပ်ဆိုခဲ့ကြပါသည်။

အဆိုပါ ကန်ထရိုက်ဆောက်လုပ်ရန် စာချုပ်ချုပ်ဆိုကြသဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ (၁၆-၉-၂၀၁၆) အဆောက်အအုံဟောင်းအား ဖျက်သိမ်းခွင့်ပြုအမိန့် ကျလာခဲ့ပါသည်။

ကျွန်ုပ်၏အမှုသည် ဦးအောင်အောင် ပါ (၃)ဦးမှ ယင်းကန်ထရိုက်တိုက် ၃ခန်းတွဲ (၆)ထပ်တိုက်နှင့်ပတ်သက်ပြီး ကြိုပွဲဝိုင့်စနစ်ဖြင့် စရန်ပေးစာချုပ်များကို ကန်ထရိုက် ဒေါ်ခင်သီတာဝင်းထံမှ ဝယ်ယူခဲ့ကြပါသည်။

(၁) ဦးအောင်အောင်မှ ကန်ထရိုက်တာ ဒေါ်ခင်သီတာဝင်းနှင့် (၂၃-၇-၂၀၁၄)ရက်နေ့က-ဒု-ထပ်(ညာဘက်)အခန်းကို စရန်ငွေကျပ်သိန်း(၅၀)ကိုလည်းကောင်း၊ (၂) ဦးဖြိုးမြတ်သူမှ (၂၄-၇-၂၀၁၄)ရက်နေ့က တ-ထပ် (ညာဘက်)အခန်းကို စရန်ငွေကျပ်သိန်း(၅၀)ကိုလည်းကောင်း၊ (၃) ဦးမင်းသိန်းထွန်း (ကွယ်လွန်သူ ဒေါ်သန်းမြင့်၏သား) နှင့် (၁၂-၈-၂၀၁၄) ရက်က မြေညီထပ် (၂)ခန်းကို စရန်ငွေကျပ် သိန်း(၂၃၀)ဖြင့်လည်းကောင်း အသီးသီးဝယ်ယူခဲ့ကြောင်း စာချုပ်စာတမ်းများ လက်ဝယ်တွင်ရှိပါသည်။ ကျွန်ုပ်၏အမှုသည်တို့မှ ကျန်ငွေများကို ဆက်လက်ပေးရန် ဆန္ဒရှိသော်လည်း အဆိုပါတိုက်ခန်းအား မြေရှင်နှင့်ကန်ထရိုက်တာတို့မှ ဆက်လက်မဆောက်လုပ်ဘဲ အချိန်ကြာမြင့်စွာဆွဲထားပြီး ယခု တရားလွှတ်တော်ရှေ့နေ ဒေါ်မိတင်ဇာလင်းမှ ယင်းမြေကွက်အား အမည်မဖော်သောမိတ်ဆွေမှ ဝယ်ယူမည်ဟု ကြေညာချက်အား တရားမဝင်ကြောင်းနှင့် အပြင်းအထန် ကန့်ကွက်ပါကြောင်း ကျွန်ုပ်၏အမှုသည်များမှ ကျပ်သိန်းပေါင်းများစွာ ဆုံးရှုံးနစ်နာနေပါသည်။ ယခုအခါ ဒေါ်မိတင်ဇာလင်းတို့မှ မြေကွက်အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဆိုပါက တည်ဆဲဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ကန့်ကွက် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်အောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၁၀၈/၂၀၂၂)**
**အမှတ် (၇၅)၊ မာလာမြိုင်(၂)လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်။**

**အားကစားနှင့်ပတ်သက်၍ ချက်ချင်းထလုပ်၍ ရသည့်လုပ်ငန်းမဟုတ်သည့်အတွက် အချိန်ယူလေ့ကျင့်မွေးထုတ်သွားရန်လို၊ ပြည်သူလူထုကျန်းမာရေးအတွက် အလွယ်ကူဆုံးအားကစားမှာ လမ်းလျှောက်ခြင်း၊ ပြေးခြင်း၊ ကိုယ်လက်လှုပ်ရှားခြင်းတို့ရှိ၊ ကျန်းမာမှ ပညာရေး၊ စီးပွားရေးနှင့် အခြားကိစ္စရပ်များကို ဆောင်ရွက်နိုင်မည်ဖြစ်။ ဒေသအလိုက် အားကစားကွင်းများတည်ဆောက်ရာတွင် ရေရှည်မြော်တွေး ဆောင်ရွက်ကြရမည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၂ ခုနှစ် ဩဂုတ် ၈ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**
(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး


**ယနေ့ ဖတ်စရာ**

**ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေး ပူးပေါင်းပါဝင် ဆောင်ရွက်မနေး**
ဆောင်းပါး စာမျက်နှာ » ၁၀

**တောင်ကိုရီးယားအစိုးရက Google နှင့် Meta ကုမ္ပဏီတို့အား ကိုယ်ရေးကိုယ်တာ ဥပဒေချိုးဖောက်မှုအပေါ် ဝမ် ဘီလီယံ ၁၀၀ ခန့် ဒဏ်ငွေရိုက်**
စာမျက်နှာ » ၁၃

**ပခုက္ကူမြို့နယ် ကန်တော်ကျေးရွာ ပစ္ဆိမာရုံဘုန်းကြီးကျောင်းမှ ကျောင်းထိုင်ဆရာတော် ဦးတေဇောဘာသအား PDF အမည်ခံ အကြမ်းဖက်သမားများက သေနတ်ဖြင့် ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်၍ ဘုန်းကြီးကျောင်းပိုင် ယာဉ်တစ်စီး လုယက်ယူဆောင်**
စာမျက်နှာ » ၁၅

**မြန်မာ့စာတတ်မြောက်မှု နည်းလမ်းမှသည် ကမ္ဘာ့ကလေးများ အသက်ရှင်ရေးဆီသို့ ......**
စာမျက်နှာ » ၁၈


# ယခုဘဏ္ဍာနှစ်တွင် လယ်ယာသုံးစက်ကိရိယာပစ္စည်းများ ဝယ်ယူအသုံးပြုနိုင်ရန် ငွေကျပ်သန်း ၁၈၀၀ ထုတ်ချေးပေးမည်


**မန္တလေး စက်တင်ဘာ ၁၅**

ယခုဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ် ၂၃ မြို့နယ်ရှိ တောင်သူများအား JICA (Two Step Loan)ချေးငွေဖြင့် လယ်ယာသုံးစက်ကိရိယာပစ္စည်းများ ဝယ်ယူအသုံးပြုနိုင်ရန်ငွေကျပ် သန်း ၁၈၀၀ လျာထားပြီး ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ တိုင်းဒေသကြီးမန်နေဂျာ ဦးစိုးကိုကိုဝင်းကပြောသည်။

**ထုတ်ချေးပေးသွားမည်**

တိုင်းဒေသကြီးအတွင်း မြို့နယ်များရှိတောင်သူများကို လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ အသွင်ကူးပြောင်းလာနိုင်ရန်အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့်JICA တို့ပူးပေါင်းပြီးတောင်သူများ၏ လုပ်ငန်းခွင်များတွင် လျင်မြန်ချောမွေ့ကာ လုပ်ငန်းများ တွင်ကျယ်လာစေရန်အတွက် လယ်ယာသုံးစက်ကိရိယာပစ္စည်းများဖြစ်သော ထွန်စက်ကြီး၊ ထော်လာဂျီ၊ ရိပ်သိမ်းခြွေလှေ့စက်နှင့် အခြားလယ်ယာသုံးစက်ကိရိယာများကို တောင်သူများလိုအပ်ချက်ရှိသည့် စက်အမျိုးအစားအလိုက်ဝယ်ယူအသုံးပြုနိုင်ရန် **စာမျက်နှာ ၂၁ ကော်လံ ၁ သို့ ❍**





ရီးယဲလ်မက်ဒရစ်အသင်းကစားသမားများကို တွေ့ရစဉ်။

# လက်ရှိချန်ပီယံ ရီးယဲလ်မက်ဒရစ်အသင်းနှင့် မန်စီးတီးအသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့

ချန်ပီယံလိဂ်အုပ်စုအဆင့်ပွဲစဉ်(၂) ဒုတိယနေ့အဖြစ် စက်တင်ဘာ ၁၅ ရက်က ယှဉ်ပြိုင်ကစားခဲ့တဲ့ ပွဲစဉ်တွေထဲမှာ လက်ရှိချန်ပီယံလိဂ်ချန်ပီယံ ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ပရီမီယာလိဂ်ချန်ပီယံမန်စီးတီးအသင်းတို့ဟာ နောက်ကျသွင်းဂိုးတွေနဲ့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းက လိုက်ပ်ဇစ်အသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပြီး ရီးယဲလ်မက်ဒရစ်အသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် မိနစ် ၈၀ မှာ ဗယ်လ်ဗာဒီကတစ်ဂိုးနဲ့ ၉၁ မိနစ်မှာ အဆန်စီယိုကတစ်ဂိုး အသီးသီး သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

**မှတ်တမ်းဝင်ခဲ့**

အခုလိုနိုင်ပွဲရရှိခဲ့တာကြောင့် ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ အန်စလော့တီဟာ ချန်ပီယံလိဂ်ပွဲစဉ်စုစုပေါင်း ၁၀၀ အထိ နိုင်ပွဲရရှိခဲ့တဲ့ ဒုတိယမြောက်နည်းပြအဖြစ် မှတ်တမ်းဝင်ခဲ့ပြီး မန်ယူအသင်းရဲ့ ဂန္ထဝင်နည်းပြဟောင်း ဆာအဲလက်စ်ဖာဂူဆန်က ချန်ပီယံလိဂ်သမိုင်းမှာ နိုင်ပွဲ ၁၀၂ ပွဲအထိရယူနိုင်ခဲ့တဲ့ **စာမျက်နှာ ၂၁ ကော်လံ ၁ သို့ ❂**